# Bibliographic Data

**Author** ရီရီ ၊ ဒေါက်တာ  Yi Yi , Dr.  Ri¯ Ri¯ , Dok‘ ta¯  **Art.** YI0002J

**Article Title** ကုန်းဘောင်ခေတ် စစ်တမ်းများ
(Revenue Reports, Konbaung Period)
Kun‘" bon‘ khet‘ cac‘ tan‘" mya¯"

**Title (Book/Serial)** မြန်မာနိုင်ငံ သုတေသန အသင်းဂျာနယ်
Journal of Burma Research Society

**Issue and Volume** Vol. 48, Part 1

**Edition**

**Place/ Publisher**

**Distributor**

**Ed. Date** June. 1966

**Pagination** p. 71 - 127

**Annotation** This paper was read on 29 July 1966 before the Burma Research Society. During the Konbaung Period the monarchy maintained excellent revenue records. These documents offer evidence of Myanmar's history, geography, administration, economic conditions, social life and customs. They also reveal how Konbaung kings governed and administered their country.

**Subject Terms**
1. Revenue reports
2. Myanmar - history - Later Konbaung Period, 1837 - 1885
3. Myanmar - economic conditions - Later Konbaung Period, 1837 - 1885
4. Myanmar - social life and custom

**Key Words**
1. Sittan (Revenue reports)

# ကုန်းဘောင်ခေတ် စစ်တမ်းများ *

ဒေါက်တာရီရီ **

မြန်မာမင်းများလက်ထက် စစ်တမ်းစစ်ချက်များ သိမ်းခံကောက်ယူသည်ကို အားလုံးသိရှိကြပေမည်။ စစ်တမ်းများကို မည်သည့်အချိန်ကစ၍ ကောက်ခံခဲ့သည်ကို တတ်အပ်သေချာ မပြောနိုင်သေးသော်လည်း မင်းကြီးစွာ စော်ကဲလက်ထက်၌ စစ်တမ်းများ ကောက်ခံခဲ့သည်ကို တွေ့ရဘူးသည်။ သို့ရာတွင် စစ်တမ်းများမှာ နှစ်ကာလကြာမြင့်ခြင်းကြောင့် ပျောက်ဆုံးခဲ့လေပြီ။ ယင်းတို့ထက်ပင် အနှစ် နှစ်ရာခန့် နောက်ကျသည့် ညောင်ရမ်းခေတ် စစ်တမ်းများပင်လျှင် တိမ်မြုပ်လျက် ယခုအခါ မတွေ့ရတော့ပေ။ ကျန်ရှိနေသေးသည့် စစ်တမ်းများမှာ များသောအားဖြင့် ၁၁၂၆ ခု၊ ၁၁၂၇ ခု အဝဆင်ဖြူရှင်လက်ထက် ကောက်ခံသည့် စစ်တမ်းများနှင့် အမရပူရမြို့တည် နန်းတည် ဗဒုံမင်းလက်ထက် ၁၁၄၅ ခု၊ ၁၁၄၆ ခု ၁၁၆၄ ခုနှစ်များတွင် စစ်သိမ်းသည့် စစ်တမ်းများသာ ဖြစ်ပါသည်။ သို့ပါသော်လည်း ကုန်းဘောင်မင်းဆက်တွင် အလောင်းမင်းတရားကြီးမှတပါး အခြားမင်းများ စစ်တမ်း စစ်ချက်များ ယူခဲ့ကြောင်းကို ပုဂံဝန်ထောက် ဦးတင်သည် **မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း** တွင် ဖော်ပြထား၏။[1] စစ်တမ်းများ ကောက်ခံရသည့် အကြောင်းမှာ နယ်မြေအပိုင်းအခြားကိစ္စ၊ ရိုးရာမှု၊ အခွန် အကောက်နှင့် ဆိုင်သည့် အရာများ၊ သာသနာ မြေများနှင့် စပ်လျဉ်းသည့် အရေး၊ ထုံးတမ်းစဉ်လာ ထမ်းရိုးရှက်ရိုးများကို သိရှိရန် ဖြစ်ပါသည်။

စစ်တမ်းများတွင်ပါဝင်တတ်သည့်အကြောင်းအရာတို့ကား နယ်မြေသမိုင်း၊ အုပ်ချုပ်သူတို့ မျိုးရိုး၊ ၎င်းတို့၏ တာဝန်ဝတ္တရားများ၊ အုပ်ချုပ်သည့် နယ်မြေအပိုင်းအခြား၊ နယ်တွင်းရှိ မြေအမျိုးမျိုး၊ ကောက်ခံသည့် အခွန်အကောက် အဖုံဖုံ၊ အရှင်မရှိကျွဲနွားများကို စီရင်ပုံ၊ ရပ်ရွာတွင် ကျွဲနွားသေလျှင် မည်ကဲ့သို့ ခွဲဝေ စားသောက်ပုံ၊ စစ်လက်နက်ကိုင် ဆိုင်သူရင်း မင်းမှုမင်းခင်း၊ ခိုးသေးမီးပွားများကို စီရင်ပုံ၊ ရွာစား မြို့စားများကို ရပ်သူရွာသားတို့က ပေးရသည့် လက်ဆောင်နှင့် လုပ်အား၊ ဘုရင်မင်းမြတ်အား ဥကင်တော်ကြီး ဖွင့်သောအခါနှင့် နှစ်စဉ် ဝါကျွတ်ကန်တော့ ဆက်ရသည့် လက်ဆောင်များ အကြောင်း၊ မြို့ရွာအကြီးအအုပ်တို့ ဘုရင်မင်းမြတ် ထံမှ ရရှိသည့် အဆောင်အရွက် အစီးအနင်း၊ အသုဘတွင် သုံးခွင့်ရှိသည့် အခမ်းအနား စသည်ဖြင့် ပါရှိသည်။ တွေ့ရှိဖတ်ကြား မှတ်သားလေ့လာထားသည့် စစ်တမ်းမှ အကြောင်းအရာစုံကို ဤစာတမ်းငယ်တွင် ကုန်စင်အောင် တင်ပြနိုင်မည် မဟုတ်ကြောင်း ပညာရှင် အပေါင်းအား ကြိုတင်တောင်းပန်အပ်ပါသည်။

---

* ၁၉၆၆ ခု ဂျူလိုင်လ ၂၉ ရက် မြန်မာနိုင်ငံသုတေသနအသင်း အစည်းအဝေးတွင် ဖတ်သည်။ သဘာပတိ ဦးဝန်။

** ကျမ်းပြုအရာရှိ၊ မြန်မာနိုင်ငံသမိုင်းကော်မရှင်။

၁။ အတွဲ ၂ (၆၅ ခု) စာမျက်နှာ ၁၀၇

နယ်မြေသမိုင်း၊ မြို့၏ အတိုင်းအတာ၊ တံခါး အရေအတွက်၊ မြို့ဝန်မြို့စား အဆက်ဆက်စသဖြင့် အချို့စစ်တမ်းတွင်သာ တွေ့ရှိရပေသည်။ ဥပမာ ဟံသာဝတီ ၁၁၄၆ ခု စစ်တမ်း၌ ဟံသာဝတီ ရာဇဝင်ကို မြတ်စွာဘုရားသည် ဟသ်ာပပ္ပတ တောင်ထိပ်မှ ပူဇော်လျက်ရှိသော ဟသ်ာညီနောင် အား ဗျာဒိတ်ပေးသည်မှ အစချီ၍ ဆက်လက် ဆိုပြန်သည်ကား—

> သက္ကရာဇ် ၅၁၇ ခုနှစ်တွင် သမလမင်းမှစ၍ မြို့တည်ထောင် ပြုစုသည်။ ဟံသာဝတီမြို့ သမုတ်၍ ထိုမင်းလက်ထက် ပြုစုသည့်မြို့ကား ကျောက်မော်မြို့၊ ဒုံးဇရစ်မြို့၊ ကြည်းကူးမြို့၊ အမ်းမြို့၊ ပေါင်း၄ မြို့။ ဝိမလမင်း လက်ဆက် စစ်တောင်းမြို့၊ ဒင်းမဲမြို့၊ ဇွဲသဖုံမြို့၊ အသားမြို့၊ ပေါင်း ၄ မြို့။ မဟိမုကမဟိန်သ ရာဇာမင်း လက်ထက် မော်လုံမြို့၊ လကွန်ဗျည်းမြို့၊ ပေါင်း ၂ မြို့။ ပုဏ္ဏရိကမင်းလက်ထက် ဘုမ္မာနဂိုမြို့၊ မော်ပီမြို့၊ ရမ္မာဝတီမြို့၊ လိုင်မြို့၊ ပေါင်း၄မြို့။ တိဿရာဇာမင်း လက်ထက် ပေါင်းလင်းမြို့၊ ပေါင်း ၁ မြို့။ ဗညားဦးလက်ထက် ထန်းတော ကြီးမြို့၊ တီတွတ်မြို့၊ ဇေဠမြို့၊ ဇောင်တူမြို့၊ ဖအိုင်းမြို့၊ ထုံခန်မြို့၊ ရဲနွဲမြို့၊ မေရဥ္စရမြို့၊ တငါ ပေါင်းမြို့၊ မင်းရဲလှမြို့၊ ပေါင်း ၁၀ မြို့။ ရာဇာ ဓိရာဇ်မင်းလက်ထက် ကောလိယမြို့၊ ဗိုင်ဒါးမြို့၊ ပေါင်း ၂ မြို့။ မင်းမိန်းမ ဗညားဒေါက ရှင်စောပု လက်ထက် ပြုစုသည့် မြို့ဝင်ပြုံမြို့၊ ပေါင်း ၁ မြို့။ ဓမ္မစေတီမင်းလက်ထက် ရွှကလပ်မြို့၊ ပေါင်း ၁ မြို့။ သုရှင်တကာရွှတ်ပိမင်း လက်ထက်ကသည် ယခုတိုင် ဟံသာဝတီ ၃၂ မြို့ အရံသမုတ်ပါသည်။

ဟု ဖော်ပြသည့်အပြင် အလောင်းမင်းတရားကြီး သည် ဒဂုံအရပ်၌ သက်ကယ်တဲနန်းနှင့် စံတော် မူသည့်ကာလ အစုအမှုထမ်း ဖွဲ့စည်းကြောင်း ကိုလည်း—

> အသီးအသီး အမှုထမ်း မြို့စောင့်ဖွဲ့ဖက်တော် မူသော အစုံအင်နိသည်ကား ယွန်း ၇ စို၊ အမြောက် ၄ စို၊ သေနတ် ၄ စို၊ သူရဲ ၁၂ တပ်၊ မြင်း ၄ စို၊ ခနက်ပလာဆင် ၃၇ ကြိုး၊ အောက်မား ၉ သင်း၊ မိုင်းမော် ၂စို၊ ကုလား ၂ စို၊ ဝါးရင်းတုဘ် မြင်း ၂ စို၊ အမျိုးစု အကြီးစုရဲလေ့ ၅၁ စင်း၊ လမိုင်း ၂စိုများကို အသီးအသီး ဖွဲ့ဖက်တော်မူသည်။ လုပ်မြေ နေမြေ ချပေးသနားတော်မူ၍ ဟံသာဝတီ မြို့သည် အသံဦးကင်းဖျား စစ်တံခါး လမ်းဝ ဖြစ်၍ ရာဇဝတ် မြဲမြံ လုံခြုံအောင် ခန့်ထား စောင့်နေစေပြီးလျှင် အစုအင်နိသား တို့ကို မြို့ဝန်အဆက်ဆက် ခန့်ထားစီရင်ရာ နာခံ ထမ်းရွက်ကြရသည်။

ဟု တွေ့ရှိရပေသည်။

တောင်ငူမြို့ သမိုင်းအကျဉ်းချုပ်ကို တောင်ငူ မြို့ ၁၁၄၅ ခု စစ်တမ်းတွင် အနည်းငယ် ဖော်ပြ ထားသည်။ အစဉ်အလာ မှတ်သားချက်အရ တောင်ငူမြို့ကို သဝန်ကြီး အမည်ရှိသောမင်းသည် သက္ကရာဇ် ၆၁၃ ခု တန်ဆောင်မုန်းလဆန်း ၇ရက် နေ့တွင် တည်၍ ထိုမင်း၏ အနွယ် ၂၉ ယောက် နန်းစံသည်။ ထို့နောက် မဟာသီရိဇေယျသူရ အမည်ရှိသောမင်းသည် သက္ကရာဇ် ၈၄၅ ခုနှစ်တွင် ခပေါင်းမြစ်ဆုံရာအရပ်၌ ဒွါရာဝတီ အမည်ရှိသော

၁။ **ဟံသာဝတီစစ်တမ်း** (အမျိုးသားစာကြည့်တိုက်၊ ကင်းဝန်မင်းကြီး ပုရပိုက်စုစာရင်း ၄၆၉) နှင့် မသဂ (မြန်မာနိုင်ငံ သုတေသနဂျာနယ်) အတွဲ ၆ စာမျက်နှာ ၂၁၉—၂၂၁

မြို့ကို တည်ထောင်၍ စံတော်မူသည်။ သက္ကရာဇ် ၈၆၄ခု ရောက်လတ်သော် အဝဘုရင် နရပတိသည် မဟာသီရိဇေယျသူရအား မိမိဘထွေးတော် မင်းကြီး သတိုးကျော်သမီး မင်းလှထွဋ်နှင့်စုံဖက်၍ တောင်ငူမြို့ကို အပ်နှင်းတော်မူသည်။ တောင်ငူဘုရင် မဟာသီရိဇေယျသူရသည် သက္ကရာဇ် ၈၇၂ ခုတွင် ကေတုမတီအမည်ရှိသောမြို့ကို တည်ထောင်တော်မူသည်။ ထိုကဲ့သို့ မြို့တည်သည့် အကြောင်းကို တောင်ငူမြို့စစ်တမ်း၌-

သက္ကရာဇ် ၈၇၂ ခု တန်ဆောင်မုန်းလဆန်း ၁၅ ရက် အင်္ဂါနေ့ နေတက် ၂၁ ဘဝါး၊ မိဿလက်၊ မိန်စန်း၊ နက္ခတ် ၂၆ လုံး တပတ်တွင် မဟာသီရိဇေယျသူရ အမည်ရှိသော မြို့တည်မင်း တည်သည်။ ကေတုမတီမြို့ အရှေ့မြောက်ထောင့် မဟာဝန်ကျောင်းတော်နှင့် တပြိုင်နက် စ၍ တည်တော်မူသည်။ အုတ်အလျား သံတောင် တတောင်၊ ဗျက်တမိုက်လေးသစ်၊ စတုရန်းမြို့ခြေ မြေဝင်လေးတောင်၊ မြေပေါ်၌တဆယ့်နှစ်တောင်၊ မြို့ထိပ်အုတ်ပြင်လေးတာ၊ မြို့ရပ်တဆယ့် ခြောက်တောင်။ အရှေ့မျက်နှာ တာ ၁၀၀ လျှင် အုတ်ကုန်ပေါင်း ၄၀၃၂၀၀၊ တာ ၅၀ လျှင် အုတ်ကုန်ပေါင်း ၂၀၁၆၀၀၊ သရွတ်အိုး တလုံးလျှင် အလျား တတောင်၊ အနံ တတောင်၊ အရပ် တတောင်၊ ထိပ်ဝ တတောင်ဖြင့် ပြီးသည်။ သရွတ်အိုး ပေါင်း ရှစ်သိန်း ကိုးသောင်း ငါးထောင် ခုနစ်ရာ။ သူရဲခိုမှာ တတာလျှင် ၃ လုံး၊ ၎င်းက သူရဲခိုပေါင်း ၁၇၀၀၊ ငါးတောင်လျှင် ထန်းတပင် နှစ်စဉ် စိုက်သည်။ ထန်းပင်ပေါင်း ၅၄၀၀။ တံခါး ငါးတံခါး၊ အဝအကျယ် တဆယ့်နှစ်တောင်။ ပြအိုး ၅။ တန်ဆောင် တဆယ်။ မှော်ယွန်း ၂၄။ မြို့ခြေရင်း ဆင်ခြေဘုံး မြေအကျယ် နှစ်တာ၊ ၎င်းက နံ့ကျုံးအကျယ် ၃ တာ၊ ၎င်းကျုံးနှုဖူး တတာ၊ ၎င်းကျုံးမ အကျယ် ၂၅ တာ၊ စောက် ၁၂ တောင်၊ ရေချိန် ခုနစ်တောင်

စသည်ဖြင့် မြို့တည်ပုံကို တမျက်နှာပြီး တမျက်နှာ စုံစုံလင်လင် ဖော်ပြထားသည့်ပြင် မြို့ပတ်ပတ်လည် တည်ထားသည့် သိမ်ဘုရားများကို အမည်နာမ တည်နေရာနှင့်တကွ ပါရှိသည်။[၁]

ယခု ရွှေဘိုခရိုင်တွင် ရှိသည့် ခေါ်သန္တီမြို့ကို သာလွန်မင်းတရား လက်ထက်တွင် တည်ထောင်ကြောင်းကို ခေါ်သန္တီမြို့ ၁၁၂၇ ခု စစ်တမ်းတွင် ပါရှိသည်။[၂] ထိုစဉ်က တည်ထောင်သည့်မြို့မှာ ခံမြို့သဖွယ် ဖြစ်ဟန်တူသည်။ ဖော်ပြပုံမှာ

ခေါ်သန္တီမြို့ကို သက္ကရာဇ် ၉၉၉ ခုတွင် သာလွန်မင်းတရားကြီး လက်ထက် ရှင်သစ္စာဆိုသူကို ကြပ်မလုပ်စေသည်။ မြို့သည် အရှေ့မြောက်ဆောင့်ကသည် အနောက် မြောက်ထောင့်ရောက် တာ ၅၀ ခန့် အရှေ့ မြောက်ထောင့်က သည် တောင်ကို ၂၅ တာခန့်ကွာ မကျည်းပင်တံခါး၊ ၎င်းက သည် အရှေ့တောင်ထောင့်ရှိ တာပေါင်း ၂၅ တာခန့်ရှိပါသည်။ ၎င်းအရှေ့တောင်ထောင့်က သည် အနောက်ကို ၁၅ တာခန့်သာ မြို့တည်စ မိပါသည်။ မြို့တာပေါင်း စတုရန်း ၄ ထောင့်မှာ တာ

---

၁။ တောင်ငူမြို့ ၁၁၄၅ ခု စစ်တမ်း ( ရှေးဟောင်းသုတေသနဌာနစာစု၊ လက်ရေးမူစာအုပ် )

၂။ ခေါ်သန္တီမြို့ စစ်တမ်း ( အမျိုးသားစာကြည့်တိုက် ပေ ၂၂၇၁ )

၂၀၀ ခန့် ရှိပါသည်။ မြို့ကိုလည်း မပြီး မပြေပါ။ မြို့အုတ်ရိုး မြို့ရပ် ၄ တောင်ခန့်သာ ရှိပါသည်။ မြို့အရှေ့ထောင့်တွင် ဓမ္မသောက မင်းတည်သည့် ရွှေမုဋ္ဌောဘုရားသည် မြို့က သည် တာ ၂၀ ကွာ။ ၎င်းမြို့ အရှေ့တာ ၂၀ ကွာတွင်လည်း နတ်ကြီးစင် ရှိပါသည်။[1]

ဟူ၍၎င်း၊ ထိုမြို့တွင် မြင်းမှုထမ်း ဖွဲ့ဖက်၍ထားပုံကို

ကျေးကန်မြင်းကို ၉၉၉ ခု သာလွန် မင်းတရားလက်ထက် လက်ဝဲ ၁၀ စီး လကျာ ၁၀စီး ကွဲပြား၍ သက္ကမတဲတော်တွင် ဖွဲ့တော်မူရာ ကျွန်တော်တို့မြင်းစုသည် လက်ဝဲက ရာဇဝုဒ္ဓ သွေးသောက်ဖွဲ့၍ လိုက်ထမ်းပါရပါသည်။ ဖွဲ့ ရင်းမှာလူမည်မျှကို ကျွန်တော်တို့ မသိပါ။ ယခု ကျွန်တော်တို့ ခေါ်သန္တီမြို့ကိုလည်း ရာဇဝုဒ္ဓ သွေးသောက် သေစ္စာနှင့် လူပေါင်း ၂၀ ကျော်သားတို့ကို လုပ်မြေ နေမြေသည် ပေးချ သနားတော်မူပါသည်။[2]

ဟူ၍၎င်း၊ ခေါ်သန္တီမြို့ကို ၁၁၁၃ ခု အဝနိုင်ငံ ပျက်စီးသည်အထိ စားခဲ့ရသည့်မြို့စား စာရင်းကို လည်း—

ကျွန်တော် ဘဘိုးဘိုး နောင်လက်ထက်တွင် မနော်သာရကို ပေးတော်မူသည်။ ၎င်းနောက် မင်းသားမယ်တော်ကို ပေးတော်မူသည်။၎င်း နောက် ရာဇပုညကို ပေးတော်မူသည်။ ၎င်း နောက် လကျာဝင်းမှူးသီဟယော်ဓာ စားသည်။ ၎င်းနောက် ကျောက်ဆည် ဝန် ဘယရာဇာသူ စားသည်။ ၎င်းနောက် စက္ကဓမ္မ စားသည်။ ၎င်းနောက် သီရိနန္ဒရတ်စားသည်။ ၎င်းနောက် မင်းရဲခဲ စားသည်။ ၎င်းနောက် အလယ်ဆောင်တော်စားသည်နှင့် အင်းဝမြို့ တိမ်းယိမ်းပါသည်။[3]

ဟူ၍၎င်း စိတ်ဝင်စားဖွယ် ဖော်ပြပါရှိသည်။

ဝန်သိုမြို့ ၁၁၂၅ ခု စစ်တန်းတွင်လည်း ဝန်သိုမြို့သမိုင်းအနည်းငယ် တွေ့ရှိရပေသည်။ ထိုစစ်တန်းအရ ဝန်သိုမြို့ကို မင်းကြီးစွာ စော်ကဲ လက်ထက် ၇၄၄ ခု တွင် တည်ထောင်၍ ဦးပုံကို မြို့သူကြီးခန့်လိုက်သည်။ ဟံသာဝတီ ဆင်ဖြူရှင် ဘုရင့်နောင်ကျော်ထင်နော်ရထာ လက်ထက်တွင် ဝန်သိုကို ခရိုင်များစွာ ဖွဲ့စည်းခဲ့၍ တော်ညီဆိုသူကို စော်ဘွားခန့်၏။သာလွန်မင်းလက်ထက်တွင်ဝန်သို နယ်ကို ၉ ခရိုင်ဖွဲ့၍ နောင်မွန်ကို စော်ဘွားအရာ အပ်နှင်းသည်။ ထိုအချိန်မှစ၍ အစဉ်တစိုက် ဖွား စား[4] ခဲ့သည့် စော်ဘွားတို့ကား နောင်မွန်၊ ဦးသူရ၊ ဦးဟိန်ညွှန်း၊ ဦးကော်ညို၊ ဦးစော်နိုင်၊ ဦးကျော်၊ ဦးမြတ်ခေါင်၊ ဦးမြတ်သူ၊ ဦးအောင်ညို တို့ဖြစ်သည် ဟု တွေ့ရပေသည်။[5] ဤကဲ့သို့ မြို့ရွာသမိုင်း ပါရှိ သည့် စစ်တန်းအများပင် ရှိသေးသော်လည်း ဤစာတန်းတွင် မဖော်ပြတော့ပြီ။

စစ်တန်းများ၌ မြို့ရွာကိုအုပ်ချုပ်သူအကြောင်း အမြဲတစေပါရှိ၏။ မြို့ရွာကိုအုပ်ချုပ်သည့် အရာ ထမ်းများမှာ မြို့ကို မြို့သူကြီး၊ တိုက်နယ်ကို တိုက် သူကြီး၊ ရွာကို ရွာသူကြီး စသည်ဖြင့် အများ အပြားပင်ရှိပေသည်။ သူကြီးရာထူးကား ပုဂံ ခေတ်ကပင်ရှိခဲ့၏။[6]

---

၁။ ယင်း က ကျော ၃—၇။

၂။ **ခေါ်သန္တီစစ်တန်း** (အမျိုးသားစာကြည့်တိုက်ပေ ကာ ဝမ်း ၃—၆)။

၃။ **ယင်း** ကာ ကျော—၅—ကီ ဝမ်း။

၄။ စော်ဘွားအုပ်ချုပ်သည်ကို ဖွားစားသည်ဟု ခေါ်ပါသည်။

၅။ **ဝန်သိုမြို့ ၁၁၂၅ ခု စစ်တန်း (ဝန်သိုမြို့နယ်စစ်တန်း** စကိုင်း ဦးလူကလေးစာစုမှ)

၆။ ဒေါက်တာသန်းထွန်း—**ခေတ်ဟောင်းမြန်မာရာဇဝင်** စာမျက်နှာ ၁၄၄

သူကြီးများအစား အချို့ မြို့ရွာများတွင် ပြည်စိုး ဆိုသူက ကြီးစိုးသည်။[၁] ကုန်းဘောင် ခေတ်ဦး တွင် ပြည် စိုး ကြီး စိုး သည့် မြို့အနည်းငယ်သာ ရှိဟန်တူသည်။ ပုဂံမြို့တွင် ပြည်စိုး ၄ ယောက် ရှိကြောင်း ၁၁၂၇ ခု စစ်တန်းတွင် ပါသည်။[၂] သို့ရာတွင် ပုဂံမြို့ ၁၁၄၅ ခု စစ် တန်း ၌ ပြည်စိုး နေရာတွင် မြို့သူကြီးဟူ၍ရင်း မြေတိုင် ဟူ၍ရင်း တွေ့ရှိရသဖြင့်[၃] ပြည်စိုးနှင့် မြို့သူကြီးမှာ ထပ်တူ ထပ်မျှ ဖြစ်မည်ဟု ယူဆ ရ ပေ သည်။ တောင် ဆင်းမြို့တွင်လည်း မြို့သူကြီးအစား ပြည်းစိုး ကြီး စိုး သည်။[၄] မြို့ သူ ကြီး အောက် အ ဆင့် နိမ့် ၍ ရွာသူကြီးထက် အ ရာ မြင့် သည့် ရွာအများကို အုပ်ချုပ်ရသော ပြည် စိုး တ မျိုး လည်း ရှိသေး သည်။ ဥပမာ တူရွင်းတိုင်မြို့[၅] ကျေး၌ တောင် ရွေ ပြည်စိုးသည် ၂၁ ရွာကိုရင်း၊ တောင်နောက် ပြည်စိုးသည် ၂၃ ရွာကိုရင်း ကြီးစိုးစီရင်ကြသည်။ အချို့မြို့ရွာများတွင် စစ်သားဆိုသူက အုပ်ချုပ် သည်။ ထိုအရာထမ်းတို့မှာ ပုဂံခေတ်နှင့်[၆] အဝ ခေတ်[၇] တွင် အတော်ပင် များပြားခဲ့သော်လည်း ကုန်းဘောင်ခေတ်တွင်မူ ညောင်ဦးမြို့နယ်တွင်သာ စစ်သားအုပ်စိုးသည်ကို တွေ့ရှိရသေးသည်။[၈]

မြို့ရွာအချို့တို့တွင် သူကြီးအစား မြေတိုင် ဟူ ၍ရင်း၊ သူကြီးအောက် မြေတိုင်ရှိသည်ဟူ၍ရင်း

၁။ ပုဂံခေတ်တွင် ပြည်စိုးရှိ မရှိကို မပြောနိုင်သော်လည်း **အဝခေတ်တွင်ကား** ရှိနေပေပြီ။ **အဝခေတ်** ပြည်စိုးသည်**ကား ရွာသူ ကြီးထက် အရာမြင့်၏။ အဝခေတ်** ကျောက်စာများ၌တွေ့ရသည်**ကား**- ‘‘ရွာသူကြီး စသော အသည်တိုဝ်သည် ပြည်စိုဝ် ကိုဝ်ဆိုဝ်လေ၏။’’ (ကျောက်ရစ်ရွာ ရွှေပေါင်လောင်ဘုရားကျောက် မျက်နှာဖက် ကြောင်းရေ ၇။ သက္ကရာဇ် ၇၅၇) **‘‘ရွှေပြည်စိုဝ် လွှစ်သာသူကြီး’’** (စကိုင်း စေတီလှ ကျောဖက် ကျောက် ကြောင်းရေ ၁၃။ သက္ကရာဇ် ၇၀၅)။ ‘‘စကိုင်ပြည်စိုဝ် မဟာကမန် ဆင်မတစီ ရွှေထာ**တ**စင်’’ (စကိုင်း အောင်ချမ်းသာချောင်ကျောက် ကြောင်းရေ ၁၁။ **သက္ကရာဇ်** ၇၉၃) စသည်ဖြင့် တွေ့ရပါသည်။

**၂။ မသဂ ၃၃။ ၁။ ၅၃။**

၃။ ပုဂံမြို့ ၁၁၄၅ ခုစစ်တန်း (ဦးဝန်စာစု)

၄။ တောင်ဆင်းမြို့၁၁၄၅ ခုစစ်တန်း (ဦးဝန်စာစု)

**၅**။ တူရွင်းတိုင်ကို ရှေးအခါက **တောင်သူ့ရွာ**ဟု ခေါ်ဟန်တူသည်။ ‘‘တူရွင်းတိုင်အမည် ထင်ရှားတောင်သူ့ ရွာနှိုက်’’ ဟူ၍ ပုဂံပြတိုက် **ကျောက်နံပတ်** ၇၇ အနောက်မျက်နှာ ကြောင်းရေ ၁၁ တွင် တွေ့ရ၏။ (သက္ကရာဇ် ၇၇၃)

**၆**။ ပုဂံခေတ် ကလန်စစ်သားအကြောင်းကို အားလုံးသိရှိပြီးဖြစ်၍ အထူးဆိုဖွယ်မရှိချေ။

၇။ **အဝခေတ်တွင် ‘‘သကရစ် (၆) ၆၆ ခု အသတ်နှစ်အာ** ကဆုံမ်လဆန် ၄ ရျက် ၅ နိယ်အာ စစ်သူကြီးစစ်သာ (သ) မှ (ေက)ာင်စည် အရပ်နှိုက်’’ (မြင်းစိုင်မြို့ ပုဂံကျောင်း အနောက်ဖက်ကျောက် တောင်မျက်နှာ ကြောင်းရေ ၃။ သက္ကရာဇ် ၇၂၆)။ **‘‘ပြည်စိုဝ်စစ်သာ ငွှေ့ာင်ကိုဝ်လှူတဝ်မူသည်’’** (အမြင့်မြို့နယ် တောကျောင်းရွာ တောင်ဖက်ရှိ တမျက်နှာကျောက် ကြောင်းရေ ၂၀။ **သက္ကရာဇ်** ၇၂၆)။ ‘‘မင်ပြည်စိုဝ်**စစ်သာ**ခွန်တံ’’ (ဆားလင်းကြီးမြို့နယ် ခွန်သာရွာ မြတ်လေးဆူဘုရား ကျောက် ကြောင်းရေ ၁၃။ **သက္ကရာဇ်** ၇၄၅)။ ‘‘ကိုယ်ရံတွင် အကြိုလ္ဖစ်သောစစ် (သာသသည်) မင်ရဲကြီးငွှေ့ာင် နှိုက် ဆင်ပုသပ်ပယ်စ္စာပ္လုရယ်’’ (အမြင့်မြို့နယ် ကျောက်စာရွာ ချမ်း**သာ**ကြီးကျောင်း ကျောက် မျက်နှာဖက် ကြောင်းရေ ၁၆။ **သက္ကရာဇ်** ၇၆၄)

၈။ ‘‘**ဇေယ**ပူရစကိုင်မြို့တည် ဖြစ်တော်မူသော်။ မင်းတရားကြီး စကိုင်မြို့တွင် စံတော်မူစည်။ ပုဂံစည်သူနှင့် စစ်သား အခြင်းများ လေသတေည်။... နှစ်ဦးသားကို ရေးလား**စီ**ရင်တော်မူသတေည်။ ရေသိုလားမူ စည်သူတရားရှုံမ်းရ**ကာ**း။ စစ်သားပိုင်စေ ဖြတ်တုံ ပေ‌ေည်။ (စာရင်း ၁၁၅၅။ ရွှေစည်းခုံကျောက်စာ (သက္ကရာဇ် ၁၁၄၇)။ ဖောင်ခွဲရွာစစ်တန်း **မသဂ** ၃၃။ ၂၃၉ (သက္ကရာဇ် ၁၁၂၇)။

တွေ့ရ၏။[1] စစ်တန်းများတွင် မြေတိုင် မြို့သူကြီး ကြီးစိုးသည်ဟုလာရှိသည့် မြို့များမှာ စလေမြို့၊ မကွေးရာမြို့၊ မြစ်သားမြို့ စသည်တို့ဖြစ်၍ မြေတိုင်များ ကြီးစိုးသည့်ရွာများမှာ စလေမြို့ကျေး ဥယျာဉ်ရွာ၊ ဆင်ခြေတိုက်အဝင် အုန်းကွမ်းရွာ၊ တူရွင်းတိုင်မြို့ကျေး ကစပို့ရွာ၊ ပင်းတလဲမြို့အဝင် တောင်ဦးရွာ စသည်တို့ဖြစ်ပါသည်။ ရွာသူကြီး အောက် မြေတိုင်ရှိသည့်ရွာများမှာ ပုဂံမြို့ကျေး တောင်ပုံတန်း ၁၇ ရွာအဝင် တောင်ပုံရွာ၊ မြစ်ခြေရွာ၊ ဖောင်ကွဲရွာစသည်တို့ဖြစ်၏။[2] ရွာသူကြီး လက်အောက်တွင် ကျေးကိုင်ဟူ၍လည်း အချို့ ရွာများ၌ရှိသည်။ ကျေးကိုင်ရှိသည့်ရွာများ၌ မြေတိုင်မရှိချေ။ ပုဂံမြို့ကျေး၌ ကျေးကိုင်ရှိသည့် ရွာများမှာ တောင်ပုံတန်းအဝင် ဇီးကုန်းရွာ၊ ကူရွာ၊ ကျပ်ရွာ စသည်တို့ ဖြစ်ပါသည်။[3] ရွှေထွက်သည့် ဒေသတွင် သူကြီးအစား မော်ခွင်ရွှေမှူး၊ဂျီတောင်ရွှေမှူး၊ စက်ဘောရွှေမှူးစသည်ဖြင့် ရွှေမှူး ရွှေသူကြီးများရှိ၍ သံထွက်သည့်ဒေသများတွင် မော်လိုက်သံမှူး စသဖြင့် သံမှူးများက စီရင်ရသည်။ အချို့ဒေသများတွင် ထောင်မှူးများက ချုပ်ကိုင်ရသည်။ ဥပမာ ကျောက်ပန်းတောင်းမြို့ကျေး အင်ပျို့ရွာ၊ ပုဂံမြို့ကျေး တောင်ဖက်တန်းအဝင် ဒရာရွာ စသည်တို့ဖြစ်ပါသည်။ ပုဂံမြို့ကျေးတွင် တန်းခေါင်းဟူသည့်အရာထမ်းများလည်းရှိသည်။ ၎င်းတို့မှာ တောင်ဖက်တန်း ၂၇ ရွာ၊ တောင်ပုံတန်း ၁၇ ရွာ၊ ကျောဘန်း ၁၀ ရွာတို့ကို ခေါင်းကြီးစီရင်ရသည်။ မြင်းမြေ၊ မြင်းရွာများမှာ မြင်းစီး၊ မြင်းခေါင်းများက အုပ်ချုပ်ရသည်။ ပုံဆိုသော် ကျောက်ဆောက်မြို့အဝင် ကျောက်ကာတိုက်တွင် မြင်းစီး၊ စင်တီးရွာတွင် မြင်းစီး၊ စလင်္ဂသူတိုက်တွင် ရွာစားမြင်းစီးစသည်တို့ဖြစ်ပါသည်။ ကျောက်ဆည်ကိုးခရိုင်မှစ၍ အစုအမှုထမ်းများကို လုပ်မြေ၊ နေမြေချပေးထားသည့် ဒေသများတွင် သွေးသောက်ကြီးများက အုပ်ချုပ်ရသည်။ ဥပမာ တလုပ်မြို့ကျေး သင်ပြွန်ရွာတွင် ရွာသူကြီး သွေးသောက်ကြီးရှိ၏၊ ဆည်မြောင်းများရှိသည့် ဒေသများတွင် ဆည်ကြီး ဆည်ဆော်စသည်ဖြင့် ရွာကို ချုပ်ကိုင်ရသူများလည်းရှိသည်။

မြို့ရွာအုပ်ချုပ် စီရင်သူတို့သည် အများအားဖြင့် မျိုးရိုးအလိုက် အုပ်ချုပ်စီရင်ကြကြောင်းကို စစ်တန်းများတွင် တွေ့ရှိရပေသည်။ ဥပမာ–

> ကမြဲရွာကို ကျွန်ဘော်လေ့ ကြီးစိုးသည်။ မရှိလျှင် သားကျော် ကြီးစိုးသည်၊ မရှိလျှင် သားပေါက် ကြီးစိုးသည်။ မရှိလျှင် သား ကျွန်တော်မြတ် ကြီးစိုးသည်။[4]

အချို့ဒေသ စစ်တန်းများတွင် ကြီးစိုးစီရင်သူတို့မှာ မျိုးရိုးအလိုက် မိန်းမများဖြစ်သည်ကို တွေ့ရပေသည်။ ဥပမာ-

၁။ သမိုင်းစဉ်ကိုကြည့်လျှင် အဝခေတ်က မြေတိုင်မှာ ရွာသူကြီးလက်အောက်ခံ ဖြစ်သည်။ "ပြည်စိုင်ရွာသူကြီး၊ မြေတိုင် ကာသာ၊ အစဘိသုံ တိုဝ်၏။" (တန်ဘာဦးမြို့နယ် ကြာနီကန်ကျောက်စာ ကျောဖက်ကြောင်းရေ ၁၄။ သက္ကရာဇ် ၇၃၄) စသည်ဖြင့် တွေ့ရှိရသည်။

၂။ ရှေးအခါက မြို့သူကြီး၊ မြို့မြေတိုင်၊ ရွာသူကြီး၊ ရွာမြေတိုင်၊ သီးခြားကွဲပြားအုပ်ချုပ်ကြသည်၊ ၁၁၄၅ ခုကစ၍ တစတစ မြေတိုင်နှင့် သူကြီးကို ပေါင်းစပ်သိုက်သည်၊ သို့သော်လည်း လုံးလုံးမပျောက်ပဲ ကျန်ရာသမျှ ကျန်ကြွင်းကျက်ရှိသေးသည်၊ "မြန်မာမင်းအုပ်ချုပ်ပုံစာတမ်း အတွဲ ၂ (၁၉၆၅ ခု) အပိုဒ် ၂၆၀ (၂)။

၃။ အလောင်းမင်းတရားကြီး ဖြစ်မည့် ဦးအောင်ဇေယျသည် မဟာဓမ္မရာဇ ဓိပတိအမည်ခံ ဟံသာဝတီဆောက် မင်းလက်ထက်က မုဆိုးဘိုမြို့တွင် ဗသနန္ဒကျော် အမည်နှင့် ကျေးကိုင်အရာကို ထမ်းရွက်ရသည်။ အလောင်းမင်းတရားကြီး အတ္ထုပ္ပတ္တိ လက်ရေးမူ (ဦးလူကလေး စာစု)

၄။ ကမြဲရွာ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

> ကကွဲရွာသူကြီးမ မိမြတ်ထွန်း၊ နံ ၆၊ အသက် ၂၂ သူကို စစ်မေးသော် ထွက်ဆိုသည်။ ၎င်းရွာကို ကျွန်တော်မ ဘေးမ၊ မိပု စီရင်ပါသည်။ မရှိလျှင် ဘွားမ၊ မိလုံးဖြူ စီရင်ပါသည်။ မရှိလျှင် အမိ၊ မိမွေး စီရင်ပါသည်။ မရှိလျှင် ကျွန်တော်မ ၁၁၁၅ ခုနှစ်က သည် ယခုတိုင် စီရင်ပါသည်။[၁]

ဟု တွေ့ရပြန်သည်။ ရံဖန်ရံခါ မိန်းမရိုးမှ ယောကျ်ားရိုးသို့ ပြောင်းသွားပုံကို၎င်း ယောကျ်ားရိုးမှ မိန်းမရိုးသို့ ပြောင်းသွားပုံကို၎င်း တွေ့ရ၏။ ဥပမာ-

> တောင်ရွှေရှာ့မိန်ရွာကို ကျွန်တော်ဘေးမ မိစံသာ ကြီးစိုးသည်။ မရှိလျှင် သမီး မိလှ ကြီးစိုးသည်။ မရှိလျှင် သမီး မိအေး ကြီးစိုးသည်။ မိအေး မသေမီ ကျွန်တော်ကို ၄၀ ခု တံဆိပ်စာချွန်တော် တကြောင်းစာနှင့် ကြီးစိုးစီရင်သည်။[၂]

ဟူ၍၎င်း

> ပြင်စချီရိုး ညို ချီသည်။ မရှိလျှင် သား ငကျော်ထွန်း ချီသည်။ မရှိလျှင် သား ယောကျ်ား မရှိ မိန်းမသာ ချီရသည်။[၃]

ဟူ၍၎င်း တွေ့ရှိရပါသည်။ အချို့မြို့ရွာများတွင် သူကြီးတရိုးထက် ပိုမို၍ ရှိသည်ကို စစ်တန်းများ၌ တွေ့ရ၏။ ဥပမာ- ပုဂံမြို့တွင် မြို့သူကြီး ၄ ရိုး၊ တောင်တွင်းမြို့၊ ပုသိန်မြို့နှင့် ပြင်စည်မြို့များတွင် မြို့သူကြီး ၂ ရိုး၊ လှိုင်ရွာ၊ ဖောင်ကွဲရွာ၊ လက်ပြရွာ၊ ပျင်ရွာ၊ စပေရွာ၊ ရေမျက်ရွာတို့တွင် သူကြီး ၂ ရိုးစီ ရှိကြ၏။ ယင်းတို့တွင် လှိုင်ရွာနှင့် ရေမျက်ရွာတို့၌ ယောကျ်ားသူကြီးတရိုး၊ မိန်းမသူကြီးတရိုးစီ ရှိကြသည်။ လှိုင်ရွာ စစ်တန်း၌

> သူကြီး ငသူ၊ နံ ၀ အသက် ၃၀ သူ ၎င်း မယား မိထွား နံ ၆ အသက် ၄၃ နှစ်သူတို့ကို စစ်မေးသော် ထွက်ဆိုသည်။ လှိုင်ရွာကို ကျွန်တော်ဘိုး ငရွှေအိုး ကြီးစိုးသည်။ မရှိလျှင် ဘ ငအောင် စီရင်သည်။ မရှိလျှင် ကျွန်တော် ၁၁၁၆ ခုနှစ်က သည် ယခုတိုင် စီရင်ပါသည်။ ၎င်းသူကြီးမ မိထွား ဘွားမ မိတော် စီရင်သည်။ မရှိလျှင် အမိ မိဂွိုင် စီရင်သည်။ မရှိလျှင် ကျွန်တော်မ ၁၁၁၆ ခုက သည် ယခုတိုင် စီရင်ပါသည်။[၄]

ရေမျက်ရွာသူကြီး ၂ ရိုးမှာ တဦးနှင့်တဦး အိမ်သင့်ခြင်း မရှိ သီးခြားဖြစ်ပါသည်။[၅]

ရိုးရာအလိုက် ဆက်ခံ ကြီးစိုး စီရင်ကြရာဘွင် သားမရှိ၍ ညီက အရာဆက်ခံပုံကို စစ်တန်း၌ -

> အနိမ့်ရွာကို ကျွန်တော်အစ်ကို ငရန်အောင် ၄၅ ခု စစ်တန်းစာရင်း ဆက်ပေး၍ ကြီးစိုး စီရင်ပါသည်။ ငရန်အောင်၊ သား ငသာမြတ်တို့ သေဆုံးလျှင် ရပ်ရွာကို အုပ်ချုပ်နိုင်မည့်သူ မရှိ၍ ကျွန်တော်ညီ ဥဒိန်ကျော်ထင် ဆက်ခံ၍ ကြီးစိုးစီရင်သည်။[၆]

---

၁။ **မြန်မာမင်းအုပ်ချုပ်ပုံစစ်တန်း**၊ အတွဲ ၂။ စာမျက်နှာ ၁၇၀။ ကကွဲရွာစစ်တန်း

၂။ ရှာမိန်ရွာ ၁၁၆၄ ခု စစ်တန်း ( ဦးဝန်စာစု )

၃။ **တောင်တွင်းကြီးနယ်မြေစစ်တန်း**၊ ကာဝမ်း ၅။ (တောင်တွင်းကြီးပြတိုက် ပေ ၃၆၀)

၄။ "ပုဂံမြို့ ၁၁၂၇ ခု စစ်ဘန်း၊ **မသက** ၃၃။ ၁။ ၄၇–၈။ ဤကဲ့သို့ သူကြီး ၂ ရိုး လက်ဆက်ပြီးနောက် သူကြီး ၁ ရိုးတည်းဖြစ်မည်ဟု ယူဆရန်ရှိသော်လည်း ၁၁၄၅ ခု စစ်တန်း သိမ်းယူချိန်တွင်လည်း သူကြီး ၂ ရိုး ရှိမြဲရှိနေပါသည်။

၅။ **မသက** ၃၃။ ၂။ ၂၃၆–၇

၆။ အနိမ့်ရွာ ၁၁၆၄ ခု စစ်တန်း (ဦးဝန်စာစု)

ဟု တွေ့ရ၏။ ထို့အပြင် အချို့မြို့ရွာများတွင် ညီ သားမရှိ၍ အုပ်ချုပ်သူ အရာရှိကို တူ၊ သမက်၊ ယောက်ဖ စသည်တို့ ဆက်ခံသည်ကိုလည်း စစ်တမ်းများ၌ တွေ့ရတတ်ပေသည်။ ဥပမာ -

....ငအောင်ကျော်ဇံ လက်ဝဲသီဟဗိုလ် အမည်နှင့် ကြီးသည်။ မရှိလျှင် ညီ ငစော်ဘွားသား ညို ကြီးသည်။ မရှိလျှင် ညီ ကျွန်တော်ငကျော်လှ ဘုရားနောင်တော် ဆင်ဖြူရှင်ဘုရား လက်ထက်က သည် ယခုတိုင် ကြီးစိုးစီရင်ပါသည်။ [၁]

ဟူ၍ရှင်း ·

ဘေး ငထင် စီရင်သည်။ မရှိလျှင် ယောက်ဖ ငရဦး စီရင်သည်။ မရှိလျှင် သမက် ငရှဖြိုး စီရင်သည်။ [၂]

ဟူ၍ရှင်း တွေ့ရှိရ၏။

အုပ်ချုပ်သူ သေလွန်မှ အရာခံသားမြေး ဆက်ခံရသည်ချည်း မဟုတ်ပေ။ အောက်ပါအကြောင်းများကြောင့် အရာလွှဲပေးရသည်များကို တွေ့ရှိရ၏။ ယင်းတို့ကား အုပ်ချုပ်သူ (၁) အိုမင်းခြင်း (၂) ခန္ဓာကိုယ် ကျိုးပဲ့ခြင်း (၃) နာမကျန်းဖြစ်ခြင်း (၄) ရာထူးတိုးမြှင့် အသနားတော်မြတ်ခံရခြင်း (၅) ရဟန်းပြုခြင်းတို့ ဖြစ်ကြ၏။ ဆိုင်ရာအထောက်အထား ကောက်နုတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ အိုမင်းသောကြောင့် အရာလွှဲပြောင်းပေးရသည်ကို -

....ဥယျာဉ်ရွာ မြေတိုင်ရိုး ငမှတ် ကြီးစိုးတိုင်ဆော်သည်။ မရှိလျှင် မိအိန်လို ကြီးစိုးတိုင်ဆော်သည်။ အိုရွမ်းလျှင် ကျွန်တော်သား ငကျော်လှ ကြီးစိုးတိုင်ဆော်သည်။ [၃]

ဟူ၍ရှင်း၊ ခန္ဓာကိုယ် ကျိုးပဲ့သောကြောင့် အရာလွှဲပြောင်းပေးရသည်ကို

....ရန်မျိုးအောင် စီးကြီးပါသည်။ မရှိလျှင် ကိတ္တိတုရင် ၄၅ ခု စာရင်းတော် ဆက်သွင်း၍ ကိတ္တိတုရင် ကျိုး၊ မစွမ်း မဆောင်နိုင်ရှိလျှင် ကျွန်တော်တုရင်ကျော်ခေါင်ကို ကိတ္တိတုရင်က လွှဲအပ်၍ ၄၆ ခု၊ ၄၇ ခု၊ ၄၈ ခု၊ ၅၂ ခု၊ ၆၀ ပြည့်။ ၆၁ ခု၊ အမှုတော်ပေါ်ထွက်သမျှကို စီးကြီးထမ်းရွက်ပါသည်။ [၄]

ဟူ၍ရှင်း၊ မကျန်းမာ သောကြောင့် လွှဲပြောင်းပေးပုံကို

ကျွန်တော်ဘ ငဘိုးတူ ကြီးစိုး စီရင်သည်။ ငဘိုးတူ မကျန်းမမာလျှင် သား ကျွန်တော် ဆက်ခံကြီးစိုး စီရင်ပါသည်။ [၅]

ဟူ၍ရှင်း၊ ရှုံးသွပ်သောကြောင့် လွှဲပြောင်းရသည်ကို

....ကျွန်တော်ဘ ငချမ်း ကြီးစိုးစီရင်ပါသည်။ ငချမ်း အိုကြီး၍ မဆောင်ရွက်နိုင်လျှင် စာရင်းကျ သားကြီး ငအိမ်မင်းစိတ်မကောင်း၍ မဆောင်နိုင်လျှင် ကျွန်တော်ညီ ငသာလှ ဆက်ခံကြီးစိုး စီရင်ပါသည်။ [၆]

ဟူ၍ရှင်း တွေ့ရှိရပေသည်။ အုပ်ချုပ်သူသည် ရာထူး တိုးမြှင့်သွားသဖြင့် သူကြီးအရာကို မထမ်းမျှက်နိုင်ဘဲ အရာလွှဲပြောင်းပေးရသည်ကို

---

၁။ **တောင်တွင်းကြီးနယ်မြေစစ်တမ်း**၊ ကာဝမ်း
၂။ ''ပုဂံမြို့စစ်တမ်း''မသဂ ၃၃။၁။၅၆
၃။ ဥယျာဉ်ရွာ ၁၁၆၄ ခု စစ်တမ်း။
၄။ စင်တီးရွာ ၁၁၆၃ ခု စစ်တမ်း (ဦးဝန်စာစု)
၅။ ''တူရွှင်းတိုင်မြို့ ၁၁၆၄ ခု စစ်တမ်း'' မသဂ ၄၄။ ၁။ ဂ၃
၆။ စကြူးရွာ ၁၁၆၄ ခုစစ်တမ်း (ဦးဝန်စာစု)

ဘ ငရွဲ ကြီးစိုးစီရင်သည်။ ဘ ငရွဲကို မြို့သူကြီး က မြို့အစီရင်အရာနှင့် ခန့်ထား၍ မြို့ကို စီရင် လျှင် မြေစွန်းရွာကို ၆၀ ခုနှစ်၊ ၆၄ ခု စာရင်း တော် ဆက်ပေး၍ ကြီးစိုးစီရင်သည်။ [၁]

ဟူ၍ငင်း တွေ့ရ၏။ ထို့ပြင် ဘုရင်မင်းမြတ်က အမိန့်တော်ရ ခန့်ထားသဖြင့် မြို့သူကြီးအရာကို စွန့်လွှတ်ရပုံကို—

လျှောင်းသား ကျွန်တော်အစ်ကို ကျော်သူ ကြီးစိုးသည်။ အမိန့်တော်ရ ခန့်တော်မူသည် တွင် ကျွန်တော် အောင်ကို လွှဲအပ်၍ ကြီးစိုး စီရင်ရသည်။ [၂]

ဟု ပါရှိ၏။ မြို့သူကြီးအရာခံသားသည် အရာထမ်း ကြီးဖြစ်၍ မြို့သူကြီးအရာကို မထမ်းဆောင်နိုင် သဖြင့် ညီက ဆက်ခံရသည်လည်းရှိ၏။

စည်ပုတ္တရာမြို့ဝ်ကိုဝ် ကျွန်တော်ဘေး သမန္တ ဘတ္တရာဇာ ကြီးစိုးသည်။ မရှိလျှင် သား ဇေယျသမန္တဗိုလ် ကြီးစိုးပါသည်။ ဇေယျ သမန္တဗိုလ် သက်ရှယ်ကြီး၍ ကျွန်တော် သိရှိ သူရသကြိုကို အမှုထမ်းကြီး ဖြစ်၍ မြို့သူကြီး အရာကို မကြီးမစိုးလျှင် သားကျွန်တော် မြတ်သာဦး ဆက်ခံကြီးစိုးပါသည်။ [၃]

စစ်တမ်းတခုတွင် မြို့သူကြီးသည် သာသနာဘောင် ဝင်လေသောကြောင့် ညီက ဆက်ခံရသည်ကို

အစ်ကို လျှောက် တံဆိပ်တော်နှင့် ကြီးစိုး စီရင်သည်။ ရဟန်းပြုလျှင် ကျွန်တော် ကြီးစိုး စီရင်ပါသည်။ [၄]

ဟု တွေ့ရပေသည်။

တခါတရံ အရာခံသားမြေး ငယ်ရွယ်သေး သဖြင့် အခြားတယောက်က အုပ်ချုပ်ပေးရ သည်ကို

ကျွန်တော်တို့ဘိုး မင်းကြီးကျော်ထင်ရန္တမိတ် ထမ်းရွက်သည်။ မရှိလျှင် ကျွန်တော်ဘကြီး တုရင်ပံ့ချို စီးစားထမ်းရွက်သည်။ မရှိလျှင် ငင်းညီ ကျွန်တော်ဘ မင်းလှပံ့ချို စီးစားထမ်း ရွက်သည်။ မရှိလျှင် ဘိုးဘကြီး ဘတို့အရာကို ကျွန်တော်ငယ်ရွယ်စဉ် ကျော်ထင်ရန္တမိတ်အုပ် ချုပ်စီရင်နှင့်သည်ကို ၁၁၃၈ ခု နှစ်တွင်မှ ဘိုးဘအရာကို ကျွန်တော် စီးစားထမ်းရွက် သည်။ [၅]

ဟု တွေ့ရဘူးပေသည်။ အချို့ ဒေသများတွင် အရာခံသားမြေးသည် ငယ်ရွယ်နေသဖြင့် ရင်ခွင် ပိုက်ခန့်၍ စီရင်ရကြောင်းကိုလည်း တွေ့ရ၏။ [၆]

---

၁။ မြေစွန်းရွာ ၁၁၆၄ ခု စစ်တမ်း (ဦးဝန်စာစု)

၂။ ရွာသာမြို့ ၁၁၆၄ ခု စစ်တမ်း (ဦးဝန်စာစု)

၃။ စည်ပုတ္တရာမြို့ ၁၁၂၇ ခု စစ်တမ်း (အမျိုးသားစာကြည့်တိုက်၊ ပေ ၂၂၇၁၊ ကာ ကျော)

၄။ ရွာသာမြို့ကျေး မြောင်ရွာ ၁၁၆၄ ခု စစ်တမ်း (ဦးဝန်စာစု)

၅။ စလင်္ဂသူတိုက်နယ် ၁၁၄၄ ခု စစ်တမ်း (ဦးဝန်စာစု)

၆။ "ဘုန်းတော်အလွန် ကြီးမြတ်တော် မူလှသော၊ ရေမြေ အသျှင်၊ ဆဒ္ဒါန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင်၊ လက်နက် စကြာ သခင်၊ အသျှင်ဘဝရှင်မင်းတရားကြီးဘုရား သက္ကရာဇ် ၁၂၃၂ ခု သတင်းကျွတ်လဆန်း ၁ ရက် ၁နေ့နေ့ ကျိဝန်ဝန်စု စက်တောရွာကို ဆေိုင်က လက်ရှိမှူးကြီးဆောင်ရွက်စေခန့်တော်မူသည်။ ရွှေမှူးဆိုင် ငယ်ရွယ်သည်အတွင်း စက်တောရွာကို ဘထွေးငရဲကျော်က ရင်ခွင်ပိုက် မှူးကြီးဆောင်ရွက်စေ။ မှူးစုငယ်သားတို့ အမှုတော်ကို ထမ်းကုန်၍ လုပ်စား ဆောင်စား စီးပွားဖြစ်အောင် မစီရင်။" အမိန့်တော် တကြောင်းစာချွန်လက္ခံ။ **ဝန်သို့မြို့နယ်စစ်တမ်း၊** စာမျက်နှာ ၇၇-၈။

အထက်မြန်မာပြည်တွင် အုပ်ချုပ်သူ အကြီးအကဲ မျိုးရိုးပြတ်လပ်၍ အခြားမှ ခန့်ထားရပုံ၊ မြို့သူကြီးက စီရင် ပေးရပုံကို စစ်တန်းအနည်းငယ်တွင်သာ တွေ့ရ၏။ ဥပမာ-

ကမ်းဖြူရွာ သည် သူကြီး ရိုး ပြတ် လပ် သော ကြောင့် ကျွန်တော်တောကို မြို့သူကြီး ခန့်ထား၍ နောင်တော် ဆင်ဖြူရှင် ဘုရား လက်ထက်တော် ကသည် ယခုဘုရားရွှေလက်ထက်တော်တိုင် ကြီးစိုးသည်။[1] သူကြီးရိုး သားမြေးအရာခံ မရှိသဖြင့် မြို့သူကြီးက စီရင်ရသည်ကိုငင်း၊[2] ရွာသူကြီးသားမြေး ကျေးရွာတွင်မရှိသဖြင့် မြို့သူကြီးက စီရင်ရသည်ကိုငင်း၊[3] စစ်တန်း ရေးစစ်သိမ်းခံ ချိန်တွင် ရွာသူကြီးများ ထွက်ပြေး တိမ်းရှောင် နေသဖြင့် မြို့သူကြီးက စစ်တန်းထွက်ဆိုရသည်ကိုငင်း၊[4] တွေ့ရှိရ၏။ အောက်မြန်မာပြည်ရာမညတိုင်း ဟံသာဝတီ ၃၂မြို့၊ မုတ္တမ ၃၂ မြို့ များတွင်မူ ရိုးဆက်ရာခံမဟုတ်သည့် သူကြီးများ ကြီးစိုးစီရင်သည်ကို မကြာခဏ တွေ့ရှိရ၏။ ၁၁၄၅ ခု စစ်တန်းအရ မုတ္တမ ၃၂ မြို့တွင် ရိုးရာအလိုက် ကြီးစိုးစီရင်သည့် မြို့သူကြီးများ မရှိချေ။ ဆင်ဖြူရှင် မြေတူးမင်း လက်ထက်တွင် ခန့်ထားသည့် မြို့သူကြီးများသာ ဖြစ်ကြ၏။[5] ဥပမာ—

ဝါဂရူမြို့သူကြီး ငစွန်ပါနံ ၂ အသက် ၄၆ သူကို မေးသော် ထွက်ဆိုသည်။ ဝါဂရူမြို့ကို ဆင်ဖြူရှင်ဘုရားလက်ထက်က ကျွန်တော် ကြီးစိုးစီရင်သည်။[6]

....ဘင်လှိုင်မြို့သူကြီး ငပါစတ် နံ ၅ အသက် ၃၆ သူကို မေးသော် အစစ်ခံချက်။ ကျွန်တော် ကြီးစိုးရိုးရာမဟုတ်ပါ။ ၃၆ ခုနှစ် မုတ္တမမြို့ ပျက်သည့်နောက် မြို့ဝန်စစ်ကဲအရာရှိတို့က ခန့်ထား၍ ကြီးစိုးစီရင်ရပါသည်။[7]

ဟု တွေ့ရှိရ၏။ ဟံသာဝတီ ၃၂ မြို့ တွင်လည်း ရိုးဆက်ရာခံမဟုတ်သည့် မြို့သူကြီး မနည်းလှချေ။ ဥပမာ ၂ ရပ် ဘင်ပြပါမည်။

....ရိုးဆက်ရာခံမရှိ ပျက်ပြား တိမ်မြုပ်နေ၍ အကျိုးစီးပွားတော် ဖြစ်ပွား အောင် ပြုစုရမည်။ ၄၉ ခုနှစ် ဝန် ရှင် တော် တောင်မင်းကြီးက မြို့သူကြီးအရာ စာချွန်တော် ပေးအပ်လျှင် မြို့ရွာ စီကား သာယာ အောင် တရပ်တကျေး အဝေး မြို့ ရွာ က ပျော်ပိုက် လာရောက် သူတို့ကို အစားအသောက် ထောက်မပေးကမ်း၍ မစ သိမ်း သွင်း ပြုစုပါသည်။ ဝင် နေ လာ ရောက် သည့် ဆင်းရဲသား ကျွန်တော်မျိုး တို့ကိုလည်း မစင်မလွင့် စေရ။[8]

ဟူ၍ငင်း

မေရည္သယမြို့သည်။ ကာလအရှည် တောကြီး မြက်ရှည်ရှိ၍။ ၄၅ ခု စစ် တန်း ဆက်သွင်းရာ

၁။ ရွာသာမြို့ကျေး ကမ်းဖြူရွာ ၁၁၄၅ ခု စစ်တန်း
၂။ တူရွှင်းတိုင်မြို့ကျေး ချောင်းရှည်ရွာ ၁၁၆၄ ခုစစ်တန်း
၃။ တူရွှင်းတိုင်မြို့ကျေး တောင်နောက်ရွာ ၁၁၆၄ ခုစစ်တန်း
၄။ တူရွှင်းတိုင်မြို့ကျေး ဒရာရွာ၊ နဘဲရွာ၊ ရေနံသာရွာ ၁၁၆၄ ခု စစ်တန်း။
၅။ ဝါဂရူမြို့၊ လကွန်ဗျည်းမြို့၊ ဇရာမြို့၊ ဘင်လှိုင်မြို့၊ မော်လမြိုင်မြို့၊ ဝင်ရော်မြို့၊ ကျိုင်းမြို့၊ ကောမြို့၊ ရေးမြို့၊ အထရံမြို့၊ မြိုင်မြို့၊ ဘုံဝန်မြို့၊ ကျိတ်မြို့၊ တုံတမိမြို့၊အိပြစ်မြို့၊ ဇမိမြို့၊ တောင်ပိုမြို့၊ တိုက်ကုလားမြို့။
၆။ ဝါဂရူမြို့ ၁၁၆၄ ခု စစ်တန်း
၇။ ဘင်လှိုင်မြို့ ၁၁၆၄ ခု စစ်တန်း
၈။ **မသဂ ၆။** ၂၂၂ (မအူမြို့စစ်တန်း)

မပါပါ။ ပျက်စီး၍ ထိမ်းသိမ်းအုပ်ချုပ်သူ မရှိသောကြောင့် အခွန် ဝန် အခွန်ဝန်စာရေးတို့က အခွန်တော်ဆက် ကရင် ဇယိန် တို့ကို အုပ်ထိမ်း၍ စည်ပင်ဖြစ်ပွား အောင် ပြုစုရမည် အပ်၍ ကျွန်တော် ပြုစုကြီးစိုးသည်။[1]

ဟူ၍၎င်း တွေ့ရှိရ၏။

မျိုးရိုးအလိုက် အုပ် ချုပ် စီ ရင် သည့် သူကြီး အရာကို ငွေကြေးပေး၍ ဝယ်ယူနိုင်သည့် အဖြစ်ကိုလည်း အံ့သြဖွယ် တွေ့ရှိရ၏။ ဥပမာ–

သရက်ချဉ်ရွာကို ပြေည့်ပုံ ကြီးသည်။မရှိလျှင် နှမ မိဘွားစံ မစီရင်နိုင်၍ ကျွန်တော် ရဲခေါင်သူရိန် ဝယ် ကြီးသည်။[2]

ဟူ၍၎င်း၊

မှတ်ရှည်ရွာကို သားငပုကြီးသည်။ ၎င်းသား ငပု( )ကြေးမြီ များ၍ မဆောင်ရွက်နိုင်လျှင် ကြေးမြီကို ဘုရား ကျွန် တော် ငသူ ဆပ်၍ ကြီးသည်။[3]

ဟူ၍၎င်း ဖော်ပြထားသည်။

မြို့ရွာ အကြီးအကဲတို့၏ မျိုး ရိုး ကို ဖော်ပြပြီးနောက် အချို့ စစ်တန်းများတွင် ထိုအကြီးအကဲတို့၏ တာဝန်ဝတ္တရား ပေးဆောင် ဆက်သွင်း ရသည်များနှင့် စားကွက်စားလမ်းများကိုပါ ဖော်ပြကြ၏။ ဤတွင် ပုဂံမြို့စီရင်စု ၁၁၂၇ ခု စစ်တန်းမှ ထိုအချက် အလက်များကို ထုတ်နုတ်ကိုးကားပါမည်။ ပုဂံမြို့တွင် အခြား မြို့ရွာများနှင့် မတူ ထူးခြားသည့် အချက်ကြီးမှာ ရိုးရာအလိုက် အုပ်ချုပ်စီရင်သည့် အရာထမ်း ပေါများခြင်းပင် ဖြစ်သည်။ ပုဂံမြို့မတွင် မင်းသား ၄ ရိုး[4]၊ ပြည်စိုး ၄ ရိုး[5]၊ စချီ ၄ ရိုး[6]၊ ခိုးကဲ ၄ ရိုး[7]၊ မော်ကွန်းထိန်း ၁ ရိုး[8]၊ စစ်ပင်၊ စည်ပင်၊ ထုံးသပြာ ၄ ရိုး၊ တည် ၂ ရိုး၊ ပွဲ ၁ ရိုး၊ ကူတို့ ၄ ရိုးရှိ၏။ မင်းသားတို့၏ တာဝန်ဝတ္တရားများမှာ-

၁။ လက်အောက်ငယ်သားတို့ ပျော်ပါးရာမှ ဖြစ်ပေါ်သည့် တရားစကားကို စီရင်ရခြင်း။

၂။ စစ်မှုပေါ်ရှိလျှင် အပေါင်း ငယ်သားတို့နှင့် ပုဂံမြို့စားခန့်ထားသည့် လက်နက်ကိုင်တို့ကို အုပ်ကွပ်၍ လိုက်ပါရခြင်း။

၃။ ကျေးရွာတန်းသားတို့ ပျော်ပါးရာမှ ဖြစ်လာသည့် တရားစကားကို စီရင်ရခြင်း။

၄။ မြို့ဝန်၊ မြို့ကိုင်မရှိလျှင် ခိုးမှုနှင့် ယိုးစွပ်မှုများကို စီရင်ရခြင်း။

၅။ မြို့တွင်းပြည်စိုး၊ တန်းခေါင်းတို့ စီရင်သည့် ကွမ်းဖိုးများမှ တဝက်ကို ကောက်ခံ၍ ခေမာဆရာတော်ထံ အလှူတော်ရောက်

---

၁။ မသာဂ ၈။၅၂။

၂။ တောင်တွင်းကြီးနယ်မြေစစ်တန်း ကိ ဝမ်း။

၃။ ယင်း၊ ကိ ဝမ်း။

၄။ ရဲဂသူ၊စည်သူ၊ထွက်ရှုကာ၊ပျံချီရိုးများ ဖြစ်ကြ၏။

၅။ ဇေယသင်၊ သရေနံ့သူ၊ နရသင်သူနှင့်မင်းလျှင်ရိုးများ။

၆။ နရပတေ့သီဟပကြာ၊ မဟာသမန်၊ နာဂဝတ္ထုနာနှင့်နံသူရိုးများ။

၇။ သိင်္ဂပစ္စည်း၊ မနော်ရာဇာ၊ သိင်္ဂရာဇာနှင့် မနော်သိမ်းစည်းရိုးများ။

၈။ ဥတ္တနရာဇာရိုး။

လျှင် ဆွမ်းလုပ်ကျွေး၍ သုံးကုန်သမျှကို မြို့လပ်ဝန်အား တွက်ချက် တင်ပြလျက် ကျန်သည်များကို အရာတော် ဆက်သွင်းရခြင်း။

၆။ မင်းသားတို့ စီရင်ရရှိသည့် ကွမ်းဖိုးများမှ တဝက်ကို အလှူတော် ဖြစ်စေခြင်း။ မင်းသားတို့ ပေးဆောင် ဆက်သွင်းရသည်များမှာ နှစ်စဉ် ဝါကျွတ်ကန်တော့ခံတွင် လက်ဆောင် ၅ ခုတ် ငွေဖလား ၁၊ ခါသာအုပ် ၁ ဆက်သရခြင်း။ ၎င်းတို့၏ စားပိုင်ခွင့်မှာ-

၁။ စီရင်စု မြို့နယ်အတွင်း အိမ်ဆောက်လျှင် ထမင်းတပွဲ၊ ဆုံတည်လျှင် ဆီတပိဿာ စားပိုင်ခွင့် ရှိခြင်း။

၂။ မင်းသားတို့ စီရင်ရရှိသည့် ကွမ်းဖိုးများမှ တဝက်ကို စားသုံးပိုင်ခြင်း။

၃။ ၎င်းတို့နှင့် အပေါင်း ငယ်သားများကို မြို့သူကြီးတို့က ချော ထမင်း မခန့်မစေရခြင်းတို့ ဖြစ်ပေသည်။

ပြည်စိုး ၄ ယောက်တို့၏ တာဝန် ဝတ္တရားများမှာ—

၁။ တိုင်သူရင်းမင်းမှုကို စီရင်ရခြင်း။

၂။ တိုင်ထောင် တိုင်ဆော် ရောက်လျှင် ရုံးတော်မှာ စု၍ တန်းခေါင်းတို့နှင့် အမိန့်တော်ကို ထောက်ခါ ပြည်စိုးမင်းလျှင်က ပြည်စိုး၊ စချီတန်းခေါင်းတို့ကို အစုကျခွဲခန့် စီရင်ရခြင်း။

၃။ ပြည်စိုးမင်းလျှင်သည် ပြည်စိုး၊ စချီ၊ တန်းခေါင်းများမှ အစုသင့်ကျသည်ကို တဝတည်း စုရုံး၍ ပေးရခြင်း။

၄။ တန်းခေါင်း၊ သူကြီး ငယ်သားတို့ ရုံးရာ တရားစကားရှိလျှင် မင်းလျှင်က စီရင်၍ တဝက်ကို အရာတော်ဆက်သွင်းခြင်း။

၅။ ချောသံတမန် ရောက်လျှင် ပြည်စိုးတို့နှင့် စချီတို့က ချောထမင်း အလှည့်သင့် ပို့ရခြင်း။

၆။ ကျွဲဝင် နွားဝင် မြင်းဝင်များမှ ၁၂ လစေ့၍ အရှင်မပေါ်လျှင် မင်းလျှင် သိမ်းလျက် တဝက်ကို အရာတော် ဆက်သွင်းရခြင်း။

၇။ ဆင်သေလျှင် အစွယ်ကို အရာတော် အပို့ဆက်သွင်းရခြင်း။

ဖြစ်၍ ဥကင်တော်ကြီး ဖွင့်သောအခါ ပြည်စိုး ၁ လျှင် ငွေဖလား ၅ ခုတ်စီ ပေးဆောင်ကြရ၏။ ၎င်းတို့၏ အခွင့်အရေးကား -

၁။ စီရင်သည့် ရုံးရာမှုများမှ ကွမ်းဖိုးတဝက်ကို စားပိုင်ခြင်း။

၂။ ကျွဲဝင် နွားဝင်များမှ တဝက်ကို စားပိုင်ခြင်း။

၃။ ကျွဲနွားသေလျှင် ပြည်စိုးတို့က ဆင်ကုန်း၊ တင်သား စားပိုင်ခြင်း။

တို့ဖြစ်ပါသည်။ စချီတို့၏ လုပ်ငန်းမှာ ပြည်စိုးတို့ တာဝန်ဝတ္တရားများကို ကူညီရန်ဖြစ်၏။ ၎င်းတို့

---

၁။ တောင်တွင်းကြီးမြို့တွင် စချီတို့သည် အသည်အိမ် ၁ မှ ငွေနှစ်မတ်နှင့် ဆန်နှစ်စိတ်၊ ကပ္ပားအိမ် ၁ မှ ငွေတမတ် ဆန်တစိတ်စီ ကောက်ခံ၍ ရသည်များနှင့် သံတမန် လာရောက်သည့်အခါများတွင် ကျွေးမွေးရသည်။ တောင်တွင်းကြီးနယ်မြေစစ်တန်း ကိ–ဝမ်း။

မှာ စားပိုင်သည့် အခွင့်အရေးများ မရှိသဖြင့် စား မြေပေးထားပါသည်။

ခိုးကဲတို့၏လုပ်ငန်းဆောင်တာမှာ-

၁။ ရာဇဝတ်ခိုးသေးမီးပွားရှိလျှင် စစ်ကြော၍ ရုံးတော်သို့ မြို့ကိုင်မြို့ကွပ်တို့ စီရင်ရန် ပို့အပ်ရခြင်း။

၂။ မြို့တွင်း မောင်းနှင့် တနေ့ သုံးကြိမ် လှည့်၍ မီးနှိုးဆော်ရခြင်း။

၃။ ထိတ်ကြိုး၊ ကြိမ်ချေချင်း၊ ထောင်တန်းနှင့် စောင့်နေရခြင်း။

၄။ ရာဇဝတ်ကြီးကျယ်လျှင် နေပြည်တော်သို့ ကြပ်မပို့ဆောင်ရခြင်း။

သို့ဖြစ်၍ ကံကျေး၊ လှေ၊ ထိုးဝါး၊ ကြိုးဖို့စားဖန် များမှ မြို့ဝန်အား ခွဲခန့်ပေးဆောင်ရ၏။ ၎င်းတို့၏ စားခွင့်မှာ စစ်ဝတ်ကြေးငွေ [1] ဖြစ်ပါသည်။

မော်ကွန်းထိန်းတို့၏ တာဝန်မှာ မော်ကွန်း စာရင်း ကျောက်စာများကို ထိန်းသိမ်း၍ မြေမှု အခြင်းများကြသောအခါ မော်ကွန်းစာရင်း ကျောက်စာများကို ထုတ်ပြရခြင်းဖြစ်၏။ ထိုအခါ များတွင် စာရင်းထုတ်ပြရသည့်အတွက် ပင်ပန်းခ အင်တန်ရုံ စားရပါသည်။ စားခွင့် နည်းလှသော ကြောင့် မော်ကွန်းထိန်းစားမြေ ပေးထားရပါ သည်။ အထက်တွင် ဖော်ပြခဲ့သည်တို့ကား ပုဂံမြို့ စီရင်စု အကြီးအကဲများ၏ တာဝန် ဝတ္တရား ပေးဆောင်ရသည့် အရာများနှင့် စားပိုင်ခွင့်များ ဖြစ်ပေသည်။ [2]

စစ်တန်း အချို့တွင် ရှိးရာ အကြီး အကဲ တို့၏ လုပ်ငန်းတာဝန် စသဖြင့် ပါရှိသကဲ့သို့ အချို့ စစ်တန်းများတွင်မူ ဝန်တို့၏ တာဝန်ဝတ္တရားများ ကို ဖော်ပြပေသည်။ ဥပမာ– ကျောက်ဆည် ကိုးခရိုင် စစ်တန်းချုပ်တွင် ကျောက်ဆည်ဝန်၏ တာဝန်ဝတ္တရားများကို—

၁။ ဆည်များတွင် မိုးတွင်း ရေကြီးရေလျှံသော အခါ သစ်ကြီးဝါးကြီး အမျောအတင်ကို ဆည်ငင်ယူ၍ နွေအခါ မီးလုံ့ခြုံအောင် အစဉ် ကြပ်မနှိုးဆော်ရသည်။

၂။ ကျောက်ဆည် ဥပစာဆည် မြေဆည် ရွာတွင် ဆည်နံ့သင့်ဘုရား နတ်ကွန်း တန်ဆောင် တည်ထားရာ အစောင့်အနေ ဆည်ကျွန် ပင်သား ရေသောက်ခေါင်း လုပ်သားတို့ကို သစ်စု ကျောက်စုတိုက်ငင် နေထိုင်စေရသည်။

၃။ နေပြည်တော်မှ အာဏာတော်ထားရာ ရုံးကန္နားကိုးခရိုင် တပြင်တခွင် မင်း အကျိုးစီးပွား များပြားစေရန် ဆောင် ရွက်ရသည်။

၄။ ကိုးခရိုင် ဆည်တော်ရေသောက် မြို့ပြ ကျေးရွာသား ဆင်းရဲသား တို့အား ငြိမ် ဝပ် သာယာစွာ လုပ်စား ဆောင်စား ဖြစ်ပွား၍ အမှုတော်ကို အရှည်ထမ်းကုန် နိုင်အောင် ပြုစုမစရပါသည်။

၅။ ဆည် မြောင်း ကန် ချောင်း မကောင်း ဟောင်းနွမ်း ယိုယွင်းသမျှကို ရေသောက်

---

၁။ တရားရာဇဝတ် စစ်ဆေးခြင်း။

၂။ မသဂ ၃၂။ ၁။ ၅၉။ ၆၀။

မြို့ ကျေးရွာဘွင် နေထိုင်သည့် မြင်းစု သင်းစု ဒိုင်းဝင်းကိုယ်ရံသူရဲ ကောင်ဟန်စသည့် အစုအမှုထမ်းတို့ လယ်အင်လုအင် အလိုက် ခေါင်းသူကြီး တို့အား သစ်စု ကျောက်စုများကို လုံခြုံစွာ ထားစေရ၏။ ဆည်းကြီးတို့ကိုလည်း နှစ်စဉ်ခွဲခန့် နှိုးဆော်မြဲ နှိုးဆော်၍ လုပ်ချိန်ကာလ တပို့တွဲ တပေါင်းလရောက်လျှင် ရေသောက်ခေါင်း လုပ်သားတို့ကို ထား၊ တူရွင်း၊ ပုဆိန်၊ ဆောက်၊ ခြင်းတောင်း၊ မျိုးရိက္ခာ အစုံ အညီ ဆည်ကြီး၊ မြင်းစီး၊ မြင်းခေါင်း၊ ဒိုင်း ခေါင်း ငယ် သား တို့ကို ကြပ်မ နှိုး ဆော်၍ တာပေးတာချ၊ ဆည်ဖို့ဆည်ပြင် လုပ်ဆောင်စေရသည်။

၆။ ဆည်လုပ်ချိန် ရောက်သောအခါတွင် မြောင်းမတော်တလျှောက် ရေစီးရေသွား သာယာရှင်းလင်း ခိုင်လုံအောင် ဆည်ကြီး တို့ကို ခန့်ထားနှိုးဆော်စေရသည်။

၇။ မြောင်းမတော်သို့ စီးဝင်သည့်ရေကို မြောင်းမတော်တလျှောက် ရေ သောက် လယ်ပယ် ပြွန်ကြီးငယ်မြောင်းမှာ ပယ်နယ် အတိုင်းအတာနှင့် ဆည်ကြီးမြောင်းတော် တို့ကို ခန့်ထားကြည့်ရှု၍ စီးပွား တော်ဖြစ် ပေးဝေ လုပ်ဆောင်ပါစေရသည်။

၈။ လယ်များကို ရိတ်သိမ်းချိန်ကာလ ရောက် လျှင် လွှတ်တော်က သွေးသောက်စု၊ မြင်း တော်သည်၊ စာရေး၊ စာမှတ်၊ အခွန် တော်သိမ်း ခန့် တော်မူ၍ အမိန့်တော် အ မှာတော်နှင့် ကျောက်ဆည်ရုံးသို့ ပေးမှာ သည့်အတိုင်း ဆည် ကြီး ဆည်တိုင်တို့ကို ဆော်ဖန်ပြသ ရေးမှတ်စေရသည်။

၉။ ပယ်နယ်စာရင်းတွင် မြေလုပ်သား ရသမျှ ကို အခွန်ပေးသွင်းရန် နှိုးဆော်သိမ်းရုံး ကြပ်မ၍ တဆည်တမြောင်းလျှင် ဆည် ကြီး ၁ နှင့် ကျီတော်ဝင် ဆက်သွင်းစေ ရသည်။

၁၀။ ၉ ခရိုင်ဆည်ရေသောက် ကျေးရွာတပြင် တွင် မင်းမှုမင်းခင်းရှိလျှင် နေပြည်တော်က အမိန့်တော်အမှာတော် ရောက်သောအခါ ကိုးခရိုင် ဆည်ရေသောက်မြို့ ကျေးရွာ သား ဝန်စု ငန်းစု ရှိသမျှကို အမိန့်တော် အတိုင်း ပြေကုန်အောင် ခန့်ထား စီရင်ရ သည်။

၁၁။ ကိုးခရိုင် ရေသောက် မြို့ပြကျေးရွာ တို့၌ ချထားသည့် စုသား ငန်းသားတို့ကို လုပ် မြေနေမြေ အခြေအမြစ်ဖြစ်အောင် ချထားရသည်။

၁၂။ အရပ်ရပ်ဖြစ်သည့် ခိုးသေးမီးပွား သူဆိုး တေမြဲ မုဒိန်းတန္တ လူဆိုးလူသွမ်း မပေါ် မထွက်စေရ။ ရာဇဝတ်တော် လုံခြုံအောင် ကြည့်ရှုစီရင်ရသည်။

၁၃။ အလေးတင်း စင်းချိန်ခွင် မှန်ကန်အောင် ကျင့်ဆောင်မြစ်တား ထိန်းသိမ်း အုပ်ချုပ် ရသည်။

၁၄။ ကိုးခရိုင် တပြင်တခွင်တွင် လုပ်မြေ နေမြေ ဝတ်မြေမှုများ ဖြစ်ပွား၍ မပြီးမပြေလျှင် ကျောက် ဆည် ရုံး သို့ ပို့အပ်၍ စီရင်ရ ပါသည်။

၁၅။ အစုသားခြင်း ကြေးမှု ငွေမှု လယ်ယာ ခေါင်းရိုးကြီးရိုး တရားစကားကို ခေါင်း

အဝှန်းသို့ ဆုံးမစီရင်၍ မပြီးပြေလျှင် ဆိုင်ရာ ဝန်စုသို့ ပို့အပ် ပြောဆိုပါစေ ရသည်။

၁၆။ အပေါ်ဝန် တရားစကား ခိုးသေး မီးပွား ပေါ်ထွက်သမျှကို ကျောက်ဆည် ဝန် ကျောက်ဆည်စာရေးတို့က ပလပ်အောင် အထက် အမိန့်တော်ထမ်း ကြီးနှင့် အညီ စီရင်ရသည်။ မပြီးပြေမှ လွှတ်ရုံးသို့ စကား ၂ ရပ်နှင့် ပို့အပ်ရပါသည်။

၁၇။ မြို့စားရွာစား ကျေးကိုင်ရွာကိုင်တို့ အမှု စီရင်ရာ၌ မပြီးပြေလျှင် ကျောက်ဆည်ဝန် ရုံးသို့ ရောက်၍ စီရင်ရပါသည်။ ပြီးပြေလျှင် မြို့စား ရွာစား စီရင်မြဲ ကျေးရွာဖြစ်၍ တရားကွမ်းဖိုး မစားမယူရပါ။ တရား ကိုသာ ဆုံးဖြတ်စီရင်ရပါသည်။

၁၈။ လယ်တွင်း တခွင်တပြင် ငြိမ်ဝပ် ပိပြား အောင် လူဆိုးလူသွမ်းတို့ကို ကြောက်ရှုံ့ နိုင်အောင် အပြစ်နှင့် လျော်ညီစွာ ဒဏ် ထားသင့်သသူကို ဒဏ်ထား၍ အဆုံးစီရင် သင့်သသူကို ကွပ်ညှပ်စီရင်ရပါသည်။

ဟု ဖော်ပြပါရှိ၏။[1] ဤကဲ့သို့ အုပ်ချုပ်သူတို့၏ တာဝန်ဝတ္တရားပါရှိသည့် စစ်တန်း များစွာ မတွေ့ ရှိရသေးချေ။

စစ်တန်းတိုင်း၌ ပါရှိသည့် အကြောင်းအရာ ကား နယ်မြေအပိုင်းအခြားပင် ဖြစ်သည်။ ဤတွင် မြို့ကြီး ၂ မြို့နှင့် ရွာငယ်တခု၏ နယ်မြေ အပိုင်း အခြားကို နမူနာအဖြစ် တင်ပြပါမည်။ ရှေးဦးစွာ ဟံသာဝတီ ၃၂ မြို့၏ အပိုင်းအခြားကို ထုတ်နုတ် ကိုးကားပါမည်။

အရှေ့ကို သံလွင်မြစ်တဘက်။ မိုင်းယွန်းမြေနှင့် အစပ်။ အရှေ့မြောက်အလားမှ သစ်မှုတမော ကျောက်ကြီးမဲတင်။ ထိန်ခြောင်းအင်ပင် မောင်နှမ ထိ။ တောင်ငူမြေနှင့်အစပ်။ မြောက် အလား ဖြူခြောင်း ဇေယဝတီကုန်း ဘုမ္မိမှဒေါ ဘုရား တောင်ငူမြေနှင့် အစပ်။ အနောက် မြောက်အလား။ ထုံးခေါင် တောင်ရိုးထိ။ သာယာဝတီ ရိုးမ ၃၀ ခြောင်း၊ အခြား သာယာဝတီမြေနှင့်အစပ်။ အနောက်အလား၊ ကတ္တူတင်ခြောင်း၀ ဃောဝတီ မြစ်လယ် ကြော တဘက်နေ့ဖြူမြို့မြေ၊ ဇရှုံမြေနှင့် အစပ်။ အနောက်တောင်အလား ဘင်္ဂါလဂီရိကုန်း အိန္ဒပူရဗာရဏအင်း။ ပင်လယ်သမုဒ္ဒရာ ပုသိန် မြေနှင့် အစပ်။ တောင်အလား၊ ဂင်္ဂါဝတီ တရိယဂ်ဝုတ္တ ပင်လယ်သမုဒ္ဒရာ။ အရှေ့ တောင်အသား။ ကဘပ်ခြောင်း၀ မုတ္တမကြေး တိုက်ကုလားမြို့မြေနှင့် အစပ်[2]။

တဖန် ပုဂံမြို့စီရင်စု၏ အပိုင်းအခြားကို တင်ပြလို ပါသည်။

ပုဂံမြို့နယ်သည် အရှေ့အလား အုပ်နှဲစုကျောက် ဆင်ကျောက်ပလ္လင် နုပဲပင်စည်အခြား တဖက် တလုပ်မြို့ကျေး ညဥ့်ရွာမြင်းစီး ငမြတ်ထွန်း တိုင်နက်မြေနှင့် အစပ်။ အရှေ့တောင်အလား ရေဝေကုန်း အခြား ငသရောက်မြို့ ကျေး၊ ကျောက်နောက်တဲရွာ လှသူ တိုင်နက်မြေ နှင့်အစပ်။ တောင်အလား ကွန်းခြောင်းမ

---

၁။ ဦးဘသိမ်းရေး **ကိုးခရိုင်သမိုင်း**စာမျက်နှာ ၅၄–၅၈။

၂။ **မသဂ** ၆။ ၂၁၉ "ဟံသာဝတီမြို့မ ၆၄ ခု စစ်တန်း"

အခြား တောင်ဆင်းမြို့သူကြီး တိုင်နက်မြေနှင့်အစပ်။ အနောက်တောင်အလား၊ လှင်စုံ တောင်ရိုးအခြား လောင်းရှည်မြို့ကျေး သံချောင်းမြေနှင့် အစပ်။ အနောက် အလား ယောချောင်းအနောက် သဖန်းထောင့်အခြား ယောမြို့ကျေး ကင်ပွန်းတောင် ရွာမြေနှင့် အစပ်။ အနောက်မြောက်အလား တန့်ကြည့် တောင်ရိုး ရေဝေအခြားတဖက် ယောမြို့ ပျဉ်းချောင်းရွာမြေနှင့် အစပ်။ မြောက်အလား လှည်းချောင်းသစ်စည် အခြားတဖက် တောင်စည်မြို့ ပုခန်းမြို့ကျေး အိုရင်းရွာမြေနှင့် အစပ်။ အရှေ့မြောက်အလား သစ်ညိုပင်စည်အခြားတဖက် ပုခန်းမြို့ကျေး မြစ်ကိုင်ရွာမြေနှင့်အစပ်[1]။

ယခု ရွာငယ်တရွာ၏ နယ်မြေအဖြစ် ပုဂံမြို့ကျေး ပျွန်ရွာ စစ်တန်းမှ ပုံဆောင်ပါမည်။

ပျွန်ရွာနယ်မြေသည် အရှေ့အလား တာ ၂၀၀ ကွာ ရေဝေကုန်း သရက်ပင် ခင်ရိုးကုန်း အခြားတဖက် ပုပ္ပားမြို့သူကြီး တိုက်နက်မြေနှင့် အစပ်။ တောင်အလား တာ ၅၀၀ ကွာ ညောင်ပင်ရွက်ကြီး အခြားတဖက် ကန်စောင်းရွာမြေနှင့် အစပ်။ အနောက်အလား တာ ၇၀၀ ကွာ ချောင်းဆုံနဘဲပင် အခြားတဖက် ငလှိုင်သူကြီးမြေနှင့် အစပ်။ မြောက်အလား တာ ၅၀၀ ကွာ လှည်းချောင်းမ ခင်ရိုး အခြားတဖက်ကုန်းဘုရားမြေနှင့် အစပ်[2]။

ဤကဲ့သို့ စစ်တန်းတိုင်း၌လိုပင် ဒေသရပ်ရွာ၏ အပိုင်းအခြားကို တွေ့မြင်ရပေသည်။

အချို့သော စစ်တန်းများတွင် မြို့ရွာအကြီးအကဲသည် မိမိစီရင်စုအတွင်းရှိ မြို့ရွာစာရင်းကို ပေးတတ်ကြ၏။ ပုံစံတင်ပြရလျှင် စလေမြို့စစ်တန်း၌—

နယ် ၈ ရပ်အတွင်း စီရင်နက် ထန်းချောင်းရွာ ဆင်ကရွာ၊ ခွေးချိုရွာ၊ မင်းကန်ရွာ၊ သလုံ သွေးရွာ၊ သွေးနက်ရွာ၊ ကြေးနီရွာ၊ တွင်လပ် ရွာ၊ ပျရွာ၊ တုံရွာ၊ ရွာငယ်ရွာ၊ ပြည့်ပင်ရွာ[3]။

စသဖြင့် ဖော်ပြ၏။ ထိုနည်းတူ တောင်တွင်းကြီး မြို့စစ်တန်းတွင်—

နယ် ၈ ရပ်အတွင်း သမင်မြို့၊ စစ်သားမြို့၊ မြို့ဝိုင်း မြို့၊ ပိသဘိုးမြို့၊ မြို့လှင်မြို့၊ မြို့သစ်မြို့၊ မြို့ ရုံ ၅ လုံး၊ ရွာလက် ၉၉ ရွာ ရှိပါသည်[4]။

ဟုဆိုထား၏။ တူရွင်းတိုင်မြို့စီရင်စု တောင်ရှေ့ရွာ စစ်တန်းတွင်—

.... စီရင်စု လက်အောက် တောင်ရှေ့ ရွာ၊ တောင်ဝရွာ၊ ဘူးခင်းရွာ၊ ဒန့်ကျင်ရွာ၊ ငလှိုင် ရွာ၊ မရောင့်ရဲရွာ၊ ပြောက်တောင်ရွာ၊ သကြားရွာ၊ ကျပို့ရွာ၊ ကုက္ကိုရွာ၊ မြောက် တွင်းရွာ၊ ကူရွာ၊ ပျွန်ရွာ၊ ခြောက်ကန်ရွာ၊ ကန်စောင့်ရွာ၊ အင်တိုင်းရွာ၊ ပလ္လင်ရွာ၊ သဖန်းခါးရွာ၊ ထောင်မှူးရွာ.......

စသဖြင့် ဖော်ပြထားသည်။ အချို့စစ်တန်းများ တွင် အစဉ်အလာ စီရင်စုနယ်မြေမှသည် ဘုရင် က နုတ်ယူ၍ငင်း၊ အခြားမြို့ရွာ အကြီးအကဲတို့ က လုယူစီရင်သဖြင့်ငင်း၊ နယ်မြေများ ကျဉ်း

၁။ ပုဂံမြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၂။ ပုဂံမြို့ကျေး ပျွန်ရွာ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၃။ စလေမြို့ ၁၁၄၅ ခု စစ်တန်း

၄။ တောင်တွင်းကြီး ၁၁၄၅ ခု စစ်တန်း

မြောင်း လာရ သည်ဟု ဖော်ပြ ပါရှိ လေသည်။ ကျောက်ဆောက်မြို့စစ်တန်း၌—

တ္တွတ္တပေါင်းမင်း တည် ထောင် တော် မူ ရင်း ကျောက်ဆောက်မြို့ ၅ ၅ ရွာအနက်က ကျောက် ရင်း တောင်သာရွာမြေနှင့်တကွ အင်းဝမြို့ ဘုရင် ဒုတိယမင်းခေါင်းကနုတ်၍ တံတားဦး မင်္ဂလာ စေတီတော် ဘုရားကို လှူတော် မူပါ သည်။ ကွေ့မျောင်၊ သဖန်းခေါင်း၊ ရုံးစဉ် ငယ်၊ ပေါင်းအိုး၊ တယ်ရေထွက်၊ မြင်းဦးလှည့် ရင်း ၆ ရွာကိုသည်း ပင်းတလဲမြို့က နုတ်ယူ ပါသည်။ ပဲခင်းကျော်ရွာကိုလည်း တောင် သာရွာက နုတ်ယူပါသည်။ နွားပြင်ရွာမှာ ပြင်စည်မြို့က နုတ်ယူပါသည်။ နှမ်းရွာကို လည်း ရွာသပ်ဝန်က နုတ်ယူပါသည်။

ဟူ၍ အစစ်ခံသည်ကို တွေ့ရှိရ၏။[၁] ထိုနည်းတူ ဝန်သိုမြို့သူကြီးပေး စစ်တန်း၌-

မြတောင်မြို့ က ၁ ၁ ၅ ၈ ခုနှစ် လုယူစီရင်သည့် မန်ကျည်းပင်ရွာ၊ ကျောက်အိုးရွာ၊ လိပ်အင်း ရွာ၊ ထန်းတောရွာ၊ ဖသက်အိုင်ရွာ၊ ကြာအင်း ရွာ၊ မိုးကောင်းမြို့က လုယူစီရင်သည့် မန်ကပ် ရွာ၊ မိုးညှင်းမြို့က လုယူစီရင်သည့် စုံးတော ပင်းမနားရွာ၊ ကျီဝန်ဝန်စု ဂျီတောင်ရွာက လုယူစီရင်သည့် ပြင်တံရွာ။ ကျီဝန်ဝန်စုမော် နိုင်ရွေမှူးတို့ကို ရှောင်းပေါင်၍ မစီရင်ရသည် ဝက်တူးရွာ၊ ကံရွာ၊ မြေရွာ၊ ကျွန်းတော ရွာ၊ ပန်းညိုရွာ၊ သရက်ကုန်းရွာ၊ ခွေးချိုရွာ၊ ကြူတောရွာ၊ ပေါက်ကိုင်းရွာ၊ ခရုအိုင်ရွာ၊ ဆင်အိုင်ရွာများသည် ဝန်သိုမြို့ကျေးရွာများ ဖြစ်လျက် မစီရင်ရပါ။

ဟူ၍ ဖော်ပြထား၏[၂]။

စစ်တန်းများတွင် များသောအားဖြင့် ရင်းမြို့ ရွာရှိ မြေအမျိုးအစားကို ဝတ်မြေ၊ မင်းမြေ၊ သူရဲ မြေ၊ မြင်းမြေစသဖြင့် ခွဲခြားဖော်ပြလေ့ရှိသည်။ ဝတ်မြေရှိသည့် မြို့ရွာအနည်းငယ်ကို ဖော်ပြရလျှင် တလုပ် မြို့ ကျေး အ နိမ့် ရွာ တွင် ကျောင်း ဖြူ သိမ်တော်ဘုရားဝတ်မြေ[၃] နှင့် တလုပ်မြို့ ကန်တော် ကျောင်း ဝတ် မြေ။[၄] စ လေ မြို့ ကျေး ဥ ယျာဉ် ရွာတွင် စကြို ဘုရား ဝတ်မြေ။[၅] ကျောင်းရင်း တောင်သာရွာတွင် တံတားဦး မင်္ဂလာစေတီ ဝတ် မြေ၊[၆] ခွေးချိုရွာတွင် စကြိုဘုရား ဝတ်မြေ။[၇]

---

၁။ ကျောက်ဆောက်မြို့ ၁၁၆၄ ခု စစ်တန်း

၂။ ဝန်သိုမြို့ ၁၁၆၄ ခု စစ်တန်း

၃။ အရှေ့ကို ချောင်းကူးထနောင်းပင် ထိ၊ တောင်ကို ကြည်းပင်လယ်ကျဉ်းကျောက်ဘိုင်ထိ၊ အနောက်ကို ကျောက်ကွေ့ ပင်အိုင်ထိ၊ မြောက်ကို သရက်ချိုပင်ထိ၊ အနိမ့်ရွာ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၄။ အရှေ့ကို ငပြူကုန်း ဦးကျောက် ထိ၊ တောင်ကို ငပန်းကျော်လယ် ရုံးပင်ချောင်းထိ၊ အနောက်ကို ဒဟတ်ပင်အိုင် ထိ၊ မြောက်ကို ဘုရင်စက္ကကျော်လယ် ထိ။ ကျောက်တိုင်ထိ၊ အနိမ့်ရွာ ၁၁၄၅ ခု စစ်တန်း

၅။ စလေမြို့ကျေး ဥယျာဉ်ရွာ ၁၁၆၄ ခု စစ်တန်း (ဦးဝန်စာစု)

၆။ မဟာဒါန်တိုက်အဝင် ကျောက်ရင်းတောင်သာ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၇။ စလေမြို့ကျေး ခွေးချိုရွာ ၁၁၆၄ ခု စစ်တန်း (ဦးဝန်စာစု)

သရေခေတ်မြို့ကျေးတွင် ကျောက်ဆောက် ကူကြီး ဘုရားဝတ်မြေ။[၁] ပုဂံ ရွှေစည်းခုံ ဘုရားဝတ်မြေ။[၂] သရေခေတ်သိမ်ဘုရားဝတ်မြေ။[၃] ပုဂံ ရွှေကျောင်း အဝင် တန်ဆောင်းကျောင်းဝတ်မြေ။[၄] စကိုင်း စောလူရှင်သစ်မော် ကျောင်းဝတ်မြေ။[၅] စလေမြို့ ဥပစာနယ်တွင် ဘုရင်မင်းခေါင် ကျောင်းဝတ်မြေ ညဲ့စုဘုရားဝတ်မြေ၊ စကြိုကျောင်းဝတ်မြေ၊ စကြို ဘုရား ဝတ်မြေ။[၆] တလုပ်မြို့ ကျေးတွင် နားတောင်းများမင်း သုံးပန်လှဘုရားလှူသည့် ဝတ်မြေ၊ ဒုတိယမင်းခေါင် ကန်တော် ကျောင်းကို လှူသည့်ဝတ်မြေ။[၇] ပုဂံမြို့စီရင်စုတွင် တောင်ဖက်တန်း ၂၇ ရွာ၊ တောင်ပုံတန်း ၁၇ ရွာနှင့် ကျော်တန်း ၁၀ ရွာတွင် ဝတ်မြေချည်း[၈] စသည်ဖြင့်စစ်တန်းများတွင် ဝတ်မြေအကြောင်းကို ဖော်ပြသည်။ မင်းမြေကို စစ်တန်း များတွင် ဖော်ပြရာ၌ ဝတ်မြေများကဲ့သို့ အပိုင်းအခြားနှင့် ဖော်ပြခြင်း မရှိပေ။ ကြေးနီရွာတွင် မင်းမြေအခြောက် တောင်ယာနှမ်းတင်း ၁၀၀ ကြဲနှင့် မထွင်တော နှမ်းတင်း ၅၀ကြဲ။[၉] သရေခေတ်မြို့ကျေးတွင် မင်းမြေရွာများ။[၁၀] တောင်ရှေ့ရွာတွင် မင်းမြေ။[၁၁] ပုဂံမြို့ကျေး အကြေ ၉ ရွာ အညာ ၉ ရွာတွင် မင်းမြေချည်း[၁၂] စသည်ဖြင့်တွေ့ရ၏။ သူရဲမင်းမြေကား စလေမြို့ကျေး၌နှမ်းတင်း ၁၀၀ ကြဲနှင့် အစွတ်သလယ် ကဲ့ယှဉ်း ၂၀ လုပ်ရှိသည်။[၁၃] မြင်းမြေများသည် ကျောက်ဆောက်မြင်း ၄၄ စီးအဝင် စလင်္ဂသူတိုက်၊ ဝက်လူး ဈေးခေါင်းစု အဝင် စင်တီးရွာ။ တလုပ်မြို့ကျေးတွင် မြင်းမြေအများ[၁၄] နှင့် အခြား မြို့ရွာများ၌လည်း မြင်းမြေများရှိကြောင်းကို စစ်ဘန်းများ၌ တွေ့ရှိရ၏။ သို့သော်လည်း ၎င်းတို့ကို အပိုင်းအခြားနှင့် မသိ

---

၁။ အရှေ့အနောက် တာ ၂၀၀၀ ခန့် တောင်မြောက် တာ ၁၀၀၀ ခန့်

၂။ အရှေ့ကို ၅၀၀ တွင်းခန့်ကွာ အင်ကြင်းပင်ထိ၊ တောင်ကို ၃၀၀ တွင်းခန့်ကွာ ကျောက်စရစ်ကုန်းခင်ထိ၊ အနောက်ကို ၃၀၀ တွင်းခန့်ကွာ ညောင်ပင်ပုံပင်ထိ၊ မြောက်ကို တာ ၁၀၀ တွင်းခန့်ကွာ တူးရှင်းရွာလမ်းမထိ၊ ၎င်း ပုဂံရွှေစည်းခုံဘုရားဝတ်မြေ အရှေ့ကို တာ ၃၀၀ တွင်းခန့်ကွာ သိမ်ဘုရားအထိ၊ တောင်ကို ၃၀၀ တွင်းခန့်ကွာ ဆီးပင်ဝန်းထိ၊ အနောက်ကို ၅၀၀ တွင်းခန့်ကွာ ချောင်းမ ညောင်ပင်ဝန်းထိ၊ မြောက်ကို တာ ၆၀၀ တွင်းခန့်ကွာ ခိုးသံချောင်းထိ၊ ၎င်းပုဂံရွှေစည်းခုံဝတ်မြေ အရှေ့ကို ၃၀၀ တွင်းခန့်ကွာ ကျွန်းဖိုပင်ကြီးထိ၊ တောင်ကို ၅၀၀ တွင်းခန့်ကွာ နံ့သာပင်လှထိ၊ အနောက်ကို ၃၀၀ တွင်းခန့်ကွာ အင်ကြင်းပင်ကြီးထိ၊ မြောက်ကို ၂၀၀ တွင်းခန့်ကွာ လမ်းဆုံကျောက်တိုင်ထိ။

၃။ အရှေ့ကို တာ ၅၀ ခန့်ကွာ ချောင်းနား ညောင်ပင်ထိ၊ တောင်ကို တာ ၂၀၀ တွင်းခန့်ကွာ ကန်စွယ်မန်ကျည်းပင်ထိ၊ အနောက်ကို ၂၀၀ တွင်းခန့်ကွာ ထန်းမကောက် သံသဘ်ပင်ထိ၊ မြောက်ကို တာ ၅၀ ခန့်ကွာ ချောင်းမမြောက်နားထိ။

၄။ အရှေ့ကို တာ ၅၀၀ တွင်းခန့်ကွာ ရွာပုလဲလမ်းမထိ၊ တောင်ကို တာ၃၀၀၀ ခန့်ကွာ စောပုံမြေထိ၊ အနောက်ကို တာ ၃၀၀ ခန့်ကွာ နှမ်းရွာထိ၊ မြောက်ကိုတာ ၄၀၀ ခန့်ကွာ ကြွယ်ရပ်ယော်လမ်းမထိ။

၅။ အရှေ့ကို တာ ၅၀၀ ခန့်ကွာ ပနင်းအိုင်ယော်ကျောက်တိုင်ထိ၊ တောင်ကို တာ ၆၀၀ တွင်းခန့်ကွာ ကန်ဖြူခြားကျောက်တိုင်ထိ၊ အနောက်ကို တာ ၁၀၀၀ ခန့်ကွာ စိုင်သေကန် ကျောက်ဘိုင်၊ မြောက်ကို တာ ၁၀၀၀ ခန့် အိုရင်းရွာနား ကျောက်တိုင်။

၆။ စလေမြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု) တွင် ဝတ်မြေအပိုင်းအခြားပါသည်။

၇။ တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု) တွင် ဝတ်မြေများ၏ အပိုင်းအခြားပါသည်။

၈။ ပုဂံမြို့ ၁၁၂၇ ခု စစ်တန်း

၉။ ကြေးနီရွာ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၁၀။ သရေခေတ် ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၁၁။ တောင်ရှေ့ရွာ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၁၂။ ပုဂံမြို့ ၁၁၂၇ ခု စစ်တန်း၊ မသဂ။

၁၃။ စလေမြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၁၄။ စလင်္ဂသူတိုက် ၁၁၄၅ ခု စစ်တန်း၊ စင်တီးရွာ ၁၁၄၅ ခု စစ်တန်း၊ တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

ရပါ။ အချို့ရွာများ၌ သူကြီးစားမြေ သီးခြား ရှိ၏။ ဥပမာ—စလေမြို့ကျေးတွင် စလေမြို့သူကြီး စား အခြောက်တောင်ယာနှမ်းတင်း ၁၀၀ ကြဲ ရှိ၏။[၁] ထိုနည်းတူ တလုပ်မြို့ကျေးတွင် မြို့သူကြီး စား လယ်စပါးတင်း ၅၀၉ ထွက်ရှိပေသည်။[၂] ပုဂံမြို့ ဥပစာနယ်တွင် စချီစားမြေ ဟူ၍၎င်း၊[၃] မော်ကွန်းထိန်းစား မြေဟူ၍၎င်း[၄] တော်သလင်း သဘင်မြေဟူ၍၎င်း မဟာဂီရိ နတ်မြေ[၅] ရှိသည်ဟူ၍၎င်း တွေ့ရ၏။ စစ်တမ်းများတွင် ဤကဲ့သို့ မြေအမျိုးမျိုးရှိသည်ကို တွေ့ရ၏။ မြေဆိ မြေခွန်အကြောင်း ဖော်ပြရာ၌ ထပ်မံ တင်ပြရ ဦးမည် ဖြစ်သဖြင့် ဤတွင် ဤမျှနှင့်ပင် ရပ်တန့်ရ ပေတော့မည်။

စစ်တမ်းများတွင် နယ် ၄ ရပ်၊ ၇ ရပ် သတ်မှတ် သည့် အတွင်းရှိသည့် မြေအမျိုးမျိုးအကြောင်း ကို ဖော်ပြပြီးနောက် ထိုမြေများမှ မြေဆိမြေခွန် ပေးဆက်ရပုံကို အစစ်ခံလေ့ရှိသည်။ ယေဘုယျ အားဖြင့် မည်သည့်အခွန်အကောက်မဆို ဆယ်ခိုင့် တခိုင်သာ ကောက်ခံသည်ဟု ဆိုငြားသော်လည်း အကယ်စင်စစ် မဟုတ်ပေ။ ဒေသအလိုက် စိုက်ခင်း ပျိုးခင်း မတူသည်နှင့်အမျှ မြေဆီသြဇာအလိုက် လည်း အထွက်နည်းများ ရှိချေ၏။ ထို့ကြောင့် အခွန်ကောက်ခံသည့်နေရာတွင် များသည့်နေရာ များ၍ နည်းသည့်နေရာ နည်းသည်ကို တွေ့ရပေ သည်။ မြေဆိမြေခွန်များမှ ရှေးဦးစွာ ယခုခေတ် လယ်ခွန်ဟု နားလည်ကြသည့် ရှေးအခေါ် သံ မှုရင်းအစွတ်၊ အခြောက်လယ်များအပေါ် အခွန် ကောက်ခံပုံကို တင်ပြပါမည်။ ယင်းသည်ကိုလည်း မြို့ရွာအလိုက် ဓလေ့ထုံးစံအတိုင်း အခွန်ကောက်ခံ သဖြင့် ပုံစံများနှင့် ထုတ်ဆောင်ကိုးကားပါမည်။ ရှေးဦးစွာ ဟံသာဝတီ ၃၂ မြို့မှ လယ်ခွန်အမျိုး မျိုး အကြောင်းကို တင်ပြပါမည်။ အခွန်ကောက်ခံ ရာ၌ ကျွဲတယှဉ်းလုပ်ကို မည်မျှဟူ၍ ကောက်ခံ ရှိသည်။ အချို့ဒေသများတွင် ကျွဲတယှဉ်းလုပ်ကို စပါးတင်း ၅၀ ဟူ၍၎င်း[၆]၊ အချို့မြို့ရွာများတွင် လယ်ကျွဲတယှဉ်းလုပ်ကို ခွန်မစပါး ၁၀ တင်း၊ ကြွက်စား ၁ တင်း၊ ဝန်စား ၁ တင်း၊ ကျီစိုး

---

၁။ စလေမြို့ ၁၁၄၅ ခု စစ်တမ်း

၂။ တလုပ်မြို့စစ်တမ်း

၃။ အရှေ့ကို အလံပုဂံ၊ တောင်ကို ကျုံးရိုးချောင်း၊ အနောက်ကို ဖွားစောရွာ ကျောက်တန်း၊ မြောက်ကို မင်းနန်းသူကျောင်း ဝတ်မြေနှင့်အစပ်၊ အရှေ့ အနောက် ၁ တိုင်၊ တောင် မြောက် ၅၀၀ တွင်း။ မသဂ ၃၂။ ၁။ ၅၇။

၄။ အရှေ့ကို ထနောင်းကန်ရွာ မြေစပ် ဘုရားကုန်းထိ၊ တောင်ကို မန်ကျည်းခါးလှအခြား၊ အနောက်ကို ကျောက်ကုံးနှုဖူးထိ၊ မြောက်ကို မင်းလမ်းစချီမြေစပ်၊ အရှေ့ အနောက် တတိုင်ခန့်၊ တောင်မြောက် တတိုင်ခန့် မသဂ ၃၂။ ၁။ ၆၀။

၅။ ပုဂံမြို့ ၁၁၄၅ ခု စစ်တမ်း (ဦးဝန်စာစု)

၆။ ''အစွတ်လယ် ကျွဲတယှဉ်းလျှင် စပါး ၅၀ တင်း ကျန်တော်မြို့သူကြီးက ရှေးထုံးစံရှိသည့်အတိုင်း နှိုးဆော်ကောက်ခံ၍ မြို့စား ရှိလျှင် မြို့စားမှာ ပေးချိန်ဆောင်ရွက်ရပါသည်။ မြို့စားမရှိလျှင် အခွန်ဝန် အခွန်စာရေးတို့ထံ ပေးရိုးရှိသည်။''
(ကောလိယမြို့ ၁၁၆၄ ခု စစ်တမ်း မသဂ ၆။ ၂၂၂။ )
''လယ်လုပ်သားတို့ ကျွဲတယှဉ်းလျှင် စပါး ၅၀ တင်းကျ ဟံသာဝတီမြို့ဝန် ရေဝန် အခွန်ဝန် အကောက်ဝန်တို့ ဆင့်ဆိုရာနာခံ ၍ ဟံသာဝတီမြို့ ကျီတော်မှာ ဆက်သွင်းရသည်'' (မေရဋ္ဌရာမြို့ ၁၁၆၄ ခုစစ်တမ်း မသဂ ၇။ ၅၂။) ''လုပ်ဆောင်သည့် ကျွဲယှဉ်း ၅၀ တယှဉ်းလျှင် မျိုးစပါး ၁၅ တင်းကျ လုပ်ဆောင်ပါသည်။ မြို့ဝန် ရေဝန် အခွန်ဝန် အကောက်ဝန် စစ်ကဲ နာခံ စာရေးကြီး အခွန်စာရေးတို့က အခွန်ရေးစစ် သိမ်းခံလျှင် ကျွဲတယှဉ်းလျှင် အခွန်စပါး ၅၀ တင်းကျ ဟံသာဝတီမြို့ ကျီတော် မှာ ဆက်သွင်းရပါသည်'' (ဟံသာဇိုင်ဂနိုင်မြို့ ၁၁၆၄ ခု စစ်တမ်း မသဂ။ ၅၁)

၁ တင်း စသဖြင့်ရင်း၊[၁] ၅၅ တင်းဟူ၍ရင်း[၂] ၂၅ တင်းဟူ၍ရင်း၊[၃] အခွန်ငွေရွက်နီ ၂ဝ ရေးစား ၁ မတ်၊ အဆော် ၁ မတ်ဟူ၍ရင်း[၄] အသီးသီး တွေ့ရ၏။ ဤမျှနှင့်ပင် တနယ်နှင့်တနယ် အခွန်ကောက်ပုံ ကွဲပြားသည်ကို သိနိုင်ပေ၏။ ဟံသာဝတီ ၃၂ မြို့နှင့် နယ်မြေခြင်းစပ်နေသည့် မုတ္တမ ၃၂ မြို့မှ မြေခွန်မှာ ဟံသာဝတီနယ်တွင်းကဲ့သို့ မဟုတ်ချေ။ လယ်လုပ်သားတဦးလျှင် ရှေးအခါက ငွေမတ်စေ့ ၄ လုံး ပေးရသော်လည်း ၁၁၄၅ ခု စစ်တန်းရေးစစ်ချိန်တွင် ငွေမတ်စေ့ ၄ လုံး အစား ငွေရွက်နီ ၁-ကျပ် ပေးရသည်ကိုတွေ့ရ၏။[၅] ပုသိမ် ၃၂ မြို့တွင် လယ်ခွန်ရှိဟန်မတူချေ။[၆] တောင်ငူမြို့တွင် မင်းမြေမှ လယ်ခွန်သည် ကျွဲတယှဉ်းလုပ်ကို စပါး ၁ဝ တင်းဖြစ်၍ နွားတယှဉ်းလုပ်ကို စပါး ၅ တင်းဖြစ်၏။ သို့ရာတွင် ဝတ်မြေလုပ်သူတို့သည် အခွန်အဖြစ် တကိုယ်လျှင် ငွေတမတ်ကျစီ ဘုန်းတော်ကြီးအား ဘုရားမွမ်းမံပြင်ဆင်ရန် ပေးရကြောင်းကိုတွေ့ရ၏။[၇] မြေလပ်ဒေသ အချို့ မြို့ရွာများတွင် လယ်ခွန်ရှိ၏။ ဥပမာ စလေမြို့ကျေးတွင်ပင် အစွတ်လယ်ယာ၊ ကျွဲယှဉ်းလုပ်၊ နွားယှဉ်းလုပ် ခြေကြောက်ရေးရိုးဟူ၍ ရှိပေ၏။ ယင်းသည်ကို စစ်တန်းများတွင်ဖော်ပြသည်ကား—

အစွတ်လယ်ယာ ကျွဲတယှဉ်းလုပ်လျှင် ခွန်မကြေး ၁၅ဝိ အပို ၁၅ဝ အကဲ ၁၅ဝ ရေးစား

---

၁။ "လယ်လုပ်လူ ကျွဲတယှဉ်းလျှင် ခွန်မစပါး ၁ဝ တင်း ကြွက်စား ၁ တင်း ဝန်စား ၁ တင်း ကျီစိုး ၁ တင်း၊ ကျီစာရေး ၂ စိတ် တင်နှီး ၂ စိတ်ထမ်း" (ကျောက်စရစ်မြို့ ၁၁၄၅ ခု။ ၁၁၆၄ ခု စစ်တန်းများ)။ "လုပ်သားတို့မှာ ကျွဲတယှဉ်းလျှင် ခွန်မစပါး၁ဝ တင်း ကြွက်စား ၁ တင်း ဝန်စား ၁ တင်း ကျီစိုး ၁ တင်း ကျီစာရေး ၂ စိတ် သူကြီးစား ၁ တင်း"(ကျောက်မော်မြို့ ၁၁၄၆ ခု စစ်တန်း) "ကျွဲယှဉ်းလုပ်သားတို့မှာ ကျွဲတယှဉ်းလျှင် အခွန် ၁ဝ တင်း ကြီးစား ၁ တင်း ဝန်စား ၁ တင်း ရေးစား ၂ စိတ် ဆော်စား ၁ စိတ်" (ကျောက်မော်မြို့ ၁၁၆၄ ခု စစ်တန်း) "ကျွဲတယှဉ်းလုပ်လျှင် ခွန်မစပါး ၁ဝ တင်း ကြွက်စား ၁ တင်း ဝန်စား ၁ တင်း ရေးစား ၂ တင်း ကျီစိုး ၁ တင်း ကျီစာရေး ၂ စိတ် ရုံးမှာ ၂ စိတ် တင်းနှီး ၁ စိတ် (ကျောင်းပြာယော်မြို့ ၁၁၄၆ ခု စစ်တန်း၊ ကင်းပု--၄၇ဝ) ကျွဲတယှဉ်းလျှင် ခွန်မစပါး ၁ဝ တင်း ကြွက်စား ၁ တင်း ဝန်စား ၁ တင်း ကျီစိုး ၁ တင်း ကျီစာရေး ၂ စိတ် (မင်းရဲလှမြို့ ၁၁၄၆ ခု စစ်တန်းကင်းပု-၄၇ဝ)

၂။ "ကျွဲတယှဉ်းလုပ်လျှင် စပါး ၅၅ တင်း ကျီတော်သို့ ကျီစိုးတို့ထံ ချင်တွက်ပေးရပါသည်။" (ဘောင်းလင်းမြို့ ၁၁၆၄ စစ်တန်း။ **မသဂ** ဂ။ ၄၉)

၃။ ဟံသာဝတီမြို့ ၁၁၆၄ ခု စစ်တန်း (ကင်းပု—၄၆၉)

၄။ **ကောလိယမြို့ ၁၁၄၅ ခု စစ်တန်း မသဂ** ၆။ ၂၂၁။

၅။ ငွေမတ်စေ့ ၄ လုံးအစား ငွေရွက်နီ ၁ဝ စီ ပေးရခြင်းမှာ ဆင်ဖြူရှင်မြေတူးမင်းလက်ထက် မင်းရဲဥဇနာကို မုတ္တမမြို့ဝန် ခန့်သည်မှ စ၍ ဖြစ်ပေသည်။ မုတ္တမ ၃၂ မြို့ လယ်ခွန်အကြောင်းပါသည့် စစ်တန်းများမှာ အထရံမြို့ ၁၁၄၆ ခု ကော့မြို့ ၁၁၄၆ ခု၊ ကျိုင်မြို့ ၁၁၄၆ ခု၊ ဘီလူးကျွန်း ၁၁၄၅ ခု၊ မော်လမြိုင်မြို့ ၁၁၄၅ ခု၊ ရေးမြို့ ၁၁၄၆ ခု စစ်တန်းများဖြစ်ပါသည်။ (မုတ္တမ မြို့ ၄၅ ခု၊ ၆၄ ခု စစ်တန်း၊ ကင်းဝန်စာစု ပုရပိုက် ၄၇၃)

၆။ ဦးဘိုးကျားရေး **ပုသိမ်ရာဇဝင်နှင့် ဦးထွန်းရှိန်** အတ္ထုပ္ပတ္တိတွင် ပါရှိသည့် ပုသိမ်မြို့ ၁၁၄၅ ခု။ ၁၁၆၄ ခု **စစ်တန်းများ၌** လယ်ခွန်အကြောင်း မတွေ့ရချေ။

၇။ "လယ်လုပ်သူတို့မှာ ကျွဲတယှဉ်းလုပ် အခွန်တော် စပါး ၁ဝ တင်း၊ နွားတယှဉ်းလုပ် အခွန်တော် စပါး ၅ တင်း မင်းမြေလုပ်သူတို့ကို နှိုးဆော်ခန့်ထား၍ သွင်းရပါသည်။ အခွန်တော်စပါး ၁ဝ တင်းလျှင် ကြွက်စား ၁ တင်း၊ ဝန်စား ၁ တင်း၊ ရေးစား ၂ စိတ်၊ ကျီစိုးစား ၁ တင်း ၁ စိတ်ကျစီ ကောက်စား မြဲရှိပါသည်" (တောင်ငူမြို့ ၁၁၄၅ ခု စစ်တန်း။ ရှေးဟောင်းသုတေသနရုံး စာစု လက်ရေးမူ)

၁၅ိ ပတ်ဘိုးကြေး ၂ိ ၂ံ လက်ဆောင် ဆန် ၁ စိတ်[၁]

ဟူ၍ငင်း

ဘုရားကျောင်းမြေမှာ အခွန်ခြေကြောက်ရေးရိုး။ လုပ်စား ၁၀၀ တင်းရလျှင် ခွန်မ ၁၀ တင်း ထမ်းတိုင်စား ၁ တင်း ရေးစားငွေ ၁ မတ် ဆေးထုပ်ပေးရိုး။ အပိုအကဲမရှိ။ အခွန်ကို ဝတ်သိမ်းသင်္ဃာတို့က သိမ်းခံရိုး။[၂]

ဟူ၍ငင်း

စကြိုဘုရားဝတ်မြေမှာ အခွန်ခြေကြောက်ရေးရိုး လုပ်စား ၁၀၀ တင်းရလျှင်ခွန်မ ၁၀ တင်း သူကြီးစား ၁ တင်း တင်းနှိုး ၁ စိတ်။ ၁ တင်းခြင်လျှင် အမှတ်တလက်ခုတ်ပေးရိုး။[၃]

ဟူ၍ငင်း

နွားတယှဉ်းလုပ်ရလျှင် ခွန်မကြေး ၇၅ိ၊ အပို ၇ိ ၂ံ၊ အကဲ ၇ိ ၂ံ၊ ရေးစား ၇ိ ၂ံ၊ ပတ်ဘိုးကြေး ၂ိ ၂ံ မြေတိုင်းစား လက်ဆောင် ဆန် ၁ စိတ်ပေးရိုး။ အခွန်ကို မြို့သူကြီး ပေးအပ်၍ အရာတော်ဆက်သွင်းရိုး။[၄]

ဟူ၍ငင်း တွေ့ရ၏။ တလုပ်မြို့ကျေးတွင် စလေမြို့ကျေးတွင်ကဲ့သို့ ခြေကြောက်ရေးရိုးရှိ၏။ ခွန်မမှာ စလေမြို့ကျေးဘွင်ကဲ့သို့ ၁၀၀ လျှင် ၁၀ ဖြစ်သော်လည်း အပိုအကဲ ကောက်ခံပုံမှာ အနည်းငယ်ကွဲပြားသည်။[၅] သို့ရာတွင် စလေမြို့တွင်ကဲ့သို့ ကျွဲယှဉ်းလုပ်၊ နွားယှဉ်းလုပ်ဟု အခွန်ဖွဲ့ရိုးမရှိချေ။ ပယ်ဖွဲ့ရေးရိုးသာ ရှိပေသည်။ ယင်းတွင် လယ်တပယ်ကို ခွန်မစပါး ၂ တင်း၊ လယ်ဘိုးကြေး ၁၆ဝိ၊ အကဲကြေး ဂ၆ိ၊ ခြင်တို့စပါး ၂ တင်း၊ အဆောင်ကြေး ၄ဂိ ၂ံ၊ ရေးစား ၁ိ၊ မြို့သူကြီးတဝက်၊ ရေးသူလုင်တို့တဝက် ဝေစားကြရပါသည်။[၆] တောင်သာမြို့နှင့် ပြင်စည်မြို့ကျေးတို့တွင် လယ်ခွန်မှာ ၁၀၀ လျှင် ၁၀ ဖြစ်၍[၇] ပြင်စည်မြို့ဝတ်မြေတွင် ကျွဲယှဉ်း ၁ လျှင် ဆန် ၁ တင်း ငွေ ၁ မတ်

---

၁။ စလေမြို့ ၁၁၄၅ ခု စစ်တန်း(ဦးဝန်စာစု)

၂။ စလေမြို့ ၁၁၆၄ ခု စစ်တန်း (ဦးဝန်စာစု)

၃။ စလေမြို့ကျေး ခွေးချီရွာ ၁၁၆၄ ခု စစ်တန်း (ဦးဝန်စာစု)။ ဥယျာဉ်ရွာ ၁၁၆၄ ခု စစ်ဘန်းဘွင်လည်း အလားတူပါသည်။

၄။ စလေမြို့ကျေး ပျွရွာ ၁၁၄၅ ခု စစ်တန်း(ဦးဝန်စာစု)

၅။ "ဘုရား၊ ကျောင်း၊ သင်္ဃာစားမြေမှာ စပါး ၁၀၀ တင်းထွက်လျှင် ခွန်မ ၁၀ တင်း ကြီးစား ၂ တင်း ရေးစား ၂ တင်း ရေးစစ်သိမ်းခံ၍ ဆိုင်ရာမှာခွန်မကို ပေးသွင်းရပါသည်။ အပိုအကဲ အဆောင်မရှိပါ။ မင်းမြေတွင် ခြေကြောက် လုပ်သူတို့မှာ စပါး ၁၀၀ တင်းလျှင် ခွန်မစပါး ၁၀ တင်း ကြီးစား ၃ တင်း ၂ စိတ် ရေးစား ၃ တင်း ၂ စိတ် ရေးစစ်သိမ်း ခံရပါသည်။ အပိုကြီးစား ရေးစားမှာ မြို့သူကြီးနှင့် ရေးသူတို့ စားရပါသည်။ "(တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း) တလုပ်မြို့ကျေး အနိမ့်ရွာ၌ ဝတ်မြေတွင်လုပ်သူတို့မှာ လုပ်စားစပါး ၁၀၀ လျှင် ခွန်မ ၁၀ တင်း တိုင်စား ၂ တင်း ကောက်ခံ၍ ခွန်မကို ဝတ်သိမ်းတို့ကို ပေးရသည်။ တိုင်စားကို မြေတိုင်သူကြီးတို့ စားရသည်။ (အနိမ့်ရွာ ၁၁၄၅ ခုစစ်တန်း။ ဦးဝန်စာစု)

၆။ တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း။ အနိမ့်ရွာတွင် ပယ်ဖွဲ့ရေးရိုးမှာ တပယ်လျှင် ခွန်မ ၃ တင်း၊ အဖိုးကြေး ၃ဝိ အကဲ ၃ဝိ၊ ပို ၁၅ိ၊ ဆောင် ၉ဝိ၊ တိုင်စား ၁ တင်း ဖြစ်ပါသည်။

၇။ "လုပ်စားရ အစွတ်အခြောက် ၁၀၀ လျှင် ခွန်မ ၁၀၊ ပို၊ ကဲ ၂ တင်း ၂ စိတ် ရေးစား တတင်း၊ တိုင်စားတတင်း" (တောင်သာမြို့ ၁၁၄၄ ခု စစ်တန်း။ ဦးဝန်စာစု) "စပါးစားရ ၁၀၀လျှင် ခွန်မ ၁၀ တင်း အဆောင်း ၁ တင်း တိုင်စား ၁ တင်း ကောက်ခံ၍ ခွန်မ၊ ရေစား၊ အဆောင်မှာ ရေးစစ်သူတို့ကို ခြင်သွင်းရပါသည်" (ပြင်စည်မြို့ကျေး မကွေးရာရွာ ၁၁၆၄ ခု စစ်တန်း။ ဦးဝန်စာစု) "စပါး ၁၀၀ လျှင် အခွန် ၁၀ တင်း၊ ရေးစား ၁ တင်း၊ တိုင်စား ၁ တင်း တင်းနှိုးလက်ခုတ် ၁ တင်း" (ပြင်စည်မြို့ကျေး လှည်းစာတွန်းရွာ ၁၁၄၅ ခု စစ်တန်း)

ဖြစ်ပေသည်။[1] အထက်မြန်မာပြည်၏ ကျီကြီးသဖွယ်ဖြစ်သော ကျောက်ဆည် ၉ ခရိုင်မှ လယ်ခွန်မှာ အမျိုးမျိုးဖြစ်ပေသည်။ ဥပမာ—မြို့စားတို့စားမြေ၊ ကျောင်းဘုရားဝတ်မြေနှင့် အစုအမှုထမ်းတို့မြေများမှ လယ်ခွန်သည် လယ်တပယ်လျှင် ခွန်မကြေး ၁၀၀ိ၊ ရေးစား ၂၅ိ၊ ဆန် ၁ တင်း ဖြစ်ပေသည်။ လမိုင်းလယ်များကို လုပ်ဆောင်သူတို့မှာနွားတယှဉ်းနှင့် မျိုးစပါး ၁၀ တင်းပေး၍ လယ်တပုံ (၃ ပယ်ခွဲ) လုပ်စေလျှင် ထိုသူတို့သည် ကျီတော်ရောက်စပါး ၂၅ တင်းပေးသွင်းရသည်။[2] အထက် မြန်မာပြည်၏ ကျီကြီးတခုဖြစ်သော မတ္တရာကျော်စည်တိုက် အဝင်အပါ စုန်းမြို့နယ်တွင် ကျောင်း၊ ဘုရားဝတ်မြေ၊ မင်းမြေ၊ သန်မုရင်းလယ်များမှာ တပယ်လျှင် ခွန်မကြေး ၂၀၀ိ၊ အပို ၂ဝိ၊ ရေးစား ၂ဝိ၊ တိုင်စား စပါး ၁ တင်း၊ မြေတိုင် အခွန်ကြေးမှာ ဆယ်ခိုင့် တခိုင် နုတ်၍ ခွန်မကြေး အပိုအကဲ ကြေးများကို ဆိုင်ရာကို ပေးရသည်ဟု တွေ့ရပါသည်။[3] ရွှေဘိုခရိုင် စည်ပုတ္တရာမြို့နယ်မှ လယ်ခွန်သည် စပါးတင်း ၁၀၀ လျှင် ခွန်မစပါး ၂၀ အပို ၁ တင်း ရေးစား ၂ စိတ်စီ ကောက်ခံ၍ အရာတော်ဆက်သွင်းရ၏။[4] ကသာခရိုင် မြတောင်မြို့နယ်တွင်လယ်ခွန်မှာ ကျွဲတယှဉ်းလျှင် အဘိုင် စပါး ၁၂ တင်းဖြစ်ပေသည်။[5] ရခိုင်ပြည် အဝင်အပါ ရမ္မာဝတီမြို့ခေါ် ရမ်းဗြဲမြို့မှ လယ်ခွန်မှာ ကျွဲတယှဉ်း လုပ်လျှင် မြန်မာတင်း ၃ တင်း ရမ္မာဝတီမြို့ ကျီတော်ရောက် ခြင်သွင်းရ၏။[6] အသက်ဘွင် တင်ပြခဲ့သည့် ထုတ်ဆောင်ကိုးကားချက်များကို ကြည့်ရှုစစ်ဆေးလျှင် မြန်မာပြည်၌ လယ်ခွန်သည် ဒေသအလိုက် ကွဲပြားပုံကို စစ်ဘန်းများက ထုတ်ဖော် ပြသ နေကြောင်း ထင်ရှားလှပေသည်။

ယခုတဖန် စစ်တန်းများတွင် ယာနှင့် တောင်ယာခွန် အကြောင်း ပါရှိသည်များကို တင်ပြလိုပါသည်။ စစ်တန်းများ သိမ်းယူစဉ်က ယခုခေတ်ကဲ့သို့ ယာသည် မြေပြန့်တွင်သာ လုပ်ဆောင်၍ တောင်ယာကို တောင်စောင်း၊ တောင်ခြေများတွင် လုပ်ဆောင်သည်ဟု သတ်မှတ်ဟန် မတူချေ။ ယာနှင့်တောင်ယာကို လက် ခုပ် လက် ဝါး ရေးကြ၏။ဟံသာဝတီ ၃၂ မြို့ ကျောက်မော်မြို့ တမြို့တည်းတွင်သာ တောင်ယာခွန် တွေ့ရှိရ၏။ ယင်းတွင် တောင်ယာ လုပ်ကိုင်သူတို့မှာ ကရင်အမျိုးသားများ ဖြစ်ကြလျက် ရှေးအခါက ကရင်တခန်းလျှင် စပါး ၅ တင်း အခွန်ပေးဆောင်ခဲ့ရ၏။ သို့ရာတွင် ဆင်ဖြူရှင် မြေတူးမင်းလက်ထက်မှ စ၍ စပါးအစား ငွေ ရွက်နီ ၁ိ စီ ပေးခဲ့ရသည်။ တောင်ယာခွန်မှ ငွေ ၁ဝိ လျှင် ဝန်စား ၁ိ ရေးစား ၂ိ ပေး၍ အခွန်ကို မြို့စားရှိလျှင် မြို့ စား သို့ ပေးဆောင်ရလျက် မြို့စားမရှိမူကား တောင်ငူတိုက်တော်သို့ သွင်းရသည်။ ကျောက် မော် မြို့ တွင် ပင် ယာခွန်လည်း ရှိပေ၏။ ယင်းမှာ ထားမတစင်းလုပ်ကို ငွေ ၂ိ ဖြစ်၏။[7] ပုသိန် ၃၂ မြို့တွင် တောင်ယာ

၁။ ပြင်စည်မြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)
၂။ ဦးဘသိမ်း **ကိုးခရိုင်သမိုင်း** စာမျက်နှာ ၅၈-၉
၃။ **မြန်မာမင်းအုပ်ချုပ်ပုံ** အတွဲ ၂၊ စာမျက်နှာ ၁၈၁၊ ငရင်းကျေး မကွေ့တရာရွာတွင် လယ် ၁ ပယ်ကို ခွန်မ ငွေ ၁ိ၊ ရေးစား တိုင်စား ၁၀ ခိုင့် တခိုင်။ **မြန်မာမင်းအုပ်ချုပ်ပုံ၊** အတွဲ ၂၊ စာမျက်နှာ ၁၈၀။
၄။ စည်ပုတ္တရာမြို့စစ်တန်း အမျိုးသားစာကြည့်တိုက်၊ ပေ ၂၂၇၁-ကီ ကျော
၅။ မြတောင်မြို့ ၁၁၆၄ ခု စစ်တန်း (ဝန်သိုမြို့နယ် စစ်တန်းများ)
၆။ ရမ္မာဝတီမြို့ ၁၁၆၄ ခု စစ်တန်း(အမျိုးသားစာကြည့်တိုက်၊ ကင်း ပု-၄၇၀)
၇။ ကျောက်မော်မြို့ ၁၁၆၄ ခု စစ်တန်း၊ ကင်း ပု-၄၇၀၊

လုပ်သူတို့မှာ ချင်းနှင့် ကရင်အမျိုးသားများ ဖြစ်ကြ၍ တကိုယ်လျှင် ငွေ ၁၀ ဝန်စာရေးစား၊ ဆော်၊ လုင်ပါငွေ ၈ျး၊ မြို့သူကြီးစား ဖယောင်း ၁ပိဿာ ပေး ကြ ရ၏။ ထိုအခွန်ကို အခွန်ဝန်စာရေးတို့က ကောက်ခံ၍ ခွန်မကို ဆိုင်ရာသို့ ပေးသွင်းရပေသည်။[၁] မြေလပ်တွင်ရှိ ယာများ၌ များသောအားဖြင့် နှမ်း၊ ပဲ၊ ပြောင်း စသည်တို့ကို စိုက်ပျိုးလေ့ရှိသည်။ စလေမြို့ကျေး၌ တောင်ယာ အများရှိ၏။ ထိုတောင်ယာများမှ အခွန်ယူပုံကား သူ့ရဲမင်းမြေတွင် အခြောက်တောင်ယာ နွား တယှဉ်းလုပ်လျှင် ခွန်မကြေး ၁၅၀၊ ပို ၁၅၀၊ အကဲ ၁၅၀၊ ရေးစား ၁၅၀၊ ပတ်ဘိုးကြေး ၂၀၂ လက်ဆောင်ဘန်း ၁၀ ဖြစ်သည်။[၂] တလုပ်မြို့ကျေးဘွင် ယာခွန် ၂မျိုးရှိ၏။ ကုန်းတွင် ယာလုပ်သူတို့မှာ နှမ်းမျိုး ၁ တင်းကြဲလုပ်လျှင် ခွန်မငွေ ဝိ ကြီးစား ၁ျး၊ ရေးစား ၁ျး ပေးဆောင်ရသည်။ အပိုအကဲ မရှိချေ။ နောက်တနည်းကား ယာလုပ်သူတို့မှာ နှမ်း ၁ တင်းကြဲလျှင် ခွန်မငွေ ၁၀၊ ကြီးစား ၃ျး ၁ဲ ရေးစား ၃ျး ၁ဲ သူကြီးက ရေးစစ်သိမ်းရပေသည်။[၃] ပြင်စည်မြို့ကျေးရှိ ယာခွန် ၂မျိုးမှာ ကွဲ့တယှဉ်းလုပ်ကို ငွေ ၁၀[၄] နှင့် ကွဲ့တယှဉ်းလုပ်ကို နှမ်း ၁ တင်းနှင့် လဖက်တထုပ် ဖြစ်ပေသည်။[၅] ပုဂံမြို့ကျေးတွင် တောင်ယာ ပဲ ပြောင်း လူး ဆပ် စိုက်ပျိုးကြလေသည်။ မြို့မဥပစာတွင်ရှိ မင်းမြေမှ ယာတခင်းလျှင် ငွေ ၂၀ ကောက်ခံရသည်။[၆] ဝတ်မြေမှ ခွန်မသည် ပုံသေလိုပင် ဆယ်ခိုင့်တခိုင် ဖြစ်ပေသည်။ သို့ရာတွင် အပိုအကဲတိုင်စား၊ ဆော်စား စသည်တို့မှာ ကွဲပြား၏။ ဥပမာ တောင်ဖက်တန်း ၂၇ ရွာတွင် ဝတ်မြေချည်းဖြစ်၍ ဆပ်ကို ရွာ ၃ ရွာတွင်သာ စိုက်သည်။[၇] ပြောင်းမှာ အများဆုံး စိုက်ပျိုးကြ၍ ပဲနှင့်လူးများကိုမူ ပြောင်းလောက် စိုက်ပျိုးခြင်း မရှိပေ။ တောင်ဖက်တန်းတွင် ခွန်မများမှာ အထက်၌ ဆိုခဲ့ပြီးသည့်အတိုင်း များသောအားဖြင့် ဆယ်ခိုင့်တခိုင်ဖြစ်၍ ရေးစား၊ တိုင်စား စသည်တို့သာ ကွဲပြား၏။[၈] ယင်းနယ်ဘွင်းရှိ ရွာ ၂ ရွာမှာ မြေခွန်မဆောင်ရချေ။[၉] ယောင်နောက် လက်ပံရွာမှ ယာတခင်းလျှင် ကြေး၇၅၀ ရေးစား ၂၅၀ တိုင်စား ၂၅၀ ဖြစ်ပေသည်။ တောင်ပုံတန်း ၁၇ ရွာတွင် ပဲအများဆုံးစိုက်၍ လူးနှင့်ပြောင်းများမှာ အတော်အသင့်သာ စိုက်ပျိုး၏။ ဆပ်ကို တရွာ[၁၀] တွင်သာ စိုက်ပျိုးပါသည်။ တောင်ယာမြေခွန်မှာ ဆယ်ခိုင့်တခိုင်ဖြစ်၍ ရေးစား၊ တိုင်စား အမျိုးမျိုး

---

၁။ ဦးဘိုးကျား၊ **ပုသိမ်ရာဇဝင်** စာမျက်နှာ ၈၅။

၂။ စလေမြို့ ၁၁၆၄ ခု စစ်ဘန်း။ ၁၁၄၅ ခုစစ်တန်းနှင့်စာသော် ၂ ဆ ခန့်ရှိ၏။ **စ**လေမြို့ကျေး ဥယျာဉ်ရွာဘွင် နှမ်းတတင်းကြဲလျှင် နှမ်း ၁ စိတ် ပေးရ၏။ ဥယျာဉ်ရွာ ၁၁၆၄ ခု စစ်တန်း

၃။ တလုပ်မြို့ ၁၁၄၅ ခုစစ်တန်း

၄။ လှည်းစာတွန်ရွာ ၁၁၄၅ ခု စစ်တန်း

၅။ ပြင်စည်မြို့ ၁၁၄၅ ခု စစ်တန်း

၆။ ပုဂံမြို့ ၁၁၄၅ စစ်တန်း

၇။ ပျွန်ရွာ၊ ကန်စောင်ရွာ၊ ညောင်များရွာ

၈။ ညောင်ချင်ရွာတွင် ရေးစား ၁ဲ တိုင်စား ၁၀။ ငလှိုင်ရွာတွင်ရေးစား ၁၀ တိုင်စား ၈၊။ ဒန့်ကျင်ရွာနှင့်မြေသင်ရွာတိတွင် ရေးစား ၁၊ တိုင်စား ၁၀။ ပလင်ရွာတွင် ရေးစား ၈၊ တိုင်စား ၁၀။ ညောင်များရွာတွင် ရေးစား ၁၀ဆော်စား ၈ိ

၉။ သဖန်းခါးရွာ၊ ညောင်ဦးရွာ။

၁၀။ ကျပ်ရွာ။

ရှိပေသည်။[၁] ငကျော်တန်း ၁၀ ရွာတွင်လည်း တောင်ယာခွန်မှာ ၁၀ ခိုင့်တခိုင် ဖြစ်သော်လည်း တိုင်စား၊ရေးစား၊ ဆော်စားတို့သည် မတူကြပေ။[၂] ပုဂံမြို့ စီရင်စုအဝင်အပါဖြစ်သော ရွာသာမြို့တွင် ယာခွန်မှာ ယာတခင်းလျှင် အခွန်တော်ကြေး ၅၀ိ အပို ၅ိ အကဲ ၂၅ံ ရေးလုင်တို့မှာ ဝါ ၁ ပိဿာဖြစ်၏။[၃] ငှင်းမြို့ကျေး မြောင်ရွာနှင့် လက်ဆောက်ရွာများမှ ယာခွန်သည် ယာတခင်း လျှင် ကြေး ၂၀၀ အပိုကြေး ၅ိ အကဲ ၂၅ံ ရေးလုင်တို့မှာ ဝါ ၁ ပိဿာတန် ပေးရ၏။[၄] မြောင်ရွာတွင်ရှိ ပုဂံရွှေကျောင်းဝတ်မြေ ယာ ၄ ခင်းမှ ဆယ်ခိုင့်တခိုင်ကိုမူ ဝတ္တကံသိမ်း တို့အား ပေးသွင်းရသည်။[၅] ပုဂံမြို့စီရင်စုအဝင် စဥ့်ကူမြို့ရှိ အခြောက်တောင်ယာမှ နွားတယှဉ်းလုပ်ကို ခွန်မကြေး ၅ိ၊ အပို ၅ိ၊ အကဲ ၅ိ၊ တိုင်စား ၁ိ ပေးသွင်းရ၏။[၆] ပုဂံမြို့နှင့် နယ်ချင်းစပ်နေသည့် တူရွှင်းတိုင်မြို့တွင် ယာနွား တယှဉ်း လုပ်ကိုခွန်မ ကြေး ၁၅ိ၊ အကဲ ၃၇ိ၂ံ၊ ရေးစား ၁၂ိ၂ံ၊ တိုင်စားဆော်စား ၁၂ိ၂ံ ပေးရသည်။[၇] တူရွှင်း တိုင်မြို့ကျေး တောင်ရွှေ့ရွာတွင် ယာနွားတယှဉ်း လုပ်လျှင် ခွန်မကြေး ၂၅ိ၊ ရေးစား ၅ိ ဖြစ်သည်။[၈] ထိုမြို့အဝင်ရွာမြိန်ရွာမှာ ယာနွားတယှဉ်း လုပ်လျှင် ခွန်မကြေး ၂၅ိ၊ ရေးစား ၅ိ၊ တိုင်စား ၅ိ ဖြစ်၏။[၉] ကျောက်ပန်းတောင်းမြို့ကျေးတွင် အခြောက်လုပ် နွားတယှဉ်းလျှင်ခွန်မ ၃ူ၊ ရေးစား ၁ူ မြို့စားတို့က ရေးစစ်သိမ်းရသည်[၁၀] ဟူ၍ငှင်း တောစွန်ရွာတွင် အခြောက် တောင်ယာမြေမှာ ကျွဲတယှဉ်းဖြစ်စေ၊ နွားတယှဉ်းဖြစ်စေ လုပ်စား လျှင် ခွန်မငွေ ၂ဲ၊ ရေးစား ၂ဲ၊ မြို့စားက ရေးစစ် ကောက်ခံလျှင် ပေးရိုးရှိသည်[၁၁] ဟူ၍ငှင်း အသီး သီး တွေ့ရှိရပေသည်။ သရောက် မြို့ကျေးမှ ယာခွန်မှာနွားတယှဉ်းလုပ်ကို ခွန်မငွေ ၂ံ၊တိုင်စား ငွေ ၁ူး ဖြစ်၏။[၁၂] ထို့ကြောင့် ယာခွန်သည်လည်း အမျိုးမျိုးရှိကြောင်း သိရှိရ၏။

မြို့ရွာတိုင်း၌ ကိုင်းမရှိချေ။ ချောင်နား မြစ်နား နီးသည့် မြို့ရွာများတွင်သာ ကိုင်းများ ရှိသည်။ ဟံသာဝတီ ၃၂ မြို့တွင် ကိုင်းခွန်မှာ

---

၁။ ရေးစား တိုင်စား ၁ိ (ဘောင်ပုံရွာ၊ ညောင်လှရွာ) ရေးစား ၁ိ တိုင်စား ၁ိ (ဆီးကုန်းရွာ) ရေးစား ၁ိ တိုင်စား ၁ိ (ဆီးကုန်းရွာ) ရေးစား ၁ႆ တိုင်စား ၁ိ (ဖလံအိုရွာ) ရေးစား ၁ိ တိုင်စား ၈ႆ (ကူရွာ၊ ရေမျက်ရွာ) ရေးစား ၈ႆ တိုင်စား ၁ိ (ရေလားရွာ) ရေးစား ဘိုင်စား ၈ႆ (ပေါင်ကွဲရွာ၊ လက်ပြံရွာ၊ ကျပ်ရွာ၊ ရေကြည်ရွာ၊ ပျင်ရွာ စပေရွာ။)

၂။ တိုင်စား ၁ႆ ဆော်စား ၁ိ (ငကျော်ရွာ၊ မြင်းဝန်ရွာ)။ တိုင်စား ၁ တင်း ရေးစား ဆော်စား ၁ိ (တင်ကပ်ရွာ၊ ဝမ်းပြည့်ရွာ) တိုင်စား ရေးစား ၈ႆ (လယ်ယားရွာ)။ တိုင်စား ရေးစား ၁ႆ ၁ိ (ကန်တော်ရွာ)။ တိုင်စား ၈ႆ ရေးစား ၈ႆ (ပုတီးတွင်းရွာ၊ သရက်ကန်ရွာ)။

၃။ ရွာသာမြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန် စာစု)

၄။ ပြောင်ရွာ ၁၁၆၄ ခု စစ်တန်း။ လက်စောက်ရွာ ၁၁၆၄ ခု စစ်တန်း (ဦးဝန်စာစု)

၅။ မြောင်ရွာ ၁၁၆၄ ခု စစ်တန်း

၆။ စဥ့်ကူမြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၇။ **တူရွှင်းတိုင်မြို့** ၁၁၄၅ ခု **စစ်တန်း၊ မသက** ၄၄။ ၁။ ၈၂။ ၁၁၆၄ ခု တွင် အကဲ ၃၅ိ ဖြစ်၏။ **မသက** ၄၄။ ၁။ ၈၃။

၈။ တောင်ရွှေ့ရွာ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၉။ ရွာမြိန်ရွာ ၁၁၆၄ ခု စစ်တန်း (ဦးဝန်စာစု)

၁၀။ အင်ပျိုရွာ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တန်း။ ကစည်ရွာ ၁၁၄၅ ခု စစ်တန်း။ ကစည်ရွာတွင် နွားတယှဉ်းလုပ်မှ **သူကြီးသည်** နှမ်း၊ ပဲတစိတ်စီ စားခွင့်ရှိ၏။ စကျော့ရွာ ၁၁၄၅ ခု စစ်တန်း

၁၁။ တောစွန်ရွာ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

၁၂။ သရောက်မြို့ ၁၁၄၅ ခု စစ်တန်း (ဦးဝန်စာစု)

ငွေ ၂ံ ဟူ၍ရင်း[၁]၊ ငွေ ၁ိ ဟူ၍ရင်း[၂] တွေ့ရှိရ၏။ တောင်ငူမြို့နယ်တွင် ကိုင်းခွန်မှာ ငွေ ၁ိ ဖြစ်၏။[၃] စလေမြို့နယ်တွင် ဆေးကိုင်းနှင့် ကြက်သွန်ခင်းများ ရှိ၏။ ၎င်းတို့မှ အခွန်ကောက်ခံပုံမှာ ဆေးကိုင်း ကွဲ ၁ ယှဉ်းလုပ်ကို ခွန်မကြေး ၁၅ိ အပို ၁၅ိ အကဲ ၁၅ိ ရေးစား ၁၅ိ ပတ်ဖိုးကြေး ၂ိ၂ံ လက်ဆောင်ဆေး ၂၅၀ ဖြစ်၍ ကြက်သွန် လုပ်သားတို့မှာ တမောင်းလျှင် ခွန်မကြေး ၇၅ိ ပို ၇ိ၂ံ ကဲ ၇၂ံ ရေးစား ၇ိ၂ံ ပတ်ဖိုးကြေး ၂ိ၂ံ လက်ဆောင် ကြက်သွန် ၁ တင်း ဖြစ်ပေသည်။[၄] စလေမြို့ကျေး ဥယျာဉ်ရွာတွင် ကိုင်းကျွန်းချလျှင် ကွဲတယှဉ်းလုပ်ကို လက်ဆောင်ဖျင် ၁၊ မြေတိုင်စားရိုးဟု ပါရှိသည်။[၅] တလုပ်မြို့တွင် ကိုင်းခွန်မှာ တင်း ၁၀၀ လျှင် ၁၀ ဖြစ်၍ ကြီးစား ၂ တင်း ရေးစား ၂ တင်း ဖြစ်၏။[၆] ပုဂံမြို့စီရင်စု စဥ့်ကူးမြို့နှင့် ရွာသာမြို့များတွင်လည်း ကိုင်းများ ရှိပေသည်။ စဥ့်ကူမြို့မှ ကိုင်းခွန်သည် အနံ အလံ ၁၀၀၊ အလျားအလံ ၁၂၀ ရှိ ကိုင်း ၁ လျှင် ခွန်မငွေ ၁ိ၂ံ အပိုအကဲ ၁ံ ရေးစား ၁ံ ပေးဆောင်ရ၏။[၇] ရွာသာမြို့ရှိ ကိုင်းများမှ ဆေး၊ ပဲ ၁၀၀ လျှင် အခွန်တော် ၁၀ အပို ၂၅ိ အကဲ ၁၂၅ိ ရေးစား ၇၅ိ ဖြစ်၏။[၈] မြတောင်မြို့တွင် ကိုင်း ၁ လျှင် ငွေ ၁ိ၊ တီထွင်စကိုင်းဖြစ်မူ ငွေ ၂ံ ပေးဆောင်ရပေသည်။[၉] ရခိုင်ပြည် ရမ္မာဝတီမြို့မှ ကိုင်းခွန်မှာ အနံ ၃၆ တောင် အလျားအတောင် ၁၂၀ ရှိ မဲနယ်ခင်း ၁ လျှင် ငွေဒင်္ဂါး ၁ိ၊ အနံအတောင် ၁၂၀ အလျားတောင် ၁၂၀ရှိ ပိုက်ဆံခင်းမှ အခွန်ငွေဒင်္ဂါး ၁ိ။ အနံတောင် ၁၂၀၊ အလျားတောင် ၁၂၀ ရှိ ဆေးကိုင်းမှ အခွန်သည် ရခိုင်ဘုရင်များ လက်ထက်တွင် ဝါးခြမ်း ၁တောင်ရှိ ဆေး ၁ သီဖြစ်ရာ မြန်မာပိုင်ဖြစ်သောအခါ ဆေး ၂ သီ ဖြစ်လာပါသည်။[၁၀] ဤသို့လျှင် ကိုင်းခွန်သည်လည်း အမျိုးမျိုး ရှိကြောင်းကို စစ်တန်းများတွင် ဖတ်ရှုလေ့လာရပေသည်။

ယခုတဖန် ထန်း၊ ပေ၊ အုန်း၊ကွမ်းပင်၊ကွမ်းသီးခွန်များအကြောင်းကို တင်ပြမည်ဖြစ်ရာ ရှေးဦးစွာ ထန်းခွန်နှင့် စပ်ဆိုင်သည်များကို ဖော်ပြပါသည်။ ထန်းခွန်မှာ များသောအားဖြင့် မြေလပ်ဒေသတွင်သာ တွေ့ရှိရ၏။ စလေမြို့ ဥပစာနယ်နှင့် ကျေးလက်အချို့တို့တွင် အခွန်ဆောင်ရလောထန်းပင်များ ရှိသည်။ မြို့မတွင် ထန်းတာပင် တက်လျှင် ခွန်မကြေး ၇၅ိ၊ အပို ၇ိ၂ံ၊ ရေးစား

၁။ ကိုင်းလုပ်လူ ထားမတစင်းလျှင် ခွန်မငွေရွက်နီ ၂ံ။ "(ကျောက်စာရစ်မြို့ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တန်း။ "ကျောက်မော်မြို့ ၁၁၄၆ ခု။ ၁၁၆၄ ခု စစ်တန်း။ ကျောင်းပြားယော်မြို့ ၁၁၄၆ ခု စစ်တန်း)။" ကိုင်းလုပ်သူ ထားမတစင်းလျှင် ခွန်မတော်ငွေ ၂ံ ထမ်း။ အခွန်ကို မြို့စားမှာ ဆက်သွင်းရိုး၊ မြို့စားမရှိလျှင် တောင်ငူကျီတော်တိုက်တော်မှာ ဆက်သွင်းရသည်။" (မင်းရဲလှမြို့ ၁၁၄၆ ခု။ ၁၁၆၄ ခု စစ်တန်း) အမျိုးသားစာကြည့်တိုက် ကင်း ပု- ၄၇၀။

၂။ "ကိုင်း ၁ လျှင် ခွန်မ ငွေ ၁ိ။" ကောလိယမြို့ ၁၁၆၄ ခု စစ်တန်း။ **မသဂ ၆။ ၂၂၂။**

၃။ တောင်ငူမြို့ ၁၁၄၅ ခု စစ်တန်း

၄။ စလေမြို့ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တန်း

၅။ ဥယျာဉ်ရွာ ၁၁၆၄ ခုစစ်တန်း

၆။ တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း

၇။ စဥ့်ကူမြို့ ၁၁၄၅ ခု စစ်တန်း

၈။ ရွာသာမြို့ ၁၁၄၅ ခု စစ်တန်း

၉။ မြတောင်မြို့ ၁၁၆၄ ခု စစ်တန်း

၁၀။ ရမ္မာဝတီမြို့ ၁၁၆၄ ခု စစ်တန်း။ ကင်း-ပု ၄၇၀

၇ိ ၂ံ၊ လက်ဆောင်ထန်းလျက် ၂ မူးနှင့် ၂ ကလပ် ပေးကြရ၏။[၁] ခွေးချီရွာဝတ်မြေတွင် ထန်းခွန်မှာ ထန်းတရင်းတက်လျှင် စလေမြို့မမှာ ပေးဆောင်ရသည်များထက် အကဲ ၇ိ ၂ံ ပိုသေးသည်။ အခွန်ကို ဝတ်သိမ်းတို့ထံ ပေးဆက်ရ၏၊[၂] ပျူရွာတွင် သူကြီးစား ထန်းပင် ၆၀ နှင့် အခြားထန်းများ ရှိရာ ၎င်းထန်းတရင်းတက်လျှင် ခွန်သေကြေး ၇၅ိ။ အပို ၇ိ ၂ံ၊ အကဲ ၇ိ ၂ံ၊ ရေးစား ၇ိ ၂ံ ပတ်ဖိုးကြေး ၇ိ ၂ံ လက်ဆောင် ထန်းလျက် ၂ မူးနှင့် ၂ ကလပ် အခွန်ဆောင်ရသည်။[၃] ပုဂံမြို့ စီရင်စုတွင်လည်း အခွန်ပေးဆောင်ရသော ထန်းပင်များရှိသည်။ တောင်ဖက်တန်း ၂၇ ရွာတွင် အခွန်ဆောင်ရသည့် ဝတ်မြေထန်းများမှ တရင်းတက်လျှင် ငွေ ၂ံ[၄]၊ ၁ံ ငွေ စသည်ဖြင့် အခွန်ဆောင်ရသည်။[၅] အချို့ရွာများတွင် ထန်းခွန်ကို ငွေဖြင့်မပေး မဆောင်ရချေ။ သဖန်းခါးရွာတွင် ဘုရားပြင်လျှင် ထန်း ၁ံပေးရ၍ မပြင်ရသော နှစ်များတွင် ကျောင်းကို ငွေပဲ ၁ိ ပေးရသည်။ ဖလင်ရွာတွင် "သံကွင်း ၈ သစ်ဆန်နှင့်အတင်ကုံး၍ အကုံး ၃၀ ပေးရသည်" ဟု ဆိုရာ ထိုစကား၏ အဓိပ္ပါယ်ကို မသိပါ။ ပျွန်ရွာတွင် ထန်းတပင်လျှင် ကြေး ၁၂ိ ၂ံ ပေးရသည်။ ထန်းခွန်အပြင် ရေးစား၊ တိုင်စား၊ ဆောင်စား စသဖြင့်လည်း ပေးရသေး၏။ ပေးရပုံမှာ ရေးစား ၈ူး၊ တိုင်စား ၁ူး[၆]၊ ရေးစား ၂၅ိ တိုင်စား ၂၅ိ[၇]။ တိုင်စား ၈ူး[၈] ရေးစား ၁ူး တိုင်စား ၁ူး[၉]။ ရေးစား ထန်းလျက် ၅ိ၊ ဆောင်စား ၅ိ[၁၀] စသည်တို့ ဖြစ်ပေသည်။ ညောင်ချစ်ရွာတွင် ထန်းတက်သမားတို့မှာ ထန်းတက်ပါရမည်အကြောင်းကို မုန့် ၁၅ ရက်နှင့် ဝတ်သိမ်းတို့ထံ တိုင်ပြောရပေသေး၏။ တောင်ပုံတန်းနှင့် ကျော်တန်းတို့တွင် ထန်းခွန်မှာ ပုံသေငွေ ၁ံ ဖြစ်သည်။ ထို့အပြင် ရေးစား ၁် တိုင်စား ၁်၊[၁၁] ရေးစား တိုင်စား ငွေ ၁်၊[၁၂] တိုင်စား ၁်[၁၃]၊ ရေးစားဆော်စား ၁ူး[၁၄]။ ဆော်စား တိုင်စား ၁ူး[၁၅] ရေးစား ၁ံ တိုင်စား ၁ံ[၁၆] စသည်တို့လည်း ပေးကြရသေးသည်။ စဉ့်ကူမြို့နယ်တွင် နဂါးရုံဘုရား၊ ဇေတဝန်ကျောင်းနှင့် ကန်တော်ကျောင်း ထန်း ၂ ရင်းတက်ရှိရာ ၎င်း

၁။ စလေမြို့ ၁၁၄၅ ခု စစ်တန်း
၂။ ခွေးချီရွာ ၁၁၆၄ ခု စစ်တန်း
၃။ ပျူရွာ စစ်တန်း
၄။ ကမ္ဘာနီရွာ၊ မြေသင်းတွင်ရွာ၊ တွင်ရွာ။
၅။ လှိုင်ရွာ၊ ဒန့်ကျင်ရွာ။
၆။ ကမ္ဘာနီရွာ၊ ညောင်ချစ်ရွာ၊ ဒန့်ကျင်ရွာ။
၇။ ပျွန်ရွာ။
၈။ လှိုင်ရွာ။
၉။ မြေသင်းတွင်းရွာ၊ တွင်ရွာ။
၁၀။ ပလင်ရွာ။
၁၁။ ဖလံအိုရွာ၊ ကူရွာ။
၁၂။ လက်ပြရွာ၊ ရေကြည်ရွာ၊ စပေရွာ။
၁၃။ ရေမျက်ရွာ။
၁၄။ ကျော်ရွာ။
၁၅။ မြင်ဝန်ရွာ။
၁၆။ တင်းကပ်ရွာ။

ထန်းများမှ အဖိုးအခွန် မဆောင်ရချေ။ ရွာသာမြို့ကျေး၌ မြေသန်ကောင်ရွာတွင် ခေမင်္ဂကျောင်း ဝတ်ထိန်း ၂၅ မှ ထွက်သမျှ၏ ဆယ်ခိုင့်တခိုင်ကို ဝတ်သိမ်းတို့အား ပေးသွင်းရပါသည်။ ပုဂံမြို့နှင့် နယ်ချင်းစပ်နေသည့် တုရွင်းတိုင်မြို့ စီရင်စုတွင် ထန်းအများရှိ၏။ တုရွင်းတိုင်မြို့မတွင် ထန်းတရင်းလျှင် ခွန်မကြေး ၁ူ အကဲ ၇၅ိ၊ ရေးစား ၂၅ိ၊ တိုင်စား ၂၅ိ၊ ထန်းခေါင်းတို့က ဆော်ဘန်၍ အနောက်ရုံးတော်မှာ ပေးချိန်ရ၏။[၁] မင်းမြေမှာ ထန်းတရင်းတက်သျှင် ခွန်မကြေး ၃ံ၊ အကဲ ၇၅ိ၊ ရေးစား ၇၅ိ၊ အခွန်ကြေးကို ကသောင်းမြောင်တိုက်မှာ ဆက်သွင်းရသည်။[၂] တုရွင်းတိုင်မြို့ကျေး တောင်ရှေ့ရွာနှင့် ရွာမြိန်ရွာများတွင် ဝတ်မြေမှထန်းသည် တတက်လျှင် ငွေ ၂ံ၊ ဝတ်သိမ်းသည်ဇာတို့ နှိုးဆော်တောင်းခံလျှင် ပေးချိန်ရ၍ မင်းမြေမှာထန်းခွန်မှာ ခွန်မကြေး ၃၊ အကဲရေးစား ၇၅ ဖြစ်၏။[၃] တုရွင်းတိုင်မြို့ကျေးမှ ထန်းခွန်အပြင် အသန့်ထန်းလျက်သည်း ဆက်သွင်းရ သေး၏။ဥပမာ-တုရွင်းတိုင်မြို့မှ ပိုထန်းလျက်အချိန် ၁၀၊ ဖြူဆုပ် ထန်းလျက် အချိန် ၁၀၊ ခပေါင်းစေ့ ထန်းလျက်အချိန် ၁၀၊ မန်ကျည်းကွေ့ထန်းလျက် အချိန် ၁၀၊ နှစ်စဉ် တန်ခူးလ အတာ အတာ်မီ အနောက်ရုံးတော်သို့ ပေးသွင်းရ၏။ ထိုထန်းလျက်များကို အနောက်ဝန်က စုဆောင်း၍ အတွင်းတော်သို့ ဆက်သွင်းရသည်။ ထိုအခါ ဝန်စား ထန်းလျက် ၄၊ ရေးစားသန်းလျက် ၂၊ လုင် ၂၊ အတွင်းတော် သွင်း ခြင် တံ ၂ လည်းပေးရ၏။[၄] တောင်ရှေ့ရွာမှ ထန်းလျက်တပိုလျှင် ခွန်မကြေး ၂၅ိ၊ အကဲ၊ ရေးစား ၁၂ိ၂ံ ပေးရသေးသည်။[၅] တောင်ဆင်းမြို့တွင် ဝတ်မြေမှ ထန်းတရင်းတက်ကို တနှစ်လျှင် ထန်းလျက် ၅ ပိဿာစီ ဝတ်သိမ်းတို့အားပေးရ၏။ ပြည်စိုး၊ဒိုင်းခေါင်း၊အနောက်ရွာသူကြီး၊ သရဖီရွာသူကြီး၊ ကမ္မရွာသူကြီး၊ပုထိုးကန်ရွာသူကြီး စား ထန်း များမှ အပ ကျွန်ထန်းပင်များမှ ထန်း ၁၀ လျှင် ခွန်မကြေး ၁ူး၊ ထန်းကောက်ကြေး ၇၅ိ၊ ထန်းလျက်အိုးမှာ တအိုးလျှင် ခွန်မကြေး ၂၅ိ၊ ထန်းအကဲစား မရှိဖြစ်၏။[၆] ကျောက်ပန်းတောင်းမြို့အဝင် မြေစွန်းရွာမှ ထန်းလျက် ဆက်ရသဖြင့် အခွန် မပေးဆောင်ရပေ။ စစ်တန်း၌—

> ထန်းတရင်းလျှင် ထန်းလျက်ဖြူဆုပ်အခြင်း ၁၊ ထန်းလျက်ကြမ်းလုံးသေး အချိန် ၁၀။ ထန်းခွဲတို့မှာ တောင်းခံ၍ ကျွန်တော်ထန်းခေါင်း ၄ ဦးသားတို့က တန်ကူးနှစ်သစ် အခါတော်မီ အနောက်ရုံးတော်မှာ ဆက် သွ င် း ရ သ ည်။ ဖြူဆုပ်ခြင်းရေ ၁၂ အချိန်၁၂၀၊ ထန်းလျက်ကြမ်းလုံးသေး အချိန် ၃၀၀ ဆက်သွင်းရိုး။ အခွန်ပေးရိုးမရှိ။

ဟုဆိုထားသည်။[၇] ငသရောက်မြို့တွင်လည်း အခွန်အစား ထန်းလျက်ပေးရသည် ထုံးစံရှိသည်။ မင်းမြေရွာများမှ—

၁။ ''တုရွင်းတိုင်မြို့ ၁၁၃၅ ခု စစ်တန်း၊ **မသဂ** ၃၃၊ ၁၊ ဂ၂။ ၁၁၆၃ ခု စစ်တန်း၊ **မသဂ** ၃၃၊ ၁ ဂ၃။

၂။ တုရွင်းတိုင်မြို့ ၁၁၆၄ ခု စစ်တန်း၊ **မသဂ** ၄၄၊ ၁။ ဂ၃။ မြို့သူကြီး၊ ပြည်စိုးတို့ ထန်းများမှာ အခွန်မဆောင်ရချေ။

၃။ တောင်ရှေ့ရွာ ၁၁၄၅ ခု စစ်တန်း။ ရွာမြိန်ရွာ ၁၁၆၄ ခု စစ်တန်း။

၄။ တုရွင်းတိုင်မြို့ ၁၁၄၅ ခု စစ်တန်း။ **မသဂ** ၄၄။ ၁။ ဂ၂-၃ ။

၅။ တောင်ရှေ့ရွာ ၁၁၄၅ ခု စစ်တန်း

၆။ တောင်ဆင်းမြို့ ၁၁၄၅ စစ်တန်း

၇။ မြေစွန်းရွာ ၁၁၆ဂ ခု စစ်တန်း

> တနှစ်လျှင် အသန့်စားတော်ရ ထန်းလျက်ဖြူ ဆုပ် ၁၀၊ နွားလျှာထန်းလျက် ၁၀၊ ခပေါင်းစေ့ထန်းလျက် ၁၀၊ ပိုထန်းလျက် ၁၀၊ အသုံးတော်ထန်းလျက်ကြမ်း ၁၀၀၊ ၂ စုထန်းလျက် ၁၄၀ ကို နှစ်စဉ် အနောက်ဝန်စာရေးတို့မှာ ပေါ်း ဆက်ရိုး။ ဝန်စား ၁၀၀ လျှင် ၁၀၊ ရေးစား ၅ ပေးရိုး။

ဟု တွေ့ရ၏။ ဝတ်မြေများတွင်မူ ထန်းလျက်အပြင် ငွေနှင့်လည်း အခွန်ပေးဆောင်ရပုံကို–

> ထန်းတတက် လျှင် ထန်းလျက်အခြင်း ၁၊ ငွေ ၂ ံ ဝတ်သိမ်းတို့ကို ပေးရိုး။ တိုင်စား ထန်းလျက် ၁။ ငွေ ၁။ စားရိုး။ အပိုအကဲမရှိ။

ဟု တွေ့ရ၏။[၁] အချို့ဒေသများတွင် ထန်း ၁ ရင်းတက်လျှင် အခွန်ငွေ ၂ ံ ဟူ၍ရှင်း၊[၂] ထန်းတပင်လျှင် တနှစ်ကို ထန်းလျက် ၂၅ ံ ဟူ၍ရှင်း၊[၃] တွေ့ရှိရ၏။ အထက်တွင် ဖော်ပြခဲ့ပြီးသည့်အတိုင်း စစ်တန်းများ၌ နယ်မြေဒေသအလိုက် ထန်းခွန်နည်းများရှိပုံနှင့် ထန်းလျက်အမျိုးမျိုး အစားစား အခွန်ပေးဆက်ရသည်ကို တွေ့ရှိရပေသည်။ ပေပင်အကြောင်းကို တောင်တွင်းကြီးမြို့ကျေးတွင် တွေ့ရှိရ၏။ အချို့ရွာများတွင် ပေပင် အများအပြားရှိသည်။ သို့ရာတွင် ထိုပေပင်တို့မှာ အခွန်မပေးဆောင်ရချေ။ ပိဋကတ်တော်ရေးရန် အလိုတော်ရှိသောအခါတွင်မှ တောင်တွင်းကြီး မြို့သူကြီးကနှိုးဆော်တောင်းခံ၍ ဆက်သွင်းရပေသည်။[၄]

အုန်း၊ ကွမ်းပင်၊ ကွမ်းသီးခွန်များအကြောင်း[၄]ကိုမူ လယ်ယာကိုင်းကျွန်းထန်းများကဲ့သို့ အမြောက်အများ မတွေ့ရချေ။ ပုသိမ် ၃၂ မြို့တွင် အုန်းကျွန်း ၃ ကျွန်းရှိသဖြင့် ယင်းတို့မှ တနှစ်လျှင် အုန်းလုံးရေ ၅၀၀ ဆိုင်ရာသို့ပေးဆက်ရသည်။[၅] မုတ္တမ ၃၂ မြို့တွင်မူ အုန်းဥယျာဉ်များမှ တပင်လျှင် တလုံးကျ မုတ္တမမြို့တိုက်တော်သို့ ပေးသွင်းရပေသည်။[၆]

ကွမ်းပင်များမှ အခွန် ပေးဆောင်ရသည်ကို ဟံသာဝတီ ၃၂ မြို့အဝင် ဟံသာဝတီ ဇိုင်ဂနိုင်မြို့တွင်သာ တွေ့ရှိရ၏။ ယင်းတွင် ကွမ်းပင်စိုက်ပျိုးသူတို့မှာ တကိုယ်လျှင် အခွန်ငွေ ၅ ံ ပေးဆောင်ရကြောင်း ပါရှိသည်။[၇] ကွမ်းသီးခွန်မှာ ဟံသာဝတီ ၃၂ မြို့၊ မုတ္တမ ၃၂ မြို့နှင့် တောင်ငူမြို့များတွင်သာ တွေ့ရသေးသည်။ ယင်းတို့မှ ပေးဆောင်ရပုံမှာ ကျောက်မော်မြို့အပိုင် ကွမ်းသီးအခွန်ထမ်း ကရင်အမျိုးသားတို့သည် တနှစ်လျှင် အခွန်တော် ကွမ်းသီး ပိဿာ ၃၇၀၊ ဝန်စား ၃၇ ပိဿာ၊ ဆောင်စား ၃၇ ပိဿာ၊ ရေးစား ၁၈ ပိဿာခွဲ၊ တိုက်စိုး ၁၈ ပိဿာခွဲ၊ တံခါးနိ ၂ ပိဿာ ဖြစ်၍ ထိုကွမ်းသီးများကို မြို့စားရှိလျှင် မြို့စားက သိမ်းခံရ၏။ မြို့စားမရှိမူကား တောင်ငူအခွန်ဝန် အခွန်စာရေးတို့က ကောက်ခံ သိမ်းသွင်းရပေသည်။[၈] ၁၁၄၅ ခုနောက်ပိုင်းတွင် ကွမ်းသီးခွန်မှာ ဤကဲ့သို့ မဟုတ်

---

၁။ သရေခေတ္တရာ... 

၁။ သဲရောက်မြို့ ၁၁၄၅ ခု စစ်တန်း
၂။ ကျောက်ရင်းတောင်ရွာ ၁၁၄၅ ခု စစ်တန်း။ တောင်သာမြို့ ၁၁၄၄ ခု စစ်တန်း
၃။ ကျောက်ဆောက်မြို့ ၁၁၆၄ ခုစစ်တန်း။ စလင်္ကသူတိုက် ၁၁၄၅ ခု စစ်တန်း
၄။ နားတောင်းရရွာ၊ ဝက်ချင်းကန်ရွာ ၁၁၄၅ စစ်တန်းများ
၅။ ဦးဖိုးကျား **ပုသိမ်ရာဇဝင်** စာမျက်နှာ ၈၅
၆။ မုတ္တမမြို့ ၁၁၄၅ ခု စစ်တန်း
၇။ ဟံသာဇိုင်ဂနိုင်မြို့ ၁၁၆၄ ခု စစ်တန်း
၈။ ကျောက်မော်မြို့ ၁၁၄၅ ခု စစ်တန်း

မှု၍ ခွန်သော ၁၆၀၀ ဖြစ်လာ၏။[1] ကျောင်းပြောမြို့မှ ကွမ်းသီးခွန်ထမ်း ကရင် အမျိုးသားတို့သည် အခွန်တော် ကွမ်းသီးပိဿာ ၂၀၀၊ ဝန်စား ပိဿာ ၂၀၊ ရေးစား ပိဿာ ၁၀၊ အဆောင် ပိဿာ ၂၀၊ သူကြီးစား ပိဿာ ၂၀၊ တိုက်စိုးစား ပိဿာ ၁၀၊ တံခါးနီစား ၂ ပိဿာများကို မြို့စားရှိလျှင် မြို့စားထံပေးအပ်၍ မြို့စားက ဆိုင်ရာသို့ ဆက်သွင်းရ၏။ မြို့စားမရှိလျှင်မူ တောင်ငူ အခွန်ဝန်၊ အခွန်စာရေးတို့က ကောက်ခံ ဆက်သွင်းရပါသည်။[2] မုတ္တမစီရင်စုမှ ကွမ်းသီး ဥယျာဉ်များမှာ ကွမ်းသီးပင် ၁ လျှင် ကွမ်းသီး ၅ လုံး၊ ဝန်စား ရေးစားတဝက် ရေးစစ်သိမ်းခံ၍ မုတ္တမတိုက်တော်သို့ ပေးသွင်းရသည်။ အရာတော် ကွမ်းသီးဥယျာဉ်များမှာမူ ဥယျာဉ်စောင့်များကို ထား၊ တူရွင်း၊ မျိုးစေ့ အဖိုးအခများနုတ်စေ၍ကျန်သမျှကွမ်းသီးကို မုတ္တမမြို့ တိုက်တော်သို့ သွင်းစေရ၏။[3] စစ်တောင်းမြို့နယ်တွင် ကွမ်းသီးဥယျာဉ်၊ ကွမ်း ဥယျာဉ်လုပ်သူ ကရင်အမျိုးသားတို့သည် အခွန်တော် မဆက်ရဘဲ တနှစ်လျှင် တအိမ်က ဖယောင်း ၅ ါ ဆက်ရ၏။ ဖယောင်းမဆက်နိုင်လျှင် ဆင်စွယ် ၂၅ ဝိ၊ ဆင်စွယ်မဆက်နိုင်လျှင် အခွန်တော်ငွေ ရွက်နီ ၆ိ ၁ံ မြို့စားရှိလျှင် မြို့စားသို့ ဆက်သွင်းရ၏။ မြို့စားမရှိလျှင် ထိုအခွန်ကို ရန်ကုန်အခွန်ဝန်၊ အခွန်စာရေးတို့မှာ ဆက်ရပါသည်။[4] တောင်ငူမြို့တွင် ကွမ်းသီးခွန် ထမ်းရပုံနှင့် စပ်လျဉ်း၍—

> ကွမ်းသီးရှိ ကရင်တို့မှာ ထမ်းရတကိုယ်လျှင် ငွေစင် ၁ိ၊ အပိုးကွမ်း ၅ ါ ကို တွက်၍ အခွန် အမှုး အခွန်စာရေး တို့က ကောက်ခံ၍ ဆက်သွင်းရပါသည်။ .... ကွမ်းသီးအခွန် ၅ ါ လျှင် မှူးစား ၅ ဝိ၊ ရေးစား ၂၅ိ၊ တိုက်စိုး ၂၅ိ၊ အခွန်တော်ကို ရွှေဘဝါးတော်မြတ်အောက် ဆောင်စရိတ် ၅ ဝိ၊ ကွမ်းသီးအခွန်တော်မှာ ကျောက်မော်၊ ကျောင်းပြောယော်၊ မည်ဖလံ၊ ပင်ဘက်က၊ သောင်ထောင်၊ ကျေးရွာကရင်တို့ နည်းလျော့သည်ဖြစ်၍ အခွန်တော်သော ကွမ်းသီး ၁၈၀၀ ဆက်သွင်းရပါသည်။

ဟု ဖော်ပြထား၏။[5] အထက်တွင်ဖော်ပြချက်များကို ကြည့်ရှုလျှင် ကျောက်မော်နှင့် ကျောင်းပြောယော်မြို့များကို ဟံသာဝတီနှင့် တောင်ငူ ၂ မြို့လုံးက မိမိပိုင်ဟု ယူဆဟန်ရှိ၏။

မြေဆီ မြေခွန်ဖြစ်သည့် လယ်ယာကိုင်းကျွန်းခွန်များ၊ ထန်း၊အုန်း၊ ကွမ်းပင်၊ကွမ်းသီးခွန်များကို ဖော်ပြပြီးနောက် ရေဆီရေခွန်အကြောင်းကိုတင်ပြပါဦးမည်။ ဤရေဆီရေခွန်မှာ မြို့ရွာအများ၌ တွေ့ရ၏။ ဟံသာဝတီ ၃၂ မြို့တွင် အင်းခွန်၊ ဆည်ခွန်၊ ဆိပ်သောင်ခွန်၊ တံငါခွန်ဟူ၍အမျိုးမျိုးရှိ၏။ ဥပမာအနည်းငယ်ပြရလျှင် စစ်တောင်းမြို့နယ်တွင် အင်းကန်လုပ်သူတို့မှာ တကိုယ်လျှင် ခွန်မငွေရွက်နီ ၂ိ ၂ံ၊ ရေးစား ၁ံ၊ ဝန်စား ၁ံ၊ အပို ၁ံ၊ ကျောက်မော်မြို့တွင် အင်းဆည်လုပ်သူတို့မှာ တကိုယ်လျှင် ခွန်မငွေရွက်နီ ၂ိ၊ မင်းရဲလှမြို့နှင့် ကျောက်စရစ်မြို့များမှာ အင်းလုပ်သားတို့သည်

---

၁။ ကျောက်မော်မြို့ ၁၁၆၄ ခု စစ်တန်း

၂။ ကျောင်းပြောယော် ၁၁၄၆ ခု စစ်တန်း၊ ကင်း-ပု ၄၇၀။

၃။ မုတ္တမမြို့ ၁၁၄၅ ခု စစ်တန်း

၄။ စစ်တောင်းမြို့ ၁၁၄၅ ခု စစ်တန်း၊ ကင်း ပု-၄၇၀။

၅။ တောင်ငူမြို့ ၁၁၄၅ ခု စစ်တန်း

တကိုယ်လျှင် ခွန်မငွေ ၂ိ၊ ဝန်းစား ၂ူ၊ အဆောင် ၂ူ၊ တိုက်စိုး ၁ူ၊ ရေးစား ၁ူ။ ကောလိယမြို့နယ်တွင် ငါးရှာသူတယောက်လျှင် ခွန်မငွေရွက်နီ ၃ိ၊ ရေးစား ၁ံ၊ မဆော်စား ၁ံ၊ မေရဋ္ဌယာမြို့နယ်ဘွင် အင်းလုပ်သား ၁ လျှင် ငွေ ၅ိ။ ကျောက်မော်မြို့နယ်တွင် တံငါခွန်မှာ ပိုက်တဖောင်လျှင် ခွန်ငွေ ၅ိ၊ ကွန် ၁ လျှင်ငွေ ၁ိ။ ဟံသာဇိုင်ဂနိုင်မြို့နယ်တွင် တံငါလုပ် ၁ ယောက်လျှင် ခွန်သေငွေ ၅ိ။ ကျောက်မော်မြို့တွင် ဆိပ်သောင်ခွန်မှာ ခွန်သေ ငွေရွက်နီ ၄ဝိ ဖြစ်၏။[၁] ပုသိန် ၃၂ မြို့တွင်လည်း တံငါလုပ်ငန်းများရှိ၏။ ယင်းတို့မှ အခွန်ဆောင်ရပုံမှာ အင်းလုပ်သူတို့သည် တကိုယ်လျှင် အခွန်ငွေ ၄ိ၊ ဝန်စား၊ ရေးစား၊ တိုင်စား၊ ဆော်၊ လင်ပါငွေ ၂ိ၊ မြို့သူကြီးစား ၂ိ၊ အခွန်စားရေးတို့က ရေးစစ်သိမ်းခံ၍ ဆိုင်ရာမှာ ဆက်သွင်းရပေသည်။[၂] ရခိုင်ပြည်ရှိ ရမ္မာဝတီမြို့မှ ကုလားတံငါလုပ်ပိုက်ခွန်မှာ တနှစ်လျှင်ရခိုင်ဒင်္ဂါး ၇၄ ဖြစ်သည်။[၃] တလုပ်မြို့ကျေးတွင် တံငါလုပ်ငန်းနှင့်စပ်လျဉ်း၍-

> အင်းတိုင်ရိုးမှာ ရေဆီရေခွန်အဖိုး ၁၀၀ ရ လျှင် ခွန်မ ၁ဝိ၊ အပို ၁ိ၊ ကြီးစား ၂ိ၊ ရေးစား ၁ိ၊ အင်းတိုင်မှာ ရေးစစ်၍ ခွန်မကို အရာတော်မှာ ဆက်သွင်းပါရသည်။ အပိုကြီးစား၊ ရေးစားမှာ ဝေ၄စားကြပါသည်။

ဟု တွေ့ရ၏။[၄] စလေမြို့တွင် တံငါခွန်အမျိုးမျိုးရှိသည်။ ပိုက်တန်း ၁ ဖောင်လျှင် ခွန်သေကြေး ၃ ပိဿာ၊ ပို ၃ဝိ၊ အကဲ ၃ဝိ၊ ရေးစား ၃ဝိ၊ ပတ်ဖိုးကြေး ၂ိ ၂ံ၊ လက်ဆောင်ငါးကြင်းတမ၊ တပဿိပိုက် တဖောင်လျှင် ခွန်သေကြေး ၂၅ဝိ၊ အပို ၂၅ိ၊ အကဲ ၂၅ိ၊ ခရေးစား ၂၅ိ၊ ပတ်ဖိုးကြေး ၂ိ ၂ံ၊ လက်ဆောင်ငါးကြင်းတခု၊ ဦးလွှာကွန်လေးတစင်းကို ခွန်သေကြေး ၇၅ိ၊ ပို ၇ိ ၂ံ၊ ကဲ ၇ိ ၂ံ၊ ပတ်ဖိုးကြေး ၂ိ ၂ံ၊ လက်ဆောင်ငါးတဖက်ခန့်ဟူ၍ အသီးသီးရှိ၏။[၅] ပုဂံမြို့ကျေးတွင်လည်း တံငါခွန်အမျိုးမျိုးရှိ၏။ ၎င်းတို့မှာ တနှစ်လျှင် ပိုက်တဖောင်မှ ငွေ ၂ိ ၂ံ၊ ခြေလှည့်ပိုက်တဖောင်မှ ငွေ ၂ိ၊ စုံကွန်ကြီး ၁ မှ ငွေ ၂ိ၊ ဦးလွှာကွန် ၁ မှ ငွေ ၁ိ၊ ပိုက်တန်းမှ ငွေ ၅ံ၊ မျှုံး ၁ ခုမှ ငွေ ၃ဲ စီဖြစ်၍ ၎င်းတို့မှ ခွန်သေငွေ ချော ၆ဝိ ကသောင်းမြောင်တိုက်တော်သို့ ဆက်သွင်းရသည်။[၆] မြဲတောင်မြို့တွင် အင်းအများရှိရာ ၎င်းတို့မှ စုစုပေါင်း အင်းခွန်မှာ တနှစ်လျှင် ၂၆၆ိ ၅ူ ဖြစ်၍ ပိုက်ခြေတို ၁ လျှင် ငွေ ၇ိ ၂ံ၊ မျှုံးကြီး ၁ လျှင် ၁ိ ရူ၁ဲ၊ ထမ်းမျှုံး ၁ လျှင် ရူ၁ဲ၊ ဇီတ် ၁ လျှင် ငွေ ၂ိ ၂ဲ ဖြစ်ပေ၏။[၇] ဤကဲ့သို့ပင် စစ်တမ်းများ၌ ရေဆီရေခွန်များအကြောင်းကို တွေ့ရှိရပေသည်။

ယခုတဖန် စစ်တမ်းအနည်းငယ်တွင်သာ တွေ့ရှိရသည့် တောတိုးမြက်ခတ်၊ ဖယောင်းခွန်၊ သစ်စေးခွန်၊ သစ်ခုတ်ခွန်စသည်များကို အနည်းငယ် ဖော်ပြလိုပါသည်။ တောတိုးမြက်ခတ်မှာ လုပ်သား တဦးလျှင် ကြေး ၁ဝိ စီ ပေးရပါသည်။ တိုင် ၃ံ နှင့်

၁။ ဟံသာဝတီ ၃၂ မြို့ စစ်တမ်း
၂။ ဦးဖိုးကျား **ပုသိန်ရာဇဝင်** စာမျက်နှာ ဂ၅
၃။ ရမ္မာဝတီမြို့ ၁၁၆၄ ခု စစ်တမ်း
၄။ တလုပ်မြို့ ၁၁၄၅ ခု စစ်တမ်း
၅။ စလေမြို့ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တမ်း
၆။ ပုဂံမြို့ ၁၁၂၇ ခု စစ်တမ်း။ **မသဂ**
၇။ မြဲတောင်မြို့ ၁၁၆၄ ခု စစ်တမ်း

ထင်းနှီးလက်ခုတ်မှတ်သည်များကို မြေတိုင်စားရပါသည်။[၁] မြတောင်မြို့တွင် တောကို ထားမတစင်း ခုတ်ထွင်လျှင် အခွန်ငွေ ၁ိ။ မုတ္တမမြို့ကျေးတွင် ဖယောင်းခွန်မှာ ပျားတက်သူတို့ ရသမျှ၏ ၁၀ခိုင့် တခိုင်ဖြစ်၍ ၁၁၄၆ ခုတွင် ပျားတက်သမားတို့ ကင်းဦးကင်းထိန်းသို့ သွားလာခွင့်မရှိသောကြောင့် ကင်းဦးကင်းဖျားမှ ကင်းသား ကရင်တို့သာလျှင် ပျားတက်ကြရတော့၏။[၂] ရမ္မာဝတီမြို့မှ ဖယောင်းခွန်မှာ တအိမ်လျှင်ငွေ ၁ိ၊ တနှစ်လျှင် စုစုပေါင်း ၁၃၅ဝိ ဖြစ်သည်။[၃] သစ်စေးခွန်မှာ မုတ္တမ ၃၂ မြို့၊ ဟံသာဝတီ ၃၂ မြို့နှင့် တောင်ငူမြို့တို့တွင်ရှိ၏။ မုတ္တမကျေးမှ သစ်စေးခွန်ကို သစ်စေးအစုသားများကသာသိမ်းရွက်၍ သစ်စေးခွန်ထမ်းတဦးလျှင် တနှစ်အတွက် သစ်စေး ၁၀ကျ မုတ္တမတိုက်တော်သို့ ပေးသွင်းရ၏။ ရှေးအခါကမူ သစ်စေးခွန်ကို ပဲခူးတိုက်တော်သို့ သွင်းဆက်ရ၏။ ဟံသာဝတီ ၃၂ မြို့အဝင် ကျောက်မော်မြို့နှင့် ကျောင်းပြာယော်မြို့ တောင်ငူမြို့များမှ သစ်စေးခွန်သည် အထက်ထိုးငွေ ၁ိ၊ အောက်ထိုးငွေ ၂ိ ဖြစ်ပေသည်။[၄] သစ်ခုတ်ခွန်မှာ သစ်ပင်ကြီးတပင်ခုတ်လျှင် ခွန်မငွေ ၁ိဆန် ၁ တင်း၊ လက်ဖက် ၁ထုပ် မြေတိုင်တို့က ကောက်ခံ၍ တဝက်ကို အရာတော်ဆက်သရိုးဟု တွေ့ရဘူး၏။[၅]

အချို့သော စစ်တန်းများတွင် လုပ်ငန်းဆိုင်ရာ ပေးသွင်းရသော အခွန်များအကြောင်း ပါရှိလေရကား မည်သည့်ဒေသတွင် မည်သည့်လုပ်ငန်းဆောင်တာများ လုပ်လေ့ရှိသည်ကို သိရပေ၏။ ဥပမာ စလေမြို့တွင် အိုးလုပ်ငန်းရှိရာ အိုးတဖိုမှ ခွန်မကြီး ၇၅ိ၊ အပို ၇ိ ၂ိ၊ အကဲ ၇ိ ၂ိ၊ ရေးစား ၇ိ ၂ိ၊ ပတ်ဖိုးကြေး ၇ိ ၂ိ၊ လက်ဆောင်အိုး ၂လုံး ပေးဆောင်ရ၏။[၆] ဆိတ္ထက်သည့် ဒေသများတွင် ဆိတဆုံမှ ဆိ ၅ိ သားစီ အုပ်ချုပ်သူများအား ပေးဆောင်ရပေသည်။[၇] မဲနယ် လုပ်သူတို့မှာ အိမ်ခြေ ၁၅ဝ ကို ၄ လုံးတွက်၍ မဲအိုး ၁လုံးလျှင် မဲခြည်ချိန် ၅ဝ အပိုအကဲ ငင်းနည်း အခွန်ဆောင်ရ၏။[၈] ရက်ကန်းလုပ်ငန်းကို စလေမြို့တွင် ရောင်းတန်း ယဉ်တစင်းရက်လျှင် ခွန်သေပုဆိုးဖြူ ၁၀၀နှင့် လက်ဖက်တထုပ်ဟူ၍ငင်း၊ တလုပ်မြို့တွင် ရင်းတိုင်ရိုးမှာ အိမ် ၁၅ဝ လျှင် ရင်းတိုင် ၄၊ ရင်းတစာရင်းလျှင် ဖျင် ၁စင်း အပိုအကဲ ငင်းနည်း[၉] ဟူ၍ငင်း တွေ့ရှိရ၏။ လှည်း၊ လှေ လုပ်သည်ကို သစ်ရင်း ဟု ခေါ်ဟန်ရှိသည်။ သစ်ရင်းခွန်၊ သစ်ရင်း ဝါးရင်းခွန်ဟူ၍ တွေ့ရှိကား—

သစ်ရင်း ခွန်မှာ လှည်း ၁၀ စီးလျှင် တစီး၊
ခွန်မ ၁ဝိ လျှင် ၁ိ၊ ဝန်စား ၁ိ၊ ရေးစား ၂ိ။[၁၀]

ဟူ၍ငင်း၊

၁။ အနိမ့်ရွာ ၁၁၄၅ ခု စစ်တန်း

၂။ မုတ္တမမြို့ ၁၁၄၅ ခု စစ်တန်း

၃။ ရမ္မာဝတီမြို့ ၁၁၆၄ ခု စစ်တန်း၊ ရခိုင်မင်းလက်ထက်က တနှစ်လျှင် ငွေဒင်္ဂါး ၇၂၀ ဖြစ်သည်။

၄။ ကျောက်မော်မြို့ ၁၁၄၆ ခု စစ်တန်း၊ ကျောင်းပြာယော်မြို့ ၁၁၄၆ ခု စစ်တန်း၊ တောင်ငူမြို့ ၁၁၄၅ ခု စစ်တန်း

၅။ စဥ့်ကူမြို့ ၁၁၄၅ ခု စစ်တန်း

၆။ စလေမြို့ ၁၁၆၄ ခု စစ်တန်း

၇။ ကျောက်ဆောက်မြို့ ၁၁၆၄ ခု စစ်တန်း၊ ကျောက်ရင်းတောင်ရွာ ၁၁၄၅ ခုစစ်တန်း၊ ဇလင်္ဂသူတိုက် ၁၁၄၅ ခုစစ်တန်း၊ တွင်းသင်းတိုက်အဝင် ဆားတုံရွာ ၁၁၄၅ ခု စစ်တန်း

၈။ တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း

၉။ စလေမြို့ ၁၁၄၅ ခု စစ်တန်း၊ ၁၁၆၄ ခု စစ်တန်း၊ တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း

၁၀။ ကျောက်မော်မြို့ ၁၁၄၆ ခု စစ်တန်း

သစ်ရင်းခွန် လှည်း လှေမှာ ၁၀ ရလျှင် တစီး
အခွန်ငွေ ၁ဝိ ကို ကြီးစား ၁ိ၊ ဝန်စား ၁ိ၊
ရေး ၂ံ၊ ဆော် ၁ံ ကောက်ခံရိုး[၁]

ဟူ၍၎င်း၊

သစ်ရှင်းခွန် ၁၀ စီးလျှင် ၁ စီး။ လှေ သစ်
ခုတ်သူမှာ ၁၀ လျှင် ၁ စင်း[၂]

ဟူ၍၎င်း၊

သစ်ရင်းဝါးရင်းခွန်မှာ လှည်း ကျွဲနှင့် ခုတ်
လျှင် စပါး ၁ံ၊ လှည်း ကျွဲ မပါ ခုတ်လျှင်
စပါး ၂ံ၊ ကောက်ခံ၍ရသည်များကို ဆိုင်ရာ
အရာတော် တဝက် ဆက်သွင်းရိုး။[၃]

ဟူ၍၎င်း တွေ့ရှိရ၏။

ရွှေ၊ ငွေ၊ သံ၊ ဆား စသည်တို့ကို လုပ်ဆောင်သူတို့သည်လည်း အခွန် ဆောင်ကြရ၏။ ရွှေခွန်တော် အကြောင်း အနည်းငယ် ဖော်ပြရလျှင် ကသာခရိုင် ကျီဝန်ဝန်စု ရွှေခွန်တော်ထမ်းမော် ၁၀ ရွာမှ ၁၀၉၅ ခုမှ ၁၁၁၂ ခုထိ နှစ်စဉ် ရွှေခွန်၉ိ ၂ံ၊ ဝန်စား ၁ိ၊ ရေးစား ၂ံ၊ ထိန်းစား ၁ူ ပေးဆောင်ရသည်။ ၁၁၁၃ ခုနှစ်တွင် အဝပြည်ကြီး တိမ်းပါး ပျက်စီးသောကြောင့် ရွှေခွန်တော် မဆက်ရချေ။ ၁၁၁၄ ခုနှင့် ၁၁၁၅ ခုတွင် မော်နိုင်သူကြီး ခန့်မှိုင်ကျော်က အလောင်း မင်းတရားကြီး ထံ ရှေးထုံးစံအတိုင်း ရွှေခွန်တော် ဆက်သည်။ ၁၁၁၆ ခုတွင်မူ ခန့်မှိုင်ကျော်က မော်ဆယ်ရွာအတွက် ရွှေခွန်တော် ၁၀ိ ဆက်၏။ ယင်းတွင် မော်ခွင်က ရွှေ ၃၅ိ ၄ံ၊ စက်တောက ၈ိ ၁ံ၊ ကနန်းက ၁ဝိ ၂ံ၊ ကနန်းပွားက ၆ိ အသီးသီး ပေးဆောင်ရသောဟူ၏။[၄] ၁၁၁၇ ခုတွင် ခန့်မှိုင်ကျော်က မော်နိုင်၊ ကမ္ဘာ၊ နန်းမား၊ မအည်၊ စည်နန်းနှင့် မော်ဟိုင်း ၆ ရွာများအတွက်သာ ရွှေခွန်တော် ၄၈ိ၊ ဝန်စား ၄ိ ၈ူ၊ ရေးစား ၂ိ ၄ူ၊ ထိန်းစား ၁ိ ၂ူ ဆက်သည်။ ၁၁၁၈ ခုတွင်လည်း ယခင်နှစ်ကကဲ့သို့ ဆက်၍ ၁၁၁၉ ခုနှစ်တွင် ရွှေခွန်တော် ဆက်သည်ဟု မတွေ့ရချေ။ ၁၁၂၀ ပြည့် ရောက်သောအခါ အလောင်းမင်းတရားကြီး ယိုးဒယားနိုင်ငံသို့ ချီတော်မူလျှင် ရိက္ခာတော် ဖြစ်စေရန်ဟူ၍ တအိမ်လျှင် ရွှေ ၁ိ ကျ ကောက်ခံလျက် ခန့်မှိုင်ကျော်က အခွန်တော် ရွှေ ၂ ပိဿာ၊ ဝန်စား ၁၉ိ ဆက်သွင်းသည်။ ၁၁၂၅ ခုတိုင်အောင် ထိုနည်းတူ ဆက်သွင်းခဲ့၏။ ထိုမှစ၍ ၁၁၄၄ ခုတိုင် မည်သို့ ဆက်သွင်းသည်ကို မသိသော်လည်း ၁၁၄၅ ခုတွင် မော်ဆယ်ရွာမှ အိမ်ခြေ စာရင်းနှင့်တကွ ရွှေခွန်တော် ထမ်းပုံကို တွေ့ရှိရ၏။[၅]

| ရွာမည် | အိမ်ခြေ | ရွှေ |
|---|---|---|
| မော်နိုင် | ၅၇၆ | ၈ိ |
| မအည် | ၇၇ | ၁၁ိ ရူ ၄ံ |
| နန်းမား | ၂၃ | ၃ိ ၅ူ ၂ံ |
| ကမ္ဘာ | ၅၈ | ၈ိ ၉ူ ၁` ၂ံ |
| မော်ဟိုင် | ၁၉ | ၂ိ ၉ူ ၁` ၂ံ |
| မော်ခွင် | ၁၁၇ | ၂၄ိ ၅ူ ၁` |
| မော်ထိပ် | ၁၀၄ | ၂၇ိ ၈ူ ၁` |
| ဂျီတောင် | ၁၉၃ | ၂၉ိ ၄ူ ၁` ၆ံ |
| မော်ခါး | ၁၅၇ | ၂ိ ၈ူ ၁` ၂ံ |

၁။ ကျောက်မော်မြို့ ၁၁၆၄ ခု စစ်တန်း

၂။ ကျောင်းပြာယော်မြို့ ၁၁၄၆ ခု စစ်တန်း

၃။ မကွေ့တရာရွာ ၁၁၄၅ ခု စစ်တန်း၊ **မြန်မာမင်းအုပ်ချုပ်ပုံ၊** အတွဲ ၂၊ စာမျက်နှာ ၁၈၀။

၄။ ၁၁၁၆ ခုတွင် မော်ခွင် ၄ ရွာက ရွှေခွန် ၁ဝိ၊ ဝန်စား ၁ိ ၈ူ၊ ရေစား၉ူ၊ ထိန်းစား ၉ူ ဆက်သွင်းရသည်ဟု မော်ခွင် ၁၁၄၆ ခု စစ်တန်းတွင် ဆိုသည်။

၅။ ဝန်သိုနယ်မြေ စစ်တန်းများ၊ စာမျက်နှာ ၈-၁၁၊၄၇။

| ရွာအမည် | အိမ်ခြေ | ရွှေ |
|---|---|---|
| ခေါက်စင်း | ၁၇၉ | ၂° ၁။ ၄ |
| စက်တော | ၂၄၆ | ၁၇° ၆။ |
| တောင်ထွန်း | ၅၀ | ၇° ၇။ ၄ |
| မလား | ၃၀ | ၄° ၆။ ၄ |

၁၁၄၅ ခုနှောက်ပိုင်းတွင် မော်ဆယ်ရွာမှ ရွှေခွန်တော် မည်သို့ထမ်းသည်ကို အထောက်အထား ရှာမတွေ့သေးချေ။ ရွှေထွက်သည့် အခြားဒေသများတွင်လည်း ရွှေခွန်တော် ပေးဆောင်ကြရ၏။

ယခု ငွေခွန်တော်အကြောင်း အနည်းငယ် ဖော်ပြပါမည်။ မုတ္တမမြို့ကျေးရှိ ငွေခွန်တော်စုမှ တနှစ်လျှင် ခွန်မ ကျပ်ငွေချိန် ၁၁ ပိဿာ မုတ္တမ ရုံးတော်မှ တဆင့် ရာဇဌာနီသို့ တင်ဆက်ခဲ့ရ၏။ ဗဒုံမင်းလက်ထက်တွင် ထိုငွေခွန်ကို နေပြည်တော်မှ ငွေခွန်ဝန်၊ ငွေခွန်စာရေးတို့က သိမ်းရုံးစီရင်ရသည်။ ၎င်းပြင် ရွှေပန်းခွန်ခေါ်သော တအိမ်ကို ၁° ကျစီ ပေးရသော ငွေခွန်လည်းရှိ၏။[၁] ဟံသာဝတီ ၃၂ မြို့တွင် ငွေခွန်တော်ထမ်း ဇယိန်နှင့် ကရင်အမျိုးသားများရှိရာ ထိုအခွန်ကို ဇယိန်ခွန်နှင့် ကရင်ခွန်ဟု စစ်တမ်းများတွင် ဖော်ပြလေ့ရှိ၏။ တွေ့ရပုံမှာ ဥပမာအားဖြင့် ကောလိယမြို့ကျေးတွင် ခွန်မ ၁ဝိ၊ ပို၊ ဆောင်ဝန်၊ ရေး ၁° မြို့သူကြီးတို့က နှီးဆော်တောင်းခံ၍ ရန်ကုန်မြို့ရုံး အခွန်ဝန် အခွန်စာရေးတို့ထံ ပေးသွင်းရ၏။ တိတွတ်မြို့ကျေးတွင် ဇယိန်ခွန်ထမ်း တဦးလျှင် ခွန်မငွေ ၁ဝိ၊ ပို ၁°၊ ကဲ ၅။၊ ဆောင် ၅။၊ ဝန်စား ၁°၊ ရေးစား ၁° ဖြစ်၍ ဟံသာဝတီမြို့အရာရှိတို့က နှီးဆော်လျှင် ဇယိန်အကြီး တို့က ဟံသာဝတီရုံး အခွန်ဝန်တို့ထံ ပေးသွင်းရသည်။ ဘောင်းလင်း မြို့ကျေးတွင် ဇယိန် တအိမ်လျှင် ခွန်မ ၉° ၂ံ အပိုအကဲ ၄° ၂ံ ဖြစ်၍ အခွန်ဝန်၊ အခွန်စာရေးတို့ရှေ့မှာ ပေးချိန် ဆောင်ရွက်ရ၏။ ကောလိယမြို့ကျေးနှင့် တိဘွတ်မြို့ စီရင်စု ကရင်ခွန်မှာ ခွန်မ ၉° စီဖြစ်၍ ဘောင်းလင်းမြို့ ကရင်ခွန်မမှာ ငွေ ၉° ၂ံ ဖြစ်၏။[၂] တောင်ငူမြို့တွင်လည်း ငွေခွန်တော်ရှိရာ—

> ငွေခွန်တော်ထမ်းမြန်မာ၊ ဇပိန်တို့မှာ ထမ်းရတကိုယ်လျှင် ၁°၊ ကရင်ငွေခွန်တော်ထမ်းတို့မှာ ထမ်းရတကိုယ်လျှင် ငွေ ၁ံ.... မြန်မာ၊ ဇပိန်ငွေခွန် ၁° လျှင် မှူးစား ၁၊ ရေးစား ၁`၊ တိုက်စိုးစား ၁`၊ အခွန်တော်ကို ရွှေဘဝါးတော် အောက်ဆောင်စရိတ် ၁

ဟူ၍ တောင်ငူမြို့ ၁၁၄၅ ခုစစ်တမ်းတွင် တွေ့ရ၏။ မြေလပ်ဒေသတွင် ပုဂံမြို့စီရင်စု အကြေ ၉ ရွာ အညာ ၉ ရွာတို့မှာ ငွေခွန်တော်ထမ်း ကျေးရွာများဖြစ်သဖြင့် တနှစ်လျှင် ငွေခွန်တော် ၅၅° စီ ပေးဆောင်ကြရ၏။[၃] သရက်မြို့ကျေး သည်လည်း ငွေခွန်တော် ထမ်းဆောင်ရလေရကား—

> ငွေခွန်တော်ကိုလည်း တနှစ်လျှင် ငါးပတ်ရေငွေ အချိန် ၁၄၄° ၂ံ ၁` ၄ ငွေကို ငွေခွန်ဝန်ထံ အစုရင်းသားလူတို့မှာ ကောက်ခံ၍ ခွန်ဘော ပေးဆက်ရိုး ရှိပါသည်။

ဟု တွေ့ရပေ၏။[၄] ငွေမှုတ်ဖိုခွန် ဟူ၍လည်း တောင်ငူမြို့ကျေးတွင်ရှိရာ—

---

၁။ မုတ္တမမြို့ ၁၁၄၅ ခု စစ်တမ်း

၂။ ကောလိယမြို့မှ ပို၊ ဆောင်၊ ဝန်၊ ရေးမှာ ၉။ စီ ဖြစ်၍ မြို့သူကြီးက တောင်းခံ၍ ရန်ကုန်မြို့ အခွန်ဝန်၊ အခွန်စာရေးထံပေးသွင်းရသည်။ တိတွတ်မြို့မှ ပို ၉။၊ အကဲ ၄။ ၁`၊ ဆောင် ၁။ ၁`၊ ဝန်စား ၉။၊ ရေးစား ၉။ ဖြစ်ပေသည်။ ဘောင်းလင်းမြို့မှ ပို၊ ကဲ ၄° ၂ံ ဖြစ်၏။

၄။ ပုဂံမြို့ ၁၁၂၇ ခု စစ်တမ်း။ ၁၁၄၅ ခု စစ်တမ်း

၃။ သရက်မြို့ ၁၁၄၅ ခုစစ်တမ်း

ငွေမှုတ်ဖို အခွန်တော်ငွေစင် ၁ိ၊ လက်သား ဖိုငယ် ၂ံ

ဟု စစ်တန်း၌ တွေ့ရှိရ၏။

သံခွန်နှင့် ဆားခွန် အကြောင်း အနည်းငယ် ထုတ်နုတ်ပြသပါမည်။ ရမ္မာဝတီမြို့မှ သံခွန်သည် ရခိုင်မင်းများလက်ထက်က တနှစ်လျှင် ငွေ ၈၀၀ မျှသာ ဖြစ်သော်လည်း ဗဒုံမင်းလက်ထက် မြန်မာနိုင်ငံ ဖြစ်လာသောအခါ တအိမ်လျှင် ငွေဒင်္ဂါး ၂ ပြား၊ တနှစ်လျှင် စုစုပေါင်း ၁၅၅၉ ပြား ပေးဆောင်ရ၏။ ဆားခွန်မှာ ဟံသာဝတီ ၃၂ မြို့ စီရင်စု၌ တဖိုလျှင် အခွန်ဘော်ငွေ ၁ံ ဖြစ်၏။[၁] သိပုန်မြို့မှ

> ဆားခွန်မှာ ချက်လူ ၁ လျှင် အခွန်ဘော်ငွေ ရွက်နီ ၁ိ။ ဝန်စား၊ ရေးစား၊ ဆော်လှင်ပါ ငွေ ၅ူ၊ လက်ဆောင်စား ၁ᵋ။ ။တဖိုလျှင် ရေးစား ၂ံ။ အခွန်စာရေးတို့ ကောက်ခံ၍ အခွန်မကို ဆိုင်ရာဆက်သွင်းရိုး။ ။မြို့သူကြီးမှာ ဆား တဖိုလျှင် ၁ᵋ။ ။တောခေါင်းမှာ လူတကိုယ်လျှင် ဆား ၁ᵋ။ ၎င်းဆားကျင်းမှာ မိန်းမချက်လုပ်လျှင် ၎င်းအခွန်စာရေး လက်ဆောင်ကို တဝက်ကောက်ခံစားရိုး။[၂]

ရှိသည်ဟု တွေ့ရ၏။ မုတ္တမမြို့ကျေးတွင် ရေးအခါက ဆားရတအိုးလျှင် မတ်ခေ့ ၁ လုံး။ ဝန်စား ရေးစား အဝက်ဖြစ်၏။ သို့ရာတွင် ဆင်ဖြူရှင် လက်ထက်မှစ၍ ခွန်မငွေ ရွက်နီ ၁ူ၊ ဝန်စား ရေးစား ၁` ဖြစ်လျက် မုတ္တမမြို့ တိုက်တော်သို့ ပေးသွင်းရပါသည်။[၃] ကျောက်ဆည် ၉ ခရိုင်၊ တွင်းသင်းတိုက်ဝင် ဆားထုံ့ရွာကျေးလက် ဆား လင်းရွာမှ ဆားလုပ်လျှင် တဖျဉ်းကို တလ ဆား ၁ိ ပေးရလည်း။[၄]

ရပ်ရွာ ဒေသအလျောက် ကောက်ခံသည့် အခွန်မျိုးလည်းရှိ၏။ ၎င်းတို့ကား ကျွဲခေါင်းခွန်၊ ဆင်အစုခွန်၊ ကရင်မြေခွန်၊ ကုလားမြေခွန်၊ အိမ်သင့်ခွန်၊ နတ်ပသခွန် စသည်တို့ ဖြစ်ပေသည်။ ယင်းတို့ကို သိသာရန် တင်ပြပါမည်။ ကျွဲခေါင်းခွန်ကား မုတ္တမမြို့ကျေးတွင်သာ တွေ့ရသေး၍ ကျွဲပိုင်ရှင် တဦးသည် ကျွဲနည်းများမဆို ခွန်မငွေမတ်ခေ့ ၄ လုံး၊ ဝန်စား၊ ရေးစား ၂ လုံး ပေးဆောင်ရ၏။[၅] ဆင်အစုခွန်သည်လည်း မုတ္တမမြို့ စစ်တန်းတွင်သာ တွေ့ရှိရသေးသည်။ ၎င်းအရ မော် ၃၇ ကြိုး ဆင်အစုသားတို့မှာ ဆင်ကြော့ဖမ်း၍ ရသည့်ဆင်များကို ဆင်ရိုင်းမှ ဆင်ယဉ်များ ဖြစ်အောင် ထိန်းကျောင်း ကျွေးမွေးလျက် ၃ နှစ် တကြိမ် အသုံးတော်ဆင် ၁၀စီး နေပြည်တော်သို့ ဆက်ပို့ရသည်။ မြို့တော်သို့ရောက်လျှင် ဆင်ဝန်၊ ဆင်စခ်ီတို့နှင့် ပြဲတိုက်တော်မှာ ဝင်၍ ဘုရင့်ရှေ့တော်တွင် ဆက်သရ၏။ ထိုအခါ ဆုတော်အဖြစ် ဝတ်စုံစားစုံများလည်း သနားတော်ခံကြရသည်။[၆] ကရင်မြေခွန်ဟူ၍ ဟံသာဝတီမြို့ စီရင်စု

---

၁။ ဟံသာဝတီမြို့ ၁၁၆၄ ခုစစ်တန်း၊ မသဂ ၆၊ ၂၂၁။

၂။ ဦးဖိုးကျား - **ပုသိမ်ရာဇဝင်**၊ ၈၄-၅။

၃။ မုတ္တမမြို့ ၄၅ ခု စစ်တန်း

၄။ ဆားတုံ့ရွာ ၁၁၄၅ ခု စစ်တန်း၊ **မြန်မာမင်းအုပ်ချုပ်ပုံ** အတွဲ ၂၊ (၁၉၆၅) စာမျက်နှာ ၁၆၀။

၅။ မော်လမြိုင်မြို့၊ ဝင်ယော်မြို့၊ လကွန်းဗျည်းမြို့၊ ကျိုင်မြို့၊ ကော့မြို့၊ ဘီလူးကျွန်းမြို့၊ ရေးမြို့၊ အထရံမြို့၊ မြိုင်မြို့စစ်တန်းများ၊ မုတ္တမ ၃၂ မြို့ စစ်တန်း

၆။ မုတ္တမမြို့ ၁၁၄၅ ခု စစ်တန်း

ကျောက်မော်မြို့ကျေးတွင်ရှိရာ ၎င်းမှာ တနှစ်လျှင် ခွန်သေငွေ ၃၅ဝိ ဖြစ်ပေသည်။[၁] ကုလားကိုယ်ခွန်၊ အိမ်သင့်ခွန်နှင့် နတ်ပသခွန်တို့မှာ ရမ္မာဝတီမြို့တွင်သာ တွေ့ရသေးသည်။ ကုလား ကိုယ်ခွန်သည် တနှစ်လျှင် ၇၄၉ိ ဖြစ်၍ ၎င်းတို့ ပွဲတိုင်ကျ အခွန်မှာ ၁၂၄ိ ဖြစ်၏။ သားပျို သမီးပျိုများ၊ အိမ်သင့်လျှင် ကြေးနန်း ၂ ပြားနှင့် "ရခိုင်တက" ပေးကြရ၏။ နတ်ဝင် နတ်ပသတို့မှာ ရခိုင်ဘုရင်များလက်ထက် အခွန်မပေးဆောင်ရသော်လည်း ၁၁၄၆ ခု ကစ၍ နတ်စားခံလျှင် ငွေဒင်္ဂါး ၁ စီ ပေးရပေသည်။

နယ်ခြားကင်းများမှာ မြန်မာနိုင်ငံ၏ အစွန်အဖျား နယ်ခြားဒေသများတွင်သာရှိသည်။ ဥပမာ မုတ္တမမြို့နယ်သည် ဇင်းမယ်နှင့် ယိုးဒယားနယ်များနှင့် စပ်နေသဖြင့် ယင်းတွင် ကင်းများ ထားရ၏။ ထိုကင်းများ၏ တာဝန် ဝတ္တရားပေးဆောင်ရသည့် အခွန်များကို မုတ္တမမြို့ စစ်တန်းတွင် တွေ့ရ၏။ ဝင်ယော်ကင်းနှင့် ကွန်ကင်းစုသားတို့သည် ရာဇဝတ်တော်ရေး မြဲမြံလုံခြုံအောင် ကင်းတပ်တွင် ဆူးခြောင့် ခလုတ် ပြင်ဆင်ချထား၍ အစဉ်စောင့်နေ ထမ်းရွက်ရသည်။ မြို့စောင့်တပ်သား ၅၀၀ အနက်မှ သေနတ်ကိုင် ၃၀ တန်သည်၊ ၅၀ တန်သည် စသည်ဖြင့် လှည့်လည်၍ ကင်းများသို့ ပို့ရ၏။ ကင်းတပ်များတွင် မုတ္တမတိုက်တော်က အမြောက် ၂၊ ဒိုင်း၊ လှံ၊ ကာ၊ ထိပ်၊ သံခြေချင်း၊ ကြိုး၊ ကြိမ် အစုံ ပေးထားမြဲ ဖြစ်သည်။ ထိုကင်းများက ကျွန်မင်းစခန်း၊ ချုံးချုံးကျ၊ ရွာဟိုင်း၊ ကမန်ပိုက်၊ ထားရိုက်၊ အလံတည်များကို တလ ၂ကြိမ်၊၃ကြိမ် အလှည့်ကျ မပြတ်ကင်းရှည်စုံစမ်း၍ ရောက်သည့် အရပ်များမှ ထီးရိုး၊ လှံရိုး၊ မြေနီ၊ ရှောက်သီးကြီး၊ တမာရွက်စသည်တို့ကို ဆောင်ယူခဲ့လျက် မုတ္တမမြို့ရုံးမှာ တင်ပြရ၏။ ဝန်ယော်ကင်းနှင့် ကွန်ကင်းစုသားတို့မှာ တနှစ်လျှင် ကင်းခေါင်းက ရွှေချိန် ၁ိ၊ လုပ်ပန်း ၁ ပွင့်၊ ကင်းသားတို့က တအိမ်လျှင် မတ်စေ့ ၂ လုံး၊ အိမ်ထောင်ငယ်လျှင် မတ်စေ့ ၁ လုံး၊ မုဆိုးမ ၄အိမ်လျှင် မတ်စေ့ ၁လုံးကျ မုတ္တမမြို့ရုံးတော်သို့ တင်ဆက်ရသည်။ မုတ္တမနှင့် ယိုးဒယားမြေခြား ဘုမ္မာဂီရိကင်းစုသားတို့မှာဘုရင့်နောင် ယိုးဒယားသို့ ချီတက် တိုက်ခိုက်စဉ်ကာလ ကျွန်တော်ဦးခံဝင်၍ အမှုတော်ကို လိုက်ထမ်းရာမှ အပြန်တွင် ဘုမ္မာဂီရိ ကင်းသမုတ်လျက် မြေခြားတွင် ချထား စောင့်နေစေသည်။ ဆင်ဖြူရှင် မြေတူးမင်း လက်ထက် ယိုးဒယား မငြိမ်မဝပ် ရှိရာတွင်မှ ဘုမ္မာဂီရိ ကင်းစုသားတို့ကို ပေါင်မြို့တွင် လုပ်မြေ၊ နေမြေ ချပေးထားရသည်။ စစ်တန်းရေးစဉ်ချိန်တွင် ဘုမ္မာဂီရိ ကင်းစုသားတို့သည် မုတ္တမမြို့သို့ ဝင်နေလျက် ရှိနေကြ၏။ ဘုမ္မာဂီရိ ကင်းစုသားတို့သည် ၃ နှစ်တကြိမ် ငွေမတ်စေ့ချိန် ၇၅ိ၊ ဖျင်နီ ၁စုံ၊ ဖျင်ဖြူ ၁စုံ၊ မုတ္တမမြို့ရုံးသို့ ပေးဆက်ရသည်။ မုတ္တမမြို့နှင့် ဇင်းမယ်နယ်ခြား အိန္ဒာဂီရိကင်းမှာလည်း ၎င်းနည်းတူ အခွန်ဆောင်ရ၏။ ၁၁၄၆ ခု စစ်တန်း စစ်သိမ်းချိန်တွင် အိန္ဒာဂီရိ၌ ကင်းခေါင်းမရှိချေ။ လဝ၊ အတရံ၊ ထမော်ကလိုက်ကင်းတို့မှာ ၃ နှစ် တကြိမ်လျှင် အလျား သံ၄ိ၊ အနား ၁ိ ၄ိ ရှိ ကာ၄ ချပ်၊ ငွေရွက်နီ ၂ိ ၂ိ၊ ဖျင်နီ ၃ ဆက်သရ၏။ တောင်ပိုကင်းမှာ ကာ၃ချပ်၊ ဖျင်နီ ၂ဖက်၊ ဖျင်ဖြူတဖက်၊ တန်ဆိပ်မတ်စေ့ ၂လုံး၊ ကြွေပန်းကန် ၅ လုံးနှင့် ရေှတ်ကျည် ၅ လုံး ပေးဆောင်ရသည်။ ရကန်ကင်းမှ ၃ နှစ်တကြိမ်

---

၁။ ကျောက်မော်မြို့ စစ်တန်း

လွှား ၃ ချပ်၊ ဖျင်နီတဖက်၊ ငွေမတ်စေ့ ၂ ိ၂ ံ၊ ကြွေပန်းကန် ၅ လုံးနှင့် ရေတ်မွေးကျည် ၅ လုံး ဆက်သွင်းရ၏။ ရဝက်ကင်း၊ အင်းကတိုက်ကင်း၊ ဆပ်ပြာကင်း၊ တလွတ်တမောကင်း တို့မှာလည်း ရကန်ကင်း နည်းတူ ဆက်သွင်းရပေသည်။ ကင်းများမှဆက်သွင်းသည့် ကြွေပန်းကန် ၅လုံးစီ အနက်၊ ပန်းကန် ၂လုံး၊ ဖျင်နီ ဖျင်ဖြူ တဖက်၊ ငရုတ်ကျည်များကို အရာရှိတို့က ဝေစားကြရသည်။[၁]

နယ်ခြားကင်းများသည် နယ်ခြားဒေသတွင်သာ ရှိသကဲ့သို့ ရေကင်းများသည်လည်း ဆိပ်ကမ်းမြို့များတွင်သာရှိ၏။ ထို့ကြောင့် ဟံသာဝတီတွင် ရေကြောင်း၌မီးပြကင်း၊ သီလဝါကင်း၊ ဓနုတ်ကင်း၊လောင်းရှေကင်း၊ကြည့်မြင်တိုင်ကင်း၊ ပန်းလှိုင်ကင်း၊ ရန်ကင်း စံဆုကင်းဟူ၍ ကင်း ၇ ကင်း ရှိ၏။ ထိုကင်းတို့သည် ကားအလောင်းမင်းတရား ထူထောင်ခဲ့သော ကင်းများဖြစ်၍ ထိုလက်ထက်တွင် အခွန်အတုပ် မပေးမဆောင်ရချေ။ ရာဇဝတ်ရေး လုံခြုံအောင်သာ ထိန်းသိမ်းကြည့်ရှုရ၏။ ဓနုတ်ကင်း၊ မီးပြကင်းနှင့် သီလဝါကင်းတို့မှာ နိုင်ငံခြားသင်္ဘော အဝင်အထွက် လမ်းပေါက် လမ်းဝပေါ်တွင် ဖြစ်၍ သင်္ဘောသမ္ဗန်တို့ ရေလမ်းကြောင်း သိမြင်စေရန် ညဥ့်အခါ မီးတောက်မီးလျှံနှင့် မီးမပြတ်ပြလျက် စောင့်နေထမ်းရွက်ရသည်။[၂] ပုသိမ်မြို့ တွင်လည်း မြို့စောင့်ကင်း ၃ ကင်းရှိသည်ဟု သိရသော်လည်း အမည်များ မသိရချေ။[၃]

ဆိပ်ကမ်းမြို့များတွင် သင်္ဘော ဆိုက်ရောက်လျှင် ဆောင်ရွက်ရသည့် ထုံးတမ်း စဉ်လာနှင့် အခွန်ကောက်ခံပုံများရှိသည်။ ရန်ကုန် သင်္ဘောဆိပ်၌ ဆောင်ရွက်ရပုံကို ဟံသာဝတီ ၁၁၆၄ ခု စစ်တန်း၌-

ဆိပ်တော်သို့ ဝင်ရောက်သည့် သင်္ဘော သမ္ဗန်များမှာ မြစ်ဝ ၇ လံရေက ကျောက်ဆူးချ၍ သမ္ဗန်ငယ်နှင့် မြစ်မာလိန်ရေးချား ရှိသူကို မီးပြကင်း၊ သီလဝါကင်း၊ ဓနုတ်ကင်းများသို့ ဝင်ရပါသည်။သမ္ဗန်ရောက်လျှင် ကင်းသားတို့ အတူလိုက်၍ မြို့ဝန်၊ အရာရှိတို့ထံ အစီရင်ခံ၍ ရေကြောင်းမြစ်မာလိန်ထည့်၍ ကျောက်ဆူးချ ရပ်မိလျှင် သင်္ဘောစီးကပ္ပိတန်၊ မာလိန်တို့ တက်၍ ရတနာ ပုံတိုက်တော်မှာ အစစ်အမေးခံပြီးမှ စကားပြန်တို့နှင့် ရုံးတော်မှာ တက်ပြီးလျှင် ရေဝန်၊ အရာရှိတို့ထံ စာရင်းချရသည်မှာ ကပ္ပိတန်၊ မာလိန်၊ သံလျင်တန်တစ်[၄] ခလာသီ၊ အမြောက်၊ သေနတ်၊ ခဲယမ်းမီးကျောက်၊ အသုံးအဆောင် ရောင်းရန် ကုန်အထည်အလိပ် အမျိုးမျိုးများကို ရတနာပုံ တိုက်တော်မှာ သွင်းထား ပြီးလျှင် သင်္ဘောတက်မ၊ ကြိုးများကို နုတ်ချွတ်၍ သင်္ဘောမှာ အထက်စောင့် အောက်စောင့် ထား၍ စကားပြန်ရာပြတ်တို့နှင့် သင်္ဘောကို အစုံအညီတက်၍ ရှာဖွေစစ်ဆေးပါရသည်။

သင်္ဘောရောက် လက်ဆောင်တော်မှာ စက်အနားပါပုဆိုး ၁၊ မာသရဖက်အုပ်ချော ၂ များကို ဖာနှင့်သွင်း၍ တန်ဆိပ် ခတ်ပြီးလျှင် ဝါရင်းတုတ် မြင်းအစုသားတို့ကို အပ်၍ ရွှေဘဝါးတော်အောက် ပို့ဆက်ရပါသည်။ သင်္ဘောအဝင် လက်ဆောင်မှာ သင်္ဘော

---

၁။ မုတ္တမမြို့ ၁၁၄၅ ခု စစ်တန်း
၂။ ဟံသာဝတီမြို့ ၁၁၆၄ ခု စစ်တန်း
၃။ ပုသိမ်မြို့ ၁၁၄၅ ခု စစ်တန်း
၄။ မသဂ ၆၊ ၂၂၀ တွင်-ဘရင်း၊ တီတစ်

တစင်းလျှပ် မြို့ဝန်၊ ရေဝန်၊ ဟံသာဝတီမြို့သူကြီးတို့မှာ စက်အနားပါပုဆိုး ၁စီ၊ မာသရဖက်အုပ် ၂။ စစ်ကဲမှာ ပလာပုဆိုး ၁ စီ၊ မာသရဖက်အုပ် ၂ စီ။ နာခံတို့မှာ ပလာပုဆိုး ၁ စီ၊ ဒင်္ဂါပိတ်အုတ် ၁စီ။ မြို့စာရေးတို့မှာ ပလာပုဆိုး ၁ စီ၊ ဒင်္ဂါပိတ်အုပ် ၁စီ။ သဘော်စီးတို့က ပေးရပါသည်။

သဘော် အတွက်ကိုလည်း အစစ်ခံချက်အတိုင်း စကားပြန်တို့မှာ ဆေးရေးပုဆိုး ၁၊ ၂၄ ပိတ်အုပ် ၁စီ ပေးပြီးလျှင် ဟံသာဝတီမြို့မင်းကြီးထံ အမိန့်ခံ၍ လှေသင့်အထက်စောင့်၊ အောက်စောင့်တို့ကို သဘော်ရှင်က ငွေ ၃၇ ၂ ပေးပြီးလျှင်ကုန်များကိုသယ်ယူ၍ ရတနာပုံ တိုက်တော်မှာ တန်ဆိပ်ရိုက်ခံ၍ ဆယ်ခိုင့်တခိုင် ကောက်ယူရပါသည်။ အကောက်တော်မှ နုတ်ယူ၍ ကျန်သော အထည်အလိပ်စုကို ဟံသာဝတီမင်းကြီး၊ မြို့ဝန်၊ ရေဝန်၊ တိုက်စိုး ၄၊ တိုက်စာရေး ၄၊ စကားပြန် ၄၊ သဘော်စာရေး ၄၊ သဘော်ရာပြတ် ၄ တို့မှာ အမိန့်တော်နှင့် ခန့်ရင်းတိုက် ၁၊ အရာရှိတိုက်စိုး ၂၊ တိုက်စာရေး ၂၊ ရာပြတ် ၂၊ စကားပြန် ၂၊ သဘော်စာရေး ၂များ ခန့်ထားတော်မူလျှင် ဟံသာဝတီ မင်းကြီးက တိုက်စိုး ၁၊ တိုက်စာရေး ၁၊ စကားပြန် ၁၊ သဘော်စာရေး ၁ များကို ခန့်ထားပါရသည်။ မြို့ဝန်၊ ရေဝန်၊ အကောက်ဝန်တို့က ခန့်ထားမြဲမဟုတ်။

သဘော်ထုတ်သည့်ကာလ ခနွတ်၊ မီးပြ၊ သီလဝါကင်းတော် အကြီးအကြပ်၊ အစောင့်အနေတို့ကို မိန်းမကျွန်တော်မျိုး၊ ရှမ်း၊ ယိုးဒယားမြင်းလား၊ မြင်းမ မတင်မပါစေရ အမိန့်မှတ်ချက် စာချွန်ခံယူ၍ စုန်ဆင်းထွက်သွားပါစေ။

ဟူ၍ ဖော်ပြထားပေသည်။[၂] ပုသိန်မြို့တွင်လည်း သဘော်ဆိပ် ရှိရကား ဆိပ်ထုံးစံ၊ ဆိပ်ခွန်များ ရှိပေသည်။ ယင်းတို့ကား-

မြို့နယ်အတွင်း သဘော်ဆိုက်ရောက်လျှင် ပါသမျှကုန်အနက် မာလိန်ကြီးမှာ ကုန်အထည် ၁၅၀၊ မာလိန်ငယ်မှာ ၇၅၊ အကောက်တော်လွတ်၍ ကျန်သည်ကို ၁၀၀ လျှင် အကောက်တော် ၁၀၊ အကောက်တော် ၁၀ လျှင် တိုက်သွင်းစား ၂ထည် တပိုင်းစားယူကြပါသည်။ ။တန်ဆိပ်ခတ်မှာ ၁၀၀ ခတ်လျှင် တထည်။ သဘော် ကြိုသူတို့မှာ အထက်စောင့် အောက်စောင့် ၂၅ိ။ ။မြစ်မာလိန်မှာ ၃ ပင်တိုင်လျှင် ငွေ ၃ (၃ ပိဿာထင်သည်)။ သဘော် ၂ ပင်တိုင်လျှင် ငွေ ၂ (၂ ပိဿာထင်သည်)။ စားရိုးတွင်ကောက်၍ ၃ပင်တိုင်လျှင် ၂ (၂ပိဿာ) သဘော် ၂ ပင်တိုင်လျှင် ၁၅ဝိ စားယူပါသည်။ ။စကားပြန်မှာ သဘော်ဝင် လက်ဆောင်မှာ၊ မြို့ဝန် ၆၅ိ၊ အခွန်ဝန် ၆ဝိ၊ စစ်ကဲမှာ ၆ဝိ စီ၊ နားခံ ၂၊ စာရေးကြီး ၂ တို့မှာလည်း၊ ၆ဝိ စီ စားကြပါသည်။

သဘော် အကောက်တော်မှာ ပြင်ခရိုင်ကင်းသားတို့က ဆန်တက် ဆက်သရိုး။

ဟူ၍ ပုသိန်မြို့ ၁၁၄၅ ခု စစ်တန်းတွင် တွေ့ရှိရပေသည်။

---

၁။ ဟံသာဝတီ ၁၁၆၄ ခု စစ်တန်း၊ မသဂ ၆၊ ၂၂၀-၁

၂။ ဦးဖိုးကျား ပုသိမ်ရာဇဝင် စာမျက်နှာ ၇၅-၆

အချို့မြို့များမှ အသန့်စားတော်ဆက်နှင့် အသုံးခံပစ္စည်းများ နှစ်စဉ် ပို့ဆက်ရသည်။ ဤကဲ့သို့ စားသုံးဖွယ် အများအပြား ပို့ရသည့် မြို့ ၂ မြို့မှာ မုတ္တမနှင့် တောင်ငူမြို့များ ဖြစ်ပေသည်။ မုတ္တမ ၃၂မြို့မှ နှစ်စဉ် ဝါခေါင်လ ရောက်သောအခါ ရွှေမြို့တော်သို့ ဆေးပေါ်း၊ မင်ပေါင်း၊ စိမ်းမျိုး၊ ယိုမျိုး၊ (၄)ပိကမြိုင်စဥ္စအိုး စဥ္စအင် ငှက်စံကျော်၊ ကဘီလူးစသည်များကို ရွှေနန်းတော် သားတော် သမီးတော်နှင့် မှူးကြီးမတ်ကြီးများ အတွက် လက်ဆောင်လုံလောက်အောင် အကြီးအကြပ်များခန့်လျက် ရွှေမြို့တော်သို့ လက်ဆောင် ပို့ဆက်စေရသည်။ ၎င်းပြင် ပို့ဆက်ရသောပစ္စည်းများမှ

ဂမုန်းပေါင်း ခြင်းနှင့်
ဇာဒိပ်ဖိုယို အိုးငယ်နှင့်
ကရဝေးရွက် ခြင်းနှင့်
သစ်ကြမ်းပိုးခေါက် ခြင်းနှင့်
တလိုင်းနို့မြစ် ခြင်း ၁
ဆင်စွယ်တဖက်
ကေမူလီခြင်း
သနထော်စေးကျည် ၁
သစ်တို ၁
ကညင် ၁
လိပ်ဥဆားဆိမ် ၁
ကဘီလူးငါး ၁၃၀၀
ကမြိုင်ပေါ် ၂၅၀၀
စဥ္စအိုးနှင့်ယိုမျိုး
အုန်းသီးယို ၁
ပိန္နဲယို ၁
ကြာစွယ်ယို ၁ စဥ္စအိုးနှင့်
စဥ္စတကောင်းတင် ၁၀၀
စဥ္စပန်းကန်ငယ် ၁၀၀
မတ်စေ့လုံးရေ ၁၀၀၀

မင်ပေါင်း ခြင်းနှင့်
ဇာဒိပ်ဖိုဖွင့် အိတ်နှင့်
ကရဝေးမြစ် ခြင်းနှင့်
ရိုးတုံ ခြင်းနှင့်
ဆဒ္ဒါန်စွယ်စုံ ချောင်း ၂
မှုသမူလီခြင်း
ယိုကိုးပဥ္စ ခြင်း ၁
မရန်းဆားဆိမ် ၁
ကြက်ပေါင် ၁
မှန်ကူ ၁
ငှက်စံကျော်စိမ်း ၃၀၀
ကျောက်ပွင့် ၁
ကျုစုံဆားစိမ် ၁
ကွမ်းသီးယို
ငှက်ပျောယို ၁
သရက်ယို ၁
စဥ္စဆီမီးတိုင် ၁၀၀၀၀
စဥ္စထွေးအင် ၁၀၀
စဥ္စပန်းကန်ပြား ၂၀၀

အထက်ပါ ပစ္စည်းများအပြင် ဘုရင်မင်းမြတ်က အမှာတော်ရှိသမျှကိုပါ ပို့ဆက်ရပေသည်။[၁] တောင်ငူမြို့က ဆက်ရသည်ကား တန်ခူးအတာမိ

ဖရုံယို သဘော်သီး ပိန်းခေါင်း မျောက်ခေါင်း အုန်းသီး ငှက်ပျောသီး အကြီးအငယ် သီးမွှေး ကန်စွန်းဥ ကြာစွယ် သရက်သီး သမ္ဗာရာ သီး မှန်ရင်း မှန်ကူ ချင်းစိမ်း ကြက်ပေါင် သနထော် ဆက်ရပါသည်။ ။ဝက်မြေဥ၊ ထုံသင်းမှုံ၊ စားတော်ရှားစေးတို့ကို ထိမ့်မှူးတို့က နှိုးဆော် လုပ်ဆောင်၍ပြီးလျှင် တောင်ငူမြို့ တိုက်တော်မှာ သွင်းထား၍ တန်ခူးလ အတာမိအောင် ဆက်ရပါသည်။ ယိုသနတ်မှာ နယ်တွင်း ကျေးရွာသူကြီး၊ မြေတိုင်တို့က ပေးဆက်ကြရ

၁။ မုတ္တမမြို့ ၁၁၄၅ ခု စစ်တန်း

ပါသည်။ ရှားစေးတို့မှာ ရုံးကွမ်းဘိုးတော်က နုတ်၍သုံးဝယ်ဆက်ရပါသည်။

အသန့်တော် ဝက်သားချဉ်၊ ငါးရိုးနုချဉ်၊ မျှစ်ချဉ်၊ သော်ရော်ချဉ်၊ ဝါဆိုသမီ အသန့်မှုံ့တို့က လုပ်သားတံငါတို့မှာ နှိုးဆော်ကောက်ခံ၍ မြို့ရှေ့မင်းဆိပ်တွင် ရုံဆောက်၍ သုံးမြို့ဝန်၊ စစ်ကဲ၊ နားခံတို့က အမှတ်စာပေး၍ ရွှေဘဝါးတော်မြတ်အောက် ပို့ဆက်ရပါသည်။

စားတော်သရက် တခြင်းလျှင် သရက်သီးအလုံးရေ၊ သုံးနယ်သည် သုံးရန်ဆားမှာလည်း နေခင်မြင်းဆိပ်၊ မင်းဆိပ်ပွဲစားများက ပေးသည်။

ယိုအသန့်တိုက်သည့် လှည်းခမှာ မြန်မာ ၁၆ ကျေးမြေတိုင်တို့ လုပ်သားတို့မှာကောက်ခံ၍ ယိုမှုံ့၊ အသန့်မှုံ့ဘိုးကို မြို့ဝန်၊ စစ်ကဲ၊ နားခံတို့က မှတ်စာပေး၍ ရွှေဘဝါးတော်အောက်သို့ ပို့ဆက်ရပါသည်။

စားတော်သရက် တခြင်းလျှင် သရက်သီးအလုံးရေ ၅၀၊ နှစ်ခြင်းလျှင်တထမ်း၊ ရွှေနန်းတော် ၈ ထမ်း၊ နန်းမတော်မှာ ၄ ထမ်း၊ အနောက်ရုံးတော်မှာ ဆက်ရပါသည်။ အိမ်ရှေ့ဘုရား၄ ထမ်း၊ အရှင်မင်းသမီးမှာ ၂ ထမ်း၊ အိမ်ရှေ့တော်အနောက်ရုံးကို ဆက်ရပါသည်။

သဇင်ပန်းတော် တခြင်းလျှင် ပွင့်တံရေ ၂၅၀၊ ခြင်းနှစ်ခြင်းလျှင် တထမ်း၊ ရွှေနန်းတော်မှာ ၁၂ ထမ်း၊ နန်းမတော်မှာ ၂ ထမ်း၊ ရွှေလွှတ်တော်မှာ ၄ ထမ်း၊ ဗြဲတိုက်တော်မှာ ၂ ထမ်း၊ ရွှေလွှတ်တော်မှာ ပြသ၍ ဆက်ရသည်။ အိမ်ရှေ့ဘုရားမှာ ၄ ထမ်း၊ အရှင်မင်းသမီးမှာ ၁ ထမ်း၊ အိမ်ရှေ့ပြင်ဝန်၊ အတွင်းဝန်တို့မှာ ၂ ထမ်းဆက်ရပါသည်။

ဂမုန်းအင်ပန်းတော်လည်း သဇင်ပန်းနောက် ၎င်းနည်း ဆက်သွင်းရပါသည်။ လောင်းပန်းမှာ ဂမုန်းအင်ပန်းနှင့်အတူ မည်ဖလံရွာစားက အရှင်မင်းသမီးမှာ ဆက်ရပါသည်။ ရွာစားမရှိ လွတ်လပ်လျှင်လည်း ရွှေနန်းတော်မှာဆက်ရပါသည်၊[၁]

ဟု တွေ့ရှိရ၏။ ယင်းသည်တို့ကို အကောက်အခွန်ဟု ခေါ်လျှင်လည်း ဖြစ်နိုင်မည်ဟုထင်ပါသည်။

စစ်တန်း အမြောက်အမြားတွင် တွေ့ရှိရသည့် အခွန်များမှာ 'ဆိပ်၊ တည်၊ ပွဲ၊ ကင်း၊ ကူးတို့'သည်လည်း အပါအဝင်ဖြစ်၏။ ဆိပ် ဆိုသည် ကားမြစ်ဆိပ်များတွင် ကောက်ခံသည့်အခွန်ကို ဆိုလိုပေသည်။ ဥပမာ တလုပ်မြို့ကျေး အနိမ့်ရွာမှ ဆိပ်စားမှာ ဝါး ၁၀၀ လျှင် ၁၀၊ သစ်ပျဉ်မှာ ငွေ ၁၀ ဖိုးရောင်းဝယ်သျှင် ရောင်းသူ ၁ ဝယ်သူ ၁ ကောက်ခံ၍ တဝက်ကိုလုင်၊ တဝက်ကို သူကြီး ဝေစားသည်ဟုတွေ့ရ၏၊[၂]

မြတောင်မြို့တွင် မြို့မဆိပ်၊ ကန္တီဆိပ်၊ ထီးချိုင့်ဆိပ်ဟူ၍ ဆိပ် ၃ ဆိပ် ရှိရာ ယင်းတို့မှ အချိန် ၁၀၀ ရောင်းဝယ်လျှင် ငွေ ၃ ူ မြို့သူကြီးတို့က ပြတ်ကောက်ပါသည်။[၃] တည်ဆိုသည်မှာ ရောင်းဝယ်ခွန်တမျိုးဟု ယူဆရပေသည်။ ဥပမာ အနိမ့်ရွာတွင် ချိန်ခွန်မှာ ၁၀၀ ရလျှင် ခွန်မငွေ ၁၀၊ အပိုငွေ ၁၊ ရေးစား ၃ူ၊ အကဲ ၃ူ ကောက်ခံ၍ ခွန်မ၊ ရေးစားများကို ရေးစစ်သူတို့ကို ပေး၍ တိုင်စား

၁။ တောင်ငူမြို့ ၁၁၄၅ ခု စစ်တန်း

၂။ အနိမ့်ရွာ ၁၁၄၅ ခု စစ်တန်း

၃။ မြတောင်မြို့ ၁၁၄၅ ခု စစ်တန်း

ကို မြေတိုင်စားရသည်ဟု ဆိုထားသည်။[1] စလေမြို့ ကျေး ဥယျာဉ်ရွာတွင် ချိန်ဝန် ၁၀၀ လျှင် ၁၀ မြေတိုင်စားရိုးဖြစ်၏။[2] ပုဂံမြို့ ဥပစာနယ်တွင် ကုန်းတည် နှင့် ကျင်းတည်ဟူ၍ တည် ၂ မျိုးရှိရာ ကုန်းတည်ကောက်ရိုးမှာ

> လှည်း ၁ လျှင် ၂ တင်း ဝန်တင်ကို ငွေ ၂ ကျပ် စီနှင့် ပခုံးထမ်း ခေါင်းရွက်သူ တို့ကို အင်တန်ရုံ ကောက်ခံ၍ တနှစ်ကို ခွန်သေငွေ ၄၅ ဝ အရာတော် ဆက်သွင်းရသည်။

ကျင်းတည်မှာ- လှေအချိန် ၃၀၀ ဝင်လျှင် ငွေ ၁ ံ၊ လှေအချိန် ၆၀၀ ဝင်လျှင် ငွေ ၁ ဝ လှေအရှယ် အစားကိုလိုက်၍ ကောက်ခံရသည်။ ချင်ဝန် ရောင်းဝယ်လျှင် ဝယ်သူတတင်းလျှင် ၁ ဆုပ်စီ ကောက်ခံ၍ တနှစ်စေ့လျှင် ခွန်သေငွေချော ၄၅ ဝ အရာတော် ဆက်သွင်းရပါသည်။[3] စည်ပုတ္တရာ မြို့တွင် တည်မှာချင်ဝန် ၁၀ လျှင် ၁ စိ ကောက် ခံ၍ ချိန်ဝန် ၁၀၀ လျှင် ၂၅ ဝိစိ ကောက်ခံလျက် အရာတော်တဝက် စီရင်သူတဝက် ဝေစားကြ၏။[4] ပွဲဆိုသည်မှာလည်း အရောင်းအဝယ် ကောက် ခံသည့် အခွန်ထဲတွင် ပါဝင်ပေ၏။ ပုသိမ်မြို့တွင် ရောက်သည် ကုန်သည်တို့ ပေးရသည့်ပွဲမှာ ငွေ ၁၀၀ ဖိုး ဖြတ်လျှင် ၁ ဝ ကောက်ခံ၍ ရသည် များမှ တဝက်ကို အရာတော်အဖို့ ဆက်သွင်းရိုး ရှိသည်။[5] တလုပ်မြို့မှပွဲမှာ ငွေ ၁ဝိ ဖိုး ရောင်းလျှင် ဝယ်သူထံမှ ငွေ ၁ ဝ ရောင်းသူထံမှ ငွေ ၁ ဝ ကောက် ခံ၍ တဝက်ကို အရာတော်၊ တဝက်ကို ပွဲစား လင်တို့ ဝေစားကြ၏။[6] စလေမြို့တွင် မြေငွေ ၁ဝိ ဖိုး ရောင်းလျှင် ရောင်းသူက ငွေ ၂ ံ၊ ဝယ်သူက ငွေ ၂ ံ နှင့် နှမ်းတတင်းကြဲမြေ ဝယ်လျှင် သူကြီး၊ မြေတိုင်တို့ကို ငွေ ၁ ဝ ပေးရ၏။[7] ပုဂံမြို့စီရင်စုတွင် ငွေ ၁၀၀ ဖိုး ရောင်းဝယ်လျှင် ဝယ်သူငွေ ၂ ံ ရောင်းသူ ၂ ံ၊ ဖျင်ရောင်းလျှင် ဝယ်သူ ၁ ံ ရောင်းသူ ၁ ံ စသဖြင့် ကောက်ခံ၍ တနှစ်လျှင် ခွန်သေကြေး ၇၅ ဝိအရာတော်ဆက်သွင်းရသည်။[8] ကျောက်ရင်းတောင်ရွာတွင် ပွဲမှာ လှည်း ၁ စီးငှင်း လှေ ၁ စီးငှင်း ငွေ ၁ ံ ဖြစ်၏။[9] ကျော်စဉ်ထိုက် စုန်းမြို့နယ်တွင် ပွဲများချိန်ဝန် ၁၀၀ ရောင်းဝယ် လျှင် ဝယ်သူ ၁။ ရောင်းသူ ၁။၊ နွားဝန်တင် ၁၀၀ ကျရောက်လျှင် ၁၀ တင်းလျော့၍ နွား တတင်လျှင် ၁ ထမ်း ကောက်ခံသည်။ ထို့ပြင် လယ်မြေရောင်းဝယ်လျှင် မြေတိုင်တို့က ဆယ်ခိုင့် တခိုင် နှုတ်စားနိုင်သည်။[10] စည်ပုတ္တရာ မြို့တွင် လက်ဖက်တခြင်းရောင်းလျှင် ၆ ၂ ဝ ၂ ံ စိ ကောက် ခံရ၏။ မြတောင်မြို့တွင် စပါးတိုက် လှည်း ၁ စီးလျှင်စပါး ၁၊ သစ်တိုက်လှည်း ၁ လျှင် ငွေ ၁။၊ ငွေ ၁ဝိ တန် ရောင်းဝယ်လျှင် ငွေ ၁ ဝ ဖြစ် ပေသည်။[11] ကင်းခွန်ကို-

---

၁။ အနိမ့်ရွာ ၁၁၄၅ ခု စစ်တန်း
၂။ ဥယျာဉ်ရွာ စစ်တန်း
၃။ ပုဂံမြို့ ၁၁၂၇ ခု ၁၁၄၅ ခု စစ်တန်း
၄။ စည်ပုတ္တရာမြို့ ၁၁၂၇ ခစစ်တန်း
၅။ ဦးဖိုးကျား **ပုသိမ်ရာဇဝင်** ဂ၅
၆။ တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း
၇။ ခွေးချိုရွာ ၁၁၆၄ ခု စစ်တန်း
၈။ ပုဂံမြို့ ၁၁၂၇ ခု၊ ၁၁၄၅ ခု စစ်တန်း
၉။ ကျောက်ရင်းတောင် ၁၁၄၅ ခု စစ်တန်း
၁၀။ စုန်းမြို့ စစ်တန်း၊ **မြန်မာမင်းအုပ်ချုပ်ပုံ၊** အတွဲ ၂၊ စာမျက်နှာ ၁၈၂။ စည်ပုတ္တရာ ၁၁၂၇ ခု စစ်တန်း။
၁၁။ မြတောင်မြို့ ၁၁၆၄ ခု စစ်တန်း၊

နယ်တွင်းမြို့ ပါဝိုင်ကင်းမှာ ကွမ်းသီး၊ဆင်စွယ်၊
ဖယောင်း၊ ခိုးရောင်းဝယ်သည်များကို အချိန်
၁၀၀ လျှင် ခွန်မရွက်နီ ၂ံ ကင်း ကိုင်၊
ကင်းရေး ၁။၊ ဆားငါးပိမှာ ထိုးဝါး ၁ လုံး
လျှင် ၆။ ကင်းကိုင်၊ ကင်းရေး ၁။

ဟု မုတ္တမ ၃၂ မြို့အဝင် ကျောက်မော်မြို့ ၁၁၄၆ ခု စစ်တန်းတွင် တွေ့ရ၏။[1] ကူးတို့ခမှာ တနယ်နှင့်တနယ် တူသည်လည်းရှိ၍ ကွဲသည်လည်း ရှိ၏။ တလုပ်မြို့တွင် မြို့နေသူတို့မှာ ကူးတို့ခ မပေး ရသော်လည်း တရပ်တကျေးက လာသူတို့မှာ ကူးလျှင် လူတကိုယ် ငွေ ၁` ကျ၊ ကျွဲ နွားကူးလျှင် ငွေ ၁။ စီ၊ မြင်း ၁ လျှင် ငွေ ၂ံ ကျ ပေးကြ ရသည်။[2] ပုဂံမြို့တွင် ကူးတို့ခမှာ လူ ၁ လျှင် ငွေ ၁`၊ နွား ၁ လျှင် ၁။၊ မြင်း ၁ လျှင် ငွေ ၁ံ ဖြစ်၍ ကူးတို့ထန်းက တနှစ်လျှင် ခွန်သေကြေး ၂၅ဝိ ကသောင်းမြောင်းတိုက်ကို ပေးဆက် ရ၏။[3] ခေါသန္တိမြို့တွင် ကူးတို့မှာ မိုးကာလ တွင်သာ ပို့ရ၍ လူတယောက်လျှင် ဆန် ၁ စလယ်၊ နွား ၁ လျှင် ဆန် ၂ စလယ်ဖြစ်လျက် ရွာစား တဝက်၊ ကူးတို့ပို့တဝက် ဝေခြမ်းစားကြရသည်။[4] မြတောင်မြို့တွင် ကူးတို့ခမှာ လူ ၁ လျှင် ငွေ ၁`၊ ဆန်ဖြစ်လျှင် ၁`၊ နွား ၁ လျှင် ငွေ ၁`၊ ကျွဲ ၁ လျှင် ငွေ ၁ံ၊ မြင်း ၁ လျှင် ငွေ ၂ံ၊ လှည်းခလျှင် ငွေ ၁။ ဖြစ်၏။[5]

ကျွန်ခေါင်း၊ ကျွဲမြီး၊ နွားမြီး၊ ကျွန်ရောင်း၊ကျွဲ ရောင်း စသည် အခွန်များအကြောင်းကို စစ်တန်း အများ၌ တွေ့ရှိရ၍ မြင်းမြီးကို အနည်းငယ်သာ တွေ့ရလျက် ရောင်းဝယ်ခွန်ဖြစ်သည်ဟု သိရှိရ၏။ ကျွန်ခေါင်းမှာ ငွေ ၁ံ[6]၊ ငွေ ၂ံ[7]၊ ငွေ ၁ံ[8]၊ ကြေး ၂၅ိ[9]၊ ကြေး ၃ံ[10] ဟူ၍ မြို့ရွာအလိုက် အသီးသီးရှိ၏။ ကျွန်ရောင်းလျှင် ရောင်းသူ ငွေ ၂ံ၊ ဝယ်သူ ငွေ ၂ံ ပေးရသောဟူ၏။[11] ကျွဲခေါင်းမှာ ငွေ ၂ံ[12] ငွေ ၁ံ[13]၊ ငွေ ၁။[14]၊ ငွေ ၁`[15]၊ ကြေး ၅ဝိ[16]၊ ကြေး ၂၅ိ[17] စသည်ဖြင့် အမျိုးမျိုး

---

၁။ ကင်း ပု ၄၇၀၊

၂။ တလုပ်မြို့ ၁၁၄၅ ခု စစ်တန်း၊

၃။ ပုဂံမြို့ ၁၁၂၇ ခု စစ်တန်း၊ **မသဂ** ၃၂၊ ၆၁၊

၄။ ခေါသန္တိမြို့ စစ်တန်း၊ အမျိုးသားစာကြည့်တိုက်၊ ပေ ၂၂၇၁ ကိ ဝမ်း၊ ကြောင်းရေ ၅။

၅။ မြတောင်မြို့ ၁၁၆၄ ခု စစ်တန်း

၆။ တူရွင်းတိုင်မြို့ ၁၁၄၅ ခု စစ်တန်း၊ **မသဂ** ၄၄၊ ၈၂။ စုန်းမြို့ ၁၁၄၅ ခု စစ်တန်း၊ **မြန်မာမင်းအုပ်ချုပ်ပုံ** အတွဲ ၂၊ ၁၈၂။

၇။ ကျောက်ဆောက်မြို့ ၁၁၉၄ ခု စစ်တန်း၊ ကျောက်ချင်းတောင် ၁၁၄၅ ခု စစ်ဘန်း၊ မကွေ့တရာရွာ ၁၁၄၅ ခု စစ်တန်း၊ **မြန်မာမင်းအုပ်ချုပ်ပုံ**၊ အတွဲ ၂၊ ၁၈၀။

၈။ ပုဂံမြို့ ၁၁၂၇ ခု စစ်တန်း၊ **မသဂ** ၃၂၊ ၆၁။

၉။ ရွာသာမြို့ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တန်းများ

၁၀။ တောင်ဆင်းမြို့ ၁၁၄၅ ခု စစ်တန်း

၁၁။ ဥယျာဉ်ရွာ ၁၁၆၄ ခုစစ်တန်း၊ စလေမြို့ ၁၁၄၅ ခု တန်း၊ ပျရွာ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တန်းများ၊ စည်ပုတ္တရာ ၁၁၂၇ ခု စစ်တန်း၊ အမျိုးသားစာကြည့်တိုက်၊ ပေ ၂၂၉၁ ကီ ကျော ကြောင်းရေ ၆။

၁၂။ စုန်းမြို့ ၁၁၄၅ ခု စစ်တန်း၊ **မြန်မာမင်းအုပ်ချုပ်ပုံ** အတွဲ ၂၊ ၁၈၂။

၁၃။ ကျောက်ဆောက်မြို့ ၁၁၄၅ ခု စစ်တန်း၊ မကွေ့တရာရွာ ၁၁၄၅ ခု စစ်တန်း၊ **မြန်မာမင်းအုပ်ချုပ်ပုံ** အတွဲ ၂၊ ၁၈၀။

၁၄။ စည်ပုတ္တရာမြို့ ၁၁၂၇ ခု စစ်တန်း၊ အမျိုးသားစာကြည့်ဘိုက်၊ ပေ ၂၂၇၁၊ ကီ ကျော။ တူရွင်းတိုင်မြို့ ၁၁၄၅ ခု ၁၁၆၄ ခု စစ်တန်း **မသဂ** ၄၄၊ ၈၂–၄။ တောင်ရှေ့ရွာ ၁၁၄၅ စစ်တန်း၊ ရှားမိန်ရွာ ၁၁၆၄ ခု စစ်တန်း

၁၅။ ပုဂံမြို့ ၁၁၂၇ ခု စစ်တန်း၊ **မသဂ** ၃၂၊ ၆၁။

၁၆။ တောင်ဆင်းမြို့ ၁၁၄၅ ခု စစ်တန်း

၁၇။ ရွာသာမြို့ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တန်း

တွေ့ရှိရသည်။ ကျဲရောင်းလျှင် ဝယ်သူငွေ ၁° ရောင်းသူ ငွေ ၁° ဖြစ်ပေသည်။[၁] နွားမြီးမှာ ငွေ ၁°[၂]၊ ငွေ ၁॥[၃]၊ ငွေ ၁\[၄]၊ ကြေး ၂၀ိ[၅] စသည်တို့ဖြစ်၏။ နွားရောင်းလျှင် ရောင်းသူငွေ ၁॥ ဝယ်သူ ငွေ ၁॥ သူကြီးစားပေးရိုး[၆] ဟူ၍ရင်း၊ နွားပိုက်ဖြစ်လျှင် ရောင်းသူ ငွေ ၁॥ ဝယ်သူ ငွေ ၁॥၊ နွားမဖြစ်လျှင် ရောင်းသူ ငွေ ၁\ ဝယ်သူ ငွေ ၁\ ကောက်ခံ၍ တဝက်ကို အရာတော် ဆက်လျက် တဝက်ကို စီရင်ပြတ်ကောက်သူတို့ စားရသည်[၇] ဟူ၍ရင်း ပါရှိသည်။ အချို့စစ်တမ်းတွင်မူ ကျွန်ခေါင်း၊ ကျဲ နွားမြီးမရှိဟူ၍ အတိအလင်း ဆိုထားသည်ကိုလည်း တွေ့ရဘူးပေ၏။[၈] မြင်းမြီးမှာ စလေမြို့ကျေး ဥယျာဉ်ရွာတွင် ရောင်းသူငွေ ၂° ဝယ်သူငွေ ၂° သူကြီးစာ(း)ပေးရိုးနှင့် စုန်းမြို့နယ်တွင် ငွေ ၁° ထမ်း ဖြစ်သည်ဟု သိရ၏။

အပေါ်ဝန်၊ အကောက်အစား၊ တရားကွမ်းဖိုး၊ ကျဲဝင်နွားဝင်၊ ဆင်လဲမြင်းမတ်၊ ဆိုသည် အခွန်များမှာ စစ်တမ်းအများ၌ တွေ့ရှိရ၏။ အပေါ်ဝန် အကောက်အစား၏ အဓိပ္ပာယ်ကို အတိအကျ မသိရသေးပါ။ တရားကွမ်းဖိုးမှာ တရားမှုတန်ဖိုး၏ ဆယ်ခိုင့်တခိုင်ဟု သိရပေသည်။ ကျဲဝင် နွားဝင် ဆင်လဲမြင်းမတ်မှာ တရပ်တကျေးမှ ရောက်ပေါက်လာသည့် တိရစ္ဆာန်များ ဖြစ်မည်ဟူ၍ ယူဆရ၏။

ရှေးဦးစွာ အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုး အကြောင်းကို တွေ့ရှိသည့်အတိုင်း တင်ပြပါမည်။ အပေါ်ဝန်တရားစကား ကျရောက်လျှင် သူကြီး စီရင်ရသည် ဟူ၍ရင်း[၉] အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုးကို သူကြီးစီရင်၍ တဝက်ကို ရွာစား မြို့ဝန်ရှိလျှင် ရွာစားမြို့ဝန်၊ ယင်းတို့မရှိလျှင် မြို့လပ်ဝန်ကို ပေးသွင်းရသည် ဟူ၍ရင်း[၁၀]၊ အပေါ်ဝန် အမှုတရားစကားရှိလျှင် ရုံးသို့တက်၍ မြို့သူကြီးစီရင်ပြီး၊ တဝက်သော ကွမ်းဖိုးကို အရာတော်ဆက်သွင်းခါ တဝက်ကို ဝေငှစားကြရသည် ဟူ၍ရင်း[၁၁]၊ အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုးကို စီးပွားတော် အရာတော် ဆက်သမြဲ ဟူ၍ရင်း[၁၂] အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုးကို မြို့မရုံးသို့ ဆုံပေးရသည်ဟူ၍ရင်း[၁၃]၊ အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုးမှာ သူကြီးက သိမ်းခံ၍ တဝက်ကို အရာတော်အဖြစ် ရွာစားရှိလျှင် ရွာစားမှာဆက်သွင်းရ၍ ရွာစားမရှိလျှင် မြို့သူကြီးတို့ကိုပေးခါ ဆိုင်ရာဆက်သွင်းရပြီးလျှင် တဝက်ကို

---

၁။ ဥယျာဉ်ရွာ ၁၁၆၄ ခု၊ ခေါ် သန္တိ ၁၁၂၇ ခု၊ စလေမြို့ ၁၁၄၅ ခု၊ ပျူရွာ ၁၁၄၅ ခု၊ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တမ်းများ။
၂။ စုန်းမြို့ ၁၁၄၅ ခု၊ ကျောက်ဆောက်မြို့ ၁၁၆၄ ခု စစ်တမ်းများ။
၃။ ကျောက်ဆောက်မြို့ ၁၆၄ ခု၊ မကွေ့တရာရွာ ၁၁၄၅ ခု စစ်တမ်းများ။
၄။ စည်ပုတ္တရာ ၁၁၂၇ ခု၊ တူရွှင်းတိုင် ၁၁၄၅၊ ၁၁၆၄ ခု၊ တောင်ရှေ့ရွာ ၁၁၄၅ ခု၊ ပုဂံမြို့ ၁၁၂၇ခု၊ ရွာမိန်ရွာ ၁၁၆၄ ခု စစ်တမ်းများ။
၅။ ရွာသာမြို့ ၁၁၄၅ ခု စစ်တမ်း
၆။ ပျူရွာ ၁၁၆၄ ခု စစ်တမ်း
၇။ ခေါ်သန္တိမြို့ ၁၁၂၇ ခု စစ်တမ်း
၈။ ဥယျာဉ်ရွာ ၁၁၆၄ ခု၊ ပျူရွာ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တမ်းများ။
၉။ တွင်းရွာ ၁၁၆၄ ခု စစ်တမ်း
၁၀။ လှိုင်ရွာ ၁၁၄၅ ခု စစ်တမ်း
၁၁။ တလုပ်မြို့ ၁၁၄၅ ခု၊ စုန်းမြို့ ၁၁၄၅ ခု စစ်တမ်းများ။
၁၂။ တောင်သာမြို့ ၁၁၄၅ ခု စစ်တမ်း
၁၃။ လှည်းစာတွန်းရွာ ၁၁၄၅ ခု စစ်တမ်း

စီရင်သူစား၏။ သူကြီးတို့ စီရင်သည့်အမှု မပြီး မပြတ်လျှင် မြို့ရုံးသို့ ပို့အပ်ရပါသည်ဟူ၍ရင်း[၁] အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုးကို စီရင်၍ ရသည်များမှ အရာတော်အဖို့ တဝက်ကို မြို့စားရှိလျှင် မြို့စားထံတွင်ရင်း မြို့စားမရှိလျှင် တောင်ငူမြို့ရုံးသို့ ပေးသွင်းရသည်ဟူ၍ရင်း[၂] တွေ့ရှိရ၏။ အချုပ်အားဖြင့် အပေါ်ဝန် အကောက် အစား တရားကွမ်းဖိုးမှ ရသည်များကို စီရင်သူ တဝက်၊ အရာတော်တဝက်၊ သို့မဟုတ် မြို့စား ရွာစားတဝက် ဝေစားကြသည်ဟု ဆိုရပေမည်။ ကျွဲဝင် နွားဝင် ဆင်လဲမြင်းမတ်မှာ သတ်မှတ် ထားသည့် အချိန်ကာလ ကုန်ဆုံးပြီးနောက် အရှင် မပေါ်မရှိလျှင် ရောင်းချ၍ အုပ်ချုပ်စီရင် ထိန်း ကျောင်းသူ စသည်တို့က တဝက်၊ အရာတော်၊ မြို့စားရွာစား စသည်တို့က တဝက် ခွဲဝေစားလေ့ ရှိသည်။ သတ်မှတ်ထားသည့် ကာလသည်လည်း မြို့နယ်အလိုက် ကွဲပြား၏။ ဥပမာ- ခေါ်သန့်မြို့ နယ်တွင် ၃ လ၊ စုန်းမြို့နယ်တွင် ၆ လ၊ အချို့ မြို့ရွာများတွင် တနှစ်[၃]၊ အချို့တွင် ၃ နှစ်[၄] စသည် ဖြင့် ဖြစ်၏။ ထနောင်းတိုင်ရွာတွင် ကျွဲဝင် နွား ဝင်ကို သူကြီးက သိမ်းယူရ၏။ အချို့မြို့ရွာ များတွင်—

> အပေါ်ဝန် အကောက်အစား တရားကွမ်းဖိုး ကျွဲဝင်နွားဝင် ဆင်သေမြင်းမတ် ကျွန်ဝင် မြင်းဝင်များမှာ မြို့စားရှိလျှင် မြို့စားက အစီရင်ခံ၍ စီရင်သိမ်းခံသည်။ မြို့စားမရှိလျှင် ရန်ကုန်မြို့ဝန် စစ်ကဲဘို့က စီရင်ရေးစစ် သိမ်း ခံသည် ထွက်ဆိုပါသည်။[၅]

ဟူ၍ တွေ့ရ၏။

ရပ်သူရွာသားတို့မှာ မိမိတို့၏ ကျွဲနွားများ သေလျှင် အသားအားလုံးကို ရောင်းစားခွင့် မရှိ ချေ။ အကြီးအကဲများကို ဝေစုပေးကြရ၏။ ထို ကဲ့သို့ ကျွဲနွားသေလျှင် သူကြီး မြေတိုင်၊ ကျေး တိုင်၊ မြို့သူကြီး စသည်တို့က ဝေစားသည် ထုံးစံ မှာ စလေမြို့၊ တလုပ်မြို့၊ ပုဂံမြို့၊ တူရွင်းတိုင်မြို့၊ ကျောက်ပန်းတောင်းမြို့၊ ရွာသာမြို့ စသည့်အထက် မြန်မာပြည် မြို့ကျေးရွာများတွင် ရှိ၏။ စလေမြို့ ကျေးတွင် ကျွဲနွားသေလျှင် အနံကို မြေတိုင် သူကြီးတို့က စားရရိုး ရှိ၏။[၆] တလုပ်မြို့ ဥပစာ နယ်တွင် ကျွဲနွားသေလျှင် မြို့သူကြီးကို အနံတဖက် ပေးရသည်။ စကြူးရွာတွင် ကျွဲနွားသေလျှင် နံသားတဖက် သူကြီးက စားရသည်။ ပုဂံမြို့ ဥပစာ နယ်တွင် ကျွဲနွားသေလျှင် ပြည်စိုး မြို့သူကြီးတို့က ဆင်ကုန်းနှင့်တင်သား ဝေစုရကြ၏။[၇] ပုဂံမြို့ကျေး တောင်ဖက်တန်း အချို့ရွာများတွင် ကျွဲနွားသေ လျှင် သူကြီးက ဆင်ကုန်း တင်သား လည်ချောင်း နှင့် အနံစားရ၍[၈] အချို့ရွာများတွင်မူ သူကြီးက

---

၁။ မကွရာရွာ ၁၁၆၄ ခု စစ်တန်း

၂။ ကျောက်စရစ်မြို့ ၁၁၄၆ ခု၊ ကျောင်းပြားယော်မြို့ ၁၁၄၆ ခု စစ်တန်းများ။

၃။ ဥယျာဉ်ရွာ ၁၁၆၄ ခု၊ ချွေးချီရွာ ၁၁၆၄ ခု၊ စဉ့်ကူမြို့ ၁၁၄၅ ခု၊ တလုပ်မြို့ ၁၁၄၅ ခု၊ ပျူရွာ ၁၁၄၅ ခု၊ ၁၁၆၄ ခု မကွေတရာရွာ ၁၁၄၅ ခု စသည့် စစ်တန်းများ။

၄။ ကျောက်ရင်တောင်ရွာ ၁၁၄၅ ခု၊ တောင်ဆင်မြို့ ၁၁၄၅ ခု၊ တောင်ရှေ့ရွာ ၁၁၄၅ ခု၊ ရွာသာမြို့ ၁၁၄၅ ခု၊ ရှားဒိန်ရွာ ၁၁၆၄ ခု စသည့် စစ်တန်းများ။

၅။ စစ်တောင်းမြို့ ၁၁၄၅ ခု စစ်တန်း၊ ကင်း ပု ၄၇၀။

၆။ ဥယျာဉ်ရွာ၊ ချွေးချီရွာစစ်တန်းများ။ ပျူရွာတွင် အနံကို မြို့သူကြီးအားပေး၍ တင်ပါးကို မြေတိုင်စားရိုး။

၇။ ပုဂံမြို့ ၁၁၂၇ ခု စစ်တန်း

၈။ ကုက္ကိုရွာမ၊ ကုန်ဘုရားရွာ၊ စည်သာရွာ၊ ကမ္ဘာ့နီရွာ၊ ညောင်ချစ်ရွာ၊ ဒန့်ကျင်ရွာ၊ တောင်နောက်လက်ပံရွာ၊ ပလင်ရွာ၊ ညောင်များရွာ၊ လက်ထုပ်ရွာ ၁၁၂၇ ခု စစ်တန်းများ။

ဆင်ကုန်း လည်ချောင်းနှင့်အနံကို ဝေစုရသည်။[၁] စဥ့်ကူမြို့တွင် ကျွဲနွားသေလျှင် မြို့ကိုင်က အနံ၊ မြို့သူကြီးက ဆင်ကုန်းတဖက် လည်ချောင်း၊ မြေတိုင်က ဆင်ကုန်းတဖက် ကောက်ခံစားရ၏။[၂] တူရွင်းတိုင်မြို့တွင် ကျွဲနွားသေလျှင် သူကြီးအနံ၊ ဆင်ကုန်းပြည်စိုး၊ တင်သားကောက်ရိုး ရှိပါသည်။[၃] ကျောက်ပန်းဘောင်း မြို့ကျေးတွင် ရွာသူကြီး အချို့က နံသား ဆင်ကုန်း လည်ချောင်း ကောက်စားရ၏။[၄] စလင်္ဂသူတိုက်တွင် မြင်းစီးတို့က အနံတချပ် ရကြသည်။[၅] ပုဂံမြို့ကျေးတောင်ပိုတန်း ၁၇ ရွာနှင့် ငကျော်တန်း ၁၀ ရွာတွင် ကျေးတိုင်ရှိသည့် ရွာများမှာ ကျေးတိုင်၏ အဝေသည် အနံဖြစ်ကြောင်း တွေ့ရှိရ၏။[၆] ဤကဲ့သို့ ခွဲဝေဆုံစားသည်ကို ရည်၍ ဦးဆောင်း၏ 'လက်ပံပွင့်' ကဗျာတွင်

အရီးသာလုံး၊ ကြေးကိုင်တုန်းက၊ တို့အိမ်
တောင်ကြံစုံကုန်း၊ တခန့်တုန်းက လဲကာသေ၊
သားရေနှင့်အမဲနံ၊ လက်ပံနှင့်ချိုင်ရလျှင်

ဟု စပ်ဆိုလေသလောဟု တွေးတော ကြံဆမိပါသည်။

ကျွဲနွားသေလျှင် အကြီးအကဲများ ဝေစား ကြရသကဲ့သို့ ဆင်သေလျှင် အကြီး အကဲများ ဆင်သားစားရမည် ထင်သည်။ သို့ရာတွင် ဆင်စွယ်မှာ အရာတော်အဖို့ ဖြစ်သဖြင့် တဖက်သော်၎င်း တစုံလုံးသော်၎င်း ဆက်သရ၏။ စလေမြို့ ကျေးတွင် ဆင်သေလျှင် အစွယ်ကို အရာတော် အဖြစ် မြို့သူကြီးကို အပ်ရသည်။[၇] ပုဂံမြို့စီရင်စုတွင်လည်း ဆင်စွယ်ကို မင်းဘဏ္ဍာ ယူမှတ်ဟန်တူသည်။ အဘယ့်ကြောင့်ဆိုသော် ပုဂံမြို့ဥပစာနယ်တွင် ဆင်သေလျှင် ပြည်စိုးတို့က အစွယ်ကို အရာတော်ဆက်သည်။ ထိုနည်းတူစွာ ပုဂံမြို့ကျေးအဝင်အပါ တောင်ပိုတန်း ၁၇ ရွာ၊ ငကျော်တန်း ၁၀ ရွာ စဥ့်ကူမြို့နှင့် ရွာသာမြို့များကလည်း ဆင်စွယ်ကို အရာတော်အဖြစ် ဆက်သကြ၏။[၈] ဤကဲ့သို့ ဆက်သနည်းမျိုးကို အခြား မြို့ရွာများ၌လည်း တွေ့ရှိရ၏။

စစ်တန်းများ၌ တိုင်းပြည် စည်ပင် သာယာ ငြိမ်ဝပ် ပိပြားရေး၊ လမ်းပန်း ဆက်သွယ်ရေး၊ စစ်မက်အရေး စသည်များအတွက် ရပ်သူရွာသားတို့ ဆောင်ရွက်ရပုံကိုလည်း ဖော်ပြထားပေသည်။ ယင်းတို့ကို စစ်လက်နက်ကိုင်၊ ထိုင်သူရင်း မင်းမှု စစ်သူရင်း လက်နက်ကိုင် လေးကိုင်မှု စသည်ဖြင့် ဖော်ပြလေ့ရှိ၏။ ဤကိစ္စမျိုးပေါ် ပေါက်သောအခါ ရာဇဌာနီ မင်းနေပြည်မှ သက်ဆိုင်ရာ မြို့သူကြီး မြို့စာရေး စသည်များသို့ မိမိတို့ စီရင်စု နယ်ပယ်မှ ငွေမည်မျှ လူမည်မျှစသည်ဖြင့် ခွဲခန့်ဟန်တူသည်။ ၎င်းနောက် မြို့သူကြီးကလည်း မိမိစီရင်စု ကျေးရွာ အကြီးအကဲများကို ထပ်ဆင့် ခန့်ခွဲရပေသည်။ ထို့ကြောင့် မြို့သူကြီးက ဆက်သွင်းသည့် စစ်တန်းတွင်-

---

၁။ ကန်စောင်ရွာ၊ ပျွန်ရွာ ၁၁၂၇ ခု စစ်တန်း
၂။ စဥ့်ကူမြို့ ၁၁၄၅ ခု စစ်တန်း
၃။ တူရွင်းတိုင်မြို့ ၁၁၆၄ ခု စစ်တန်း၊ **မသဂ** ၄၄၊ ၈၄။
၄။ ကစည်ရွာ ၁၁၆၄ ခု၊ စကျောရွာ ၁၁၄၅ ခု၊ မြေစွန်ရွာ ၁၁၆၄ ခု စစ်တန်းများ။
၅။ စလင်္ဂတိုက် ၁၁၄၅ ခု စစ်တန်း
၆။ ဇီးကုန်းရွာ၊ ကူရွာ၊ ကုလားရွာ၊ ကျပ်ရွာ၊ ရေကြည်ရွာ၊ တပေရွာ၊ ငကျော်ရွာ စသည်တို့။
၇။ ဥယျာဥ်ရွာ၊ ခွေးချိုရွာ၊ ပျရွာ စစ်တန်းများ။
၈။ စည်ပုတ္တရာမြို့ ၁၁၂၇ ခု စစ်တန်း၊ တောင်ဆင်းမြို့ ၁၁၄၅ ခု စစ်တန်း

> စစ်လက်နက်ကိုင် မင်းမှုမင်းခင်း အသေးအဖွဲ့ ခွဲခန့်ရန် ရှိသည်ကို ကျွန်တော် မြို့သူကြီး ကသာ ခွဲခန့်စီရင်ရိုး[၁]

ဟူ၍၎င်း၊ မြို့သူကြီး လက်အောက်ခံ တန်းခေါင်းက ဆက်သွင်းသည့်စစ်တန်းတွင်

> စစ်လက်နက်ကိုင် မင်းမှုမင်းခင်း ခန့်ထားရန် ရှိသည်ကို ရုံးတော်သို့တက်၍ မြို့သူကြီးမင်းက ခန့်ထားရာ ကျွန်တော်ခေါင်းစု ၂၇ ရွာကို ကျွန်တော်က အသီးသီး ခန့်ထားရသည်[၂]

ဟူ၍၎င်း၊ ထိုတန်းခေါင်း၏ "ခေါင်းကြီးစု"တွင်ပါ ရွာသူကြီးဆက် စစ်တန်းတွင်

> စစ် လက် နက် ကိုင် ကျ ရောက် သည် ကို တန်းခေါင်းက ခွဲခန့်ရာ ဆောင်ရွက်ရပါသည်[၃]

ဟူ၍၎င်း တွေ့ရှိရ၏။ အချို့သော ဒေသတို့တွင်မူ စစ်လက်နက်ကိုင် မင်မှုမင်းခင်း စသည်ကိုမြို့သူကြီး အစား စာရေးက ခွဲခန့်ရသည်ကို-

> အပေါ် ဝန်ထုတ်၊တင်ကုတ်၊ပြတံခါး၊ကျုံးတာ၊ မြို့ တာ မှ စ၍၊ စစ် သူ ရင်း လက် နက် ကိုင် လေးကိုင်မှုကို ကျော်စည်စာရေးတို့ ခန့်ထား စီရင်သည်။[၄]

ဟူ၍လည်း သိရှိရ၏။ စစ်မှု မထမ်းရသောအခါ အမှုထမ်းတို့သည် "ထိုင်ကြေး" ဟူသည့် အခွန် တမျိုး ပေးရဟန်တူသည်။ မြင်းမှု ထမ်း ရ သည့် စလင်္ဂသူ တိုက်စစ်တန်းတွင် စစ်မရှိလျှင် ၁၀ အိမ် တတိုင်၊ တတိုင်လျှင် တလကို ကြေး ၂၅ ပေးချိန် ရပါသည်ဟု ဖော်ပြသည်ကို တွေ့ရ၏။[၅]

အသည်လူတန်းစားနှင့်ဆိုင်သည့် အကြောင်း အရာများကိုလည်း အချို့ စစ်တန်းများတွင် ပါရှိ လေသည်။ အချို့သော သူကြီးတို့သည် အသည် ကျပ်စု သူကြီးရိုးများ ဖြစ်ကြသည်။ ၎င်းတို့ ပေးသွင်းသည့် စစ်တန်း စကားချီးတွင်-

> ကြေးနီရွာတွင် အသည်ကျပ်စု သူကြီးရိုးငခွေး ကြီးစိုး တိုင်ဆော်သည်။[၆] ခွေးချိုရွာကို အသည် ကျပ်စုငစံတူ ကြီးစိုးစီရင်သည်။[၇] စလေမြို့ကို အသည်ကျပ်စု သူကြီး ရိုး ငထွန်းဦး ကြီး စိုး သည်။[၈]

ဟူ၍တွေ့ရ၏။ အသည်တို့ကို 'တိုင် 'တတိုင်လျှင် အိမ်မည်မျှဟူ၍၎င်း၊ ကျပ်စုဟူ၍၎င်း ဖွဲ့စည်းဟန် တူသည်။ ထို့ကြောင့်စစ်တန်းများ၌-

> ၁၀၃၀ ကျပ်စု တိုင် ၂ အသည်တိုင် ၁၂။
> ၁၀၄၁ ခုကျပ်စု တိုင် အ သ ည် တိုင် ၂၀။
> ၁၁၂၆ ခု အသည်တိုင် ၃၁ ထမ်းရပါသည်။

ဟူ၍၎င်း၊

> ၁၀၃၀ ကျပ်စု တိုင် ၅ အသည်တိုင် ၄၇။
> ၁၀၄၁ ခုကျပ်စု တိုင် ၅၊ အသည်တိုင် ၃၃။
> ၁၁၂၆ ခုကျပ်စု တိုင် ၁ အသည်တိုင် ၄။

၁။ ပုသိမ်မြို့ ၁၁၄၆ ခု စစ်တန်း
၂။ ပုဂံမြို့ စီရင်စု တောင်ဖက်တန်း ၂၇ ရွာ ၁၁၄၅ ခု စစ်တန်း
၃။ တောင်ဖက်တန်းအဝင် အင်တိုင်ရွာ၊ ကမ္ဘာနီရွာ၊ ပျွန်ရွာ ၁၁၄၅ ခု စစ်တန်းများ။
၄။ စုန်းမြို့ ၁၁၄၅ ခု စစ်တန်း၊ **မြန်မာမင်းအုပ်ချုပ်ပုံ** အတွဲ ၂၊ စာမျက်နှာ ၁၀၂။
၅။ ကေ,ာက်ဆောက် မြင်း ၄၄ စီးအဝင် စလင်္ဂသူတိုက် ၁၁၄၅ ခု စစ်တန်း
၆။ စလေမြို့ကျေး၊ ကြေးနီရွာ ၁၁၄၅ ခု စစ်တန်း
၇။ စလေမြို့ကျေး ခွေးချိုရွာ ၁၁၆၄ ခု စစ်တန်း
၈။ စလေမြို့ ၁၁၄၅ ခု စစ်တန်း
၉။ တောင်ဆင်းမြို့ ၁၁၄၅ ခု စစ်တန်း

ဟူ၍ငင်း တွေ့ရှိရ၏။ ထိုအသည်တို့သည် တိုင်ကြေး တိုင်ငွေပေးကြရ၏။ ယင်းတိုင်ကြေး တိုင်ငွေကို သူကြီးများက မကောက်ခံရ။ အသည်စာရေး အိုးစာကြီးတို့ကို ပေးရ၏။[1] အသည်တို့မှာ 'စစ်လက်နက်ကိုင် မင်းမှုမင်းခင်း' မရှိသော်လည်း 'တိုင်သူရင်း မင်းမှုမင်းခင်း' ရှိ၏။ ထို့ကြောင့် စစ်တန်းများ၌ "တိုင်သူရင်း မင်းမှုပေါ်ရှိလျှင် မြို့သူကြီးက ဆင့်ဆိုရာ နာခံ၍ ဆောင်ရွက်ရပါသည်" ဟုပါသည်။[2] အသည်တို့မှာ '၁၂မှု' ခေါ် အခွန်တမျိုးလည်း ပေးသွင်းရသည်။ '၁၂မှု' ဆိုသည်ကား တမာစေး၊ လျှော်၊ အုံတုံခေါက်၊ ဥသျှစ်သီး၊ တင်းလဲ၊ မရိုးမီးသွေး၊ စာရေးရန်ထန်းဖူး၊ မန်ကျည်းမှည့်၊ ရေနံ၊ အင်တွဲ၊ လဲ၊ ဝါနှင့် ကျွဲကော်တို့ဖြစ်သည်။[3] စုန်းမြို့စစ်တန်းတွင် ၁၂မှု အကြောင်းကို—

> သားရေ၊ လဲဝါ၊ အုံတုံ၊ အုဘ်ရစ်၊ မီးသွေး၊ တမာစေးမှစ၍ တိုင်ကြေး တိုင်ငွေ နေ့သင့်လသင့်၊ အသည်ကို၊ တာတိုင်မကို၊ အသည်စာရေး၊ အိုးစားကြီးတို့မှာ၊ ထမ်းရွက်ရသည်။

ဟု ထွက်ဆိုသည်။[4] အသည်နှင့်စပ်လျဉ်း၍ ဤမျှသာ တွေ့ရသေးသည်။ ဝင်နေကပွား အကြောင်းကို စစ်တန်းတစောင်ဝှင်သာ တွေ့ရသေးသည်။

> အိမ်ခြေတိုင်စိုက်ရှိနေသူ ဝင်နေ၊ ကပွားရှိသည်များကို ကျွန်တော်က စစ်လက်နက်ကိုင် တိုင်သူရင်း မင်းမှုမင်းခင်း တိုင်ကြေးတိုင်ငွေရှိသည်များကို ခွဲခန့်ကောက်ခံ စီရင်ရပါသည်။[5]

ဟူ၍ လာရှိရကား ငင်းတို့သည်လည်း အသည်နှင့် အမှုထမ်းချားကဲ့သို့ ထမ်းရွက်ရဟန်တူသည်။

အထက်တွင် ဖော်ပြခဲ့သည့် အရာတို့ကား ပြည်သူပြည်သားတို့ ငွေအားဖြင့်ငင်း၊ ထွက်ကုန်ပစ္စည်းဖြင့်ငင်း၊ လူအင်အားဖြင့်ငင်း ပေးဆောင်ရသော အခွန်များဖြစ်ပေသည်။ ထိုအခွန်အမျိုးမျိုးအပြင် မိမိတို့နေသည့် မြို့ရွာကို ဘုရင်မင်းမြတ်က ပုဂ္ဂိုလ်တဦးတယောက်အား စားကျေးမြို့ရွာ သနားတော်မူလိုက်လျှင် ထိုမြို့စား ရွာစားကို ပေးဆောင်ရသည့် ကြေးငွေနှင့် လုပ်ကိုင်ဆောင်ရွက် ပေးရသည့်ကိစ္စမျိုးလည်း ရှိပေသေးသည်။ ယင်းသည့်အကြောင်းအရာများကို စစ်တန်းများ၌ ရွာစားပေးလျှင်၊ 'မြို့စားပေးလျှင်၊' 'မြို့သိမ်း ရွာသိမ်းသာလျှင်' အိမ်ဖိုးရွာတက် ဝင်းပြင် ခြံလုပ်၊ လက်ဖက်ငှလျှင် စသည်ဖြင့်[6] ဖော်ပြလေ့ရှိ၏။ ပုဂံမြို့စီချင်စု တောင်ပုံတန်း ၁၇ရွာမှ အချို့သော ရွာတို့၌ ရွာစားပေးသည် ထုံးစံရှိသည်။ ယင်းတွင် ရွာစားက ရွာသားတို့ကို လက်ဖက်ကမ်းလျှင် ရွာသားတို့က ရွာစားကို ရွာတက်၊အိမ်ပြင်။ဝင်းခြံလုပ်အတွက် ငွေ ၁၀၂ စီ ပေးကြရ၏။ စစ်တန်း၌ ထိုအကြောင်းကို-

---

၁။ တူရှင်းတိုင်မြို့ ၁၁၄၅ ခု၊ ၁၁၆၄ ခု စစ်တန်း၊ တောင်ဆင်းမြို့ ၁၁၄၅ ခု စစ်တန်း၊ စုန်းမြို့ ၁၁၄၅ ခု စစ်တန်း၊ မကွေ တရာရွာ ၁၁၄၅ ခု စစ်တန်း၊ ရွာသာမြို့ ၁၁၄၅ ခု စစ်တန်းများ။

၂။ ကစည်ရွာ၊ မကွ္ခရာရွာ၊ မြေစွန်းရွာ ၁၁၆၄ ခု စစ်တန်းများ။

၃။ **သုတေသနသရုပ်ပြအဘိဓာန်၊** စာမျက်နှာ ၃၇၇၊ 'မင်းတိုင်း ၁၂မှု'

၄။ **မြန်မာမင်းအုပ်ချုပ်ပုံ** အတွဲ ၂၊ (၁၉၆၅) စာမျက်နှာ ၁၇၂။

၅။ ကျောက်ပန်းတောင်းမြို့ကျေး တောင်လှရွာ ၁၁၄၅ ခု စစ်တန်း

၆။ ညောင်လှရွာ၊ မြစ်ချေရွာ၊ ဖလံအိုရွာ၊ ကူရွာ၊ ရေလားရွာ။

> ရွာစားပေး၍ လက်ဖက်ငှလျှင် အိမ်ကို ငွေ၁ိ ၂ံ စိ ကောက်ခံ၍ ပေးလာရသည်။[၁] ရွာစားပေး လျှင် သူကြီး ပုဆိုးအင်္ကျီ ပေးပါ ရသည်။ လက်ဖက်ငှလျှင် ရွာတက် ဝင်းပြင် အိမ်ကုပ် တအိမ် ငွေ ၁ိ ၂ံ စိ ကောက်ခံ ပေးပါရသည်။[၂]

ဟု တွေ့ရ၏။ ပုဂံမြို့စီရင်စု ငကျော်တန်း ၁၀ ရွာမှ အချို့ရွာတို့တွင်လည်း ရွာစားပေးသည့် အစဉ် အလာရှိရာ ထိုရွာများမှ တအိမ်ကို ငွေ ၁ိ ပေးရ သည်က များ၏။

ရွာစားပေးလျှင် ဝင်းပြင် ခြံလုပ် ၁ အိမ် ၁ိ ကောက်ခံပေးပါရသည်[၃] ဟူ၍ တွေ့ရသည်။ အချို့ရွာများတွင်မူ 'ရွာသိမ်း ရွာတက်မှာ အမိန့် တော်ပြန်တမ်းတွင် ပါသည်အတိုင်း ပေးရသည်'[၄] ဟူ၍၎င်း၊ 'အင်တန်' ပေးရသည်[၅] ဟူ၍၎င်း တွေ့ ရ၏။ မြတောင်မြို့တွင် မြို့စား ပေးသော အခါ မြို့စားက မြို့သူကြီးကို တကျွန်းပုဆိုး ၁၊ ပေါင်း ထုပ် ၁၊ အင်္ကျီ ၁၊ ယပ်ရိုးရှည်အနီ ၁၊ ဖော့ နားတောင်းရုံ ၁၊ လက်ဆောင် ပေးရသည်။ ၎င်းပြင်မြို့စားက မြို့စောင့်ရွာစောင့်နတ်ကို မြူတာ အနားရစ် ရွှေချနတ်အိုး ၆၊ ပုဆိုးခေါင်းပေါင်း ၁၊ နတ်ဝတ်အင်္ကျီ ၁၊ နတ်ခါးစီး ၁ တို့ဖြင့် ပူဇော် ကန်တော့ရ၏။ မြို့စားက လုင်များကို မြို့သိမ်း လွှတ်လျှင် ၎င်းတို့က အိမ်ခြေနည်းများကိုလိုက်၍ လက်ဖက်ဝယ်လျက်မြို့သူကြီးကိုလက်ဖက်ဝေငှရန် ပေးအပ်ချ၍၊ မြို့သူကြီးက ထိုလက်ဖက်ကို တအိမ် လျှင် ၁၅ိ ကျစီဝေငှလျက် မြို့သားတို့ကလက်ဖက် ငှသည့် အတွက် ဝန်အဖိုးငွေ ၂ိ ၂ံ၊ မြို့လုင်အဖိုး ငွေ ၁ိ ၁ံ၊ လက်ဖက်ဖိုး ငွေ ၁ံ စုစုငွေ ၄ိ စိ လက်ဆောင်တုံ့ပြန် ကြရရှာသည်။[၆]

အချို့စစ်တန်းများတွင် အိမ်ခြေစာရင်း၊ အပြောင်းအရွှေ့ အသေအပျောက်စာရင်း ပါရှိ၏။ ပုဂံမြို့ကျေး အချို့ရွာများတွင် '၉ နှစ်အိမ်လူ'ဟု သည့် အိမ်ခြေစာရင်းများ ပါရှိသည်။ အဓိပ္ပာယ်ကို အတိအကျမသိရသော်လည်း ၁၁၀၉ ခု သို့မဟုတ် ၁၁၁၉ ခုတွင် လက်နက်ကိုင် စည်းကြပ်စဉ်က ထမ်းရွက်ရသည့် အိမ်ခြေစာရင်းဖြစ်မည်ဟု ယူဆ ပါသည်။ တောင်ဖက်တန်းတွင် ရွာ ၂ ရွာ၌ ၉ နှစ် အိမ်လူ ၂၄ စီရှိ၍[၇] ရွာတရွာတွင်မူ[၈] အိမ်ခြေ ၉၀ ရှိ၏။ ငကျော်တန်းတွင်'၉ နှစ်အိမ်လူ'ရှိသည့် ရွာများတွင် အနည်းဆုံး ၁၄ ဖြစ်၍ အများဆုံး ၅၉ ဖြစ်သည်။[၉] အထက်တွင် ဖော်ပြခဲ့သည့် အသည်တိုင် ကျိပ်စုတိုင်တို့သည်လည်း အိမ်ခြေ စာရင်းတမျိုး ဖြင်ပေသည်။ ဟံသာဝတီ ၃၂ မြို့ အဝင်အပါ အချို့စစ်တန်းများ၌ အိမ်ခြေစာရင်း ကို အသေးစိတ် ဖော်ပြထားသည်ကို တွေ့ရ၏။ ဥပမာဆောင်ရသော် ကောလိယ မြို့စီရင်စုတွင် အသည်အိမ် ၄၀၊ ဇယိန်အိမ် ၄၀၊ ကရင်အိမ် ၆၂၊ ယောကျ်ားကြီး ၁၀၇၊ ယောကျ်ားငယ် ၁၀၁၊ မိန်းမကြီး ၁၀၁၊ မိန်းမငယ် ၅၅ စုစုပေါင်းလူဦးရေ ၅၂၄ ဟူ၍၎င်း၊ ထန်းတော

၁။ ညောင်လှရွာ ၁၁၂၀ ခု စစ်တန်း၊ **မသဂ** ၃၃။ ၂။ ၂၃၂။
၂။ ကူရွာ ၁၁၂၇ ခု စစ်တန်း၊ **မသဂ** ၃၃၊ ၂၂၃၆။
၃။ တင်ကပ်ရွာ ၁၁၂၇ ခု စစ်တန်း၊ **မသဂ** ၃၃၊ ၂၊ ၂၄၀။ မြင်းဝန်ရွာမှာ ငွေ ၁ိ တည် ၂ိ တန်သည် ပေးရ၏။
၄။ ကျောက်ရင်းတောင် ၁၁၄၅ ခု စစ်တန်း
၅။ ခေါ်သန္တိစစ်တန်း
၆။ မြတောင်မြို့ ၁၁၆၄ ခု စစ်တန်း
၇။ ကုက္ကိုရွာမ ပျွန်ရွာ ၁၁၂၇ ခု စစ်တန်း
၈။ ညောင်များရွာ ၁၁၂၇ ခု စစ်တန်း
၉။ ဖောင်ကွဲရွာ ၁၄၊ ရေကြည်ရွာ ၃၄၊ ရေမျက်ရွာ ၄၇......ရွာ ၅၅၊ ဖလံအိုရွာ ၅၀၊ ကျပ်ရွာ ၅၉။

ကြီးမြို့ စီရင်စုတွင် အသည်အိမ် ၂၁၅၊ အခွန်ထမ်း ကရင်အိမ် ၁၂၂၊ အခွန်ထမ်း ဇယိန်အိမ် ၅၆၊ အိမ်ပေါင်း ၃၉၃၊ လူဦးရေတိုးပွား အိမ်ထောင်စု ၁၂၄၊ ခွဲတိုးအိမ် ၂၀၆၊ ၃ စုပေါင်း ၇၂၃၊ ၎င်းတွင် လူဦးရေ ၁၅၁၆ ရှိသည် ဟူ၍၎င်း၊ မော်ပီမြို့နယ်တွင် အသည်အိမ် ၆၁၊ အခွန်တော်ထမ်း ကရင်အိမ် ၄၂၊ သားသမီး တိုးပွားအိမ် ၉၅၊ အိမ်ပေါင်း ၁၉၈ နှင့် လူ ၃၇၆ ရှိသည် ဟူ၍၎င်း အသီးသီးတွေ့ရှိရပေသည်။[၅] အပြောင်းအရွေ့ အသေအပျောက် စာရင်းကို ရွေးချယ်ရှာ ၁၁၆၄ ခု စစ်တမ်း၌—

> ၄၅ ခုနှစ် စာရင်းတော်တွင် သူကြီး လှကျော် မြေတိုင်ပါသည့် အိမ် ၆၀ အနက် မြင်ကွန်းမြို့ကျေး ဘုန်းတွဲရွာ ပြောင်း ၅၊ ၎င်းကျေး ခိုတောင်ရွာပြောင်း ၂၊ မကွေးမြို့ကျေး တပရင်းရွာပြောင်း ၁၊ ၎င်းကျေး အုပ်လှရွာပြောင်း၁၊၎င်းကျေး ကန်တောင်ရွာပြောင်း ၁။ မြေထဲမြို့ကျေး တမန်ရွာပြောင်း ၁။တောင်တွင်းကြီးမြို့မပြောင်း ၁။ ၎င်းကျေး ကျင်ကြီးရွာပြောင်း ၁။ ၎င်းကျေး အင်ကြင်းကန်းရွာပြောင်း ၁။ ၎င်းကျေး ကလန်ရွာပြောင်း ၁။ ၎င်းကျေး တောစိမ်းရွာပြောင်း ၁။ ၎င်းကျေး ကျခတ်ကန်ရွာ ပြောင်း ၁။ ကျောက်ပန်းတောင်းမြို့ကျေး ဆင်တိုက်ကန်ရွာပြောင်း ၂။ ၎င်းကျေး အင်ပျိုရွာပြောင်း ၁။ ၎င်းကျေး ဆားတောင်ရွာပြောင်း ၂။ ၎င်းကျေး လက်ပံပင်ရွာပြောင်း ၁။၎င်းကျေး ထန်းတောရွာပြောင်း ၁။ ၎င်းကျေး ငါလွတ်ရွာပြောင်း ၁။ ပုပ္ပားမြို့ကျေး သံတိုရွာပြောင်း ၁။ မဟာဒါန်တိုက် ရေဆုံးရွာပြောင်း ၁။၎င်းကျေး သာအိုင်ရွာပြောင်း ၁။ ယင်းတော်မြို့ကျေး ရုံကန်ရွာ ပြောင်း ၁။ ပုဂံမြို့ကျေး ပွန်ရွာပြောင်း ၁။ စဥ့်ကူမြို့ပြောင်း ၁။ ရေနံချောင်းမြို့ကျေး သပြေပင်ဆုံကုန်းရွာပြောင်း ၁။ ပင်းမြို့ကျေး ဝဲကြီးဆင်ခေါင်းရွာ ပြောင်း ၁။ ၎င်းကျေး ကန်ပေါက်ရွာ ပြောင်း ၁၊ ၎င်းကျေး ပေါက်တောရွာပြောင်း ၁ ပေါင်း ၃၉။ သားသမီး အဆက်အခံမရှိ အိမ်ထောင်စုသေ ၅။ စာရင်းတော်ဝင် မုဆိုးမသေ ၅။ ၎င်းစာရင်းတော်ဝင် မုဆိုးဘိုသေ ၂ ပေါင်း ၁၂။ ....စုသား ၃။ ၎င်းကျောက်ဆောက်မြင်းစုသားထမ်း မကွေးမြို့ကျေး ပုဘီးကုန်းရွာပြောင်း ၁။ တောင်တွင်းကြီးမြို့ကျေး ကုလားကန်ရွာပြောင်း ၁။ ၎င်း ကျောက်ဆောက်မြင်းစုသားထမ်း အိမ်ထောင်စုံသေ ၃။ ၎င်း စာရင်းတော် ဆက်သွင်းပြီး နောက် [illegible] ဝင်ရောက် နေထိုင်သူ စုမသိအိမ် ၆ အနက် ပင်းမြို့ကျေး မဲထီးရွာက ၁။ ကျောက်ပန်းတောင်းမြို့က ၃။ တူရွင်းတိုင်မြို့က ၁။ စဥ့်ကူမြို့က ၁။ ပေါင်း ၆ ရှိမိသည်။

ဟူ၍ ဖော်ပြထားသည်။

မြို့ရွာစစ်တမ်းအချို့၌ ၎င်းမြို့ကျေးတွင် ထမ်းရွက်ရှိနေသည့် စုအမှုထမ်းစာရင်းများလည်း ပါရှိသည်။ ရန်ကုန်တွင် မြို့စောင့် အမှုထမ်း စိမ့်သောငှာ ယွန်း ၇ စို့၊ အမြောက် ၄ စို့၊ သေနတ် ၄စို့၊သူရဲ ၁၂တပ်၊မြင်း ၄စို့၊ နက်ပလာ ဆင် ၃၇ ကြိုး၊ အောက်မား ၉ သင်း၊ မိုင်းမော် ၂ စို့၊ ကုလား ၂ စို့၊ ဝါးချင်းတုတ်မြင်း ၂ စို့၊ အမျိုးစုအကြီးစု ရဲလှေ ၅၁ စင်း၊ လမိုင်း ၂စို့၊ စသည့် အစို့လုပ်ငန်းများကို အလောင်းမင်းတရားကြီး ရန်ကုန်၌ ဖွဲ့စည်းထားခဲ့၏။ ယင်း

၅။ ဟံသာဝတီ ၃၂ မြို့ ၁၁၆၄ ခု စစ်တမ်း

အကြောင်းကို ဟံသာဝတီမြို့ ၁၁၆၄ ခု စစ်တမ်းတွင် တွေ့ရှိရသည်။ ထို့အပြင် မုတ္တမမြို့စစ်တမ်း၌ မုတ္တမ ၃၂ မြို့တွင် ရွှေပန်းစု၊ ရွှေထားစု၊ သူရဲစု၊ ကွန်းမှူးစု၊ ပုံခိုင်စု၊ မြင်းစီးစု၊ မြို့စားစု၊ အမျိုးစု၊ ပလဲကွန်သမီးစချီစု၊ အလပ်စု၊ မုတ္တမ အခွန်စု၊ ကျွန်တော်ခံစု၊ ပတ်သည်စု၊ အင်းဝပါစု၊ သွေးသောက်စု၊ ငယ်ထိုးစု၊ တပ်ငုတ်စု၊ ကျပြစ်ဝင်ပန်းဘဲစု၊ ကပ္ပားစု၊ အာမခံပလာစု၊ ဗည်းပလာစု၊ ဘဏ္ဍာစု၊ ဝင်ယော်အာမခံစု၊ ရေးစားစာယိုဇစု၊ သစ်စေးစု၊ ဒိုင်းစု၊ တိုက်စု၊ ဒိပ္ပအိမ်စု၊ မဟာဒါန်စု၊ မှူရင်းစု၊ ကလိန်အောင်စု၊ ကနော်ထုံစု၊ လှေတပ်စု၊ ကျိပ်မျိုးစု၊ အာမခံစု၊ သကြားစု၊ ရှိစု၊ ကုလားစု၊ တနသာ်ရီစု၊ ဒဝယ်စု၊ စုမိသီးမြန်မာစု၊ မတ္တရာစု၊ နတ်ကျွန်းစု၊ ပုဏ္ဏားစု၊ ဆင်မော်စု၊ စမြောင်စု၊ ဝင်ယော်ကင်းစု၊ ကွန်းမှူးစု၊ ဘုမ္မာဂီရိကင်းစု၊ အထရုံအသည် ၁၂ ကင်းစု၊ ဆုကလကင်းစု၊ စားတော်လုံငွေ ခွန်စုနှင့် ငွေခွန်ကရင်စုများ ရှိကြောင်းပါရှိသည်။

ပြည်သူ ပြည်သားတို့ ပေးဆောင်ထမ်းရွက်ရသည့် အခွန်အမျိုးမျိုးအကြောင်းကို အထက်တွင် ဖော်ပြခဲ့ပြီးလေပြီ။ များသော အားဖြင့် အကြီးအကဲ တို့သည် ထိုအခွန်များကို မထမ်းဆောင်ကြရ လွတ်ငြိမ်းချမ်းသာခွင့်ရကြ၏။ ယခုတဖန် အကြီးအကဲတို့ ထမ်းဆောင်ရသော အခွန်သဘော သက်ရောက်သည့် အရာခံလက်ဆောင်၊ ကန့်တော့လက်ဆောင်စသည်တို့ကို အကျဉ်းမျှသာ ဖော်ပြပါမည်။ မြို့ရွာအုပ်ချုပ်သူတို့ အရာဆက်ခံလျှင် ဆိုင်ရာအကြီးအကဲကို လက်ဆောင်ပေးကြရ၏။

> မြို့သူကြီး သေသော် အရာကို ဆက်ခံလျှင် ကြေး ၂ဝိ၊ ပြည်စိုးတို့ အရာ ဆက်ခံလျှင် လက်ဆောင်ကြေး ၁ဝိဆက်ရိုး။ သူကြီးငယ်တို့ အရာဆက်ခံလျှင် ဖျင်တစုံ မြို့သူကြီးကို တိုင်ရိုးရှိပါသည်။

ဟူ၍ တူရွှင်းတိုင်မြို့ ၁၁၆၄ စစ်တမ်းက ထွက်ဆိုသည်။ တဖန်တုံလည်း

> သားအရာခံလျှင် ငွေဖလား၅ိလုပ်၊ လက်ဖက်ချောင်း ခါသာနှင့် ရွှေလက်တော်မှာဆက်သ၍ အရာခံရပါသည်။ သူကြီးတို့သေ၍ သားဆက်ခံလျှင် ဖျင်တစုံနှင့် ကျွန်တော်ပြည်စိုးမှာ တိုင်ကြားရသည်

ဟု တောင်ဆင်းမြို့ ၁၁၄၅ ခု စစ်တမ်းတွင် လာသည်။ စော်ဘွားတို့သည် အရာဆက်ခံကြသောအခါ အရာခံလက်ဆောင် အများအစား ပေးကြရ၏။ ဝန်သိုစော်ဘွားများသည် အရာဆက်ခံသောအခါ ဘုရင်ကို ငွေ ၅ဝဝိ၊ ဝန်ကြီးကို ၂၅ိ၊ ဝန်ထောက် ၄ယောက်ကို ၂ဝိ၊ အတွင်းဝန် ၂ ယောက်ကို ငွေ ၁ဝိ၊ နားခံ ၂ ယောက်ကို ငွေ ၇၅ိ၊ အဝေးရောက် ၄ ယောက်ကို ငွေ ၁၂ိ၊ သံတော်ခံ ၄ ယောက်ကို ငွေ ၆ိ၊ ပြင်သံတော်ဆင့် ၁ ယောက်ကို ငွေ ၃ိ၊ တံခါးနီကြေး ၃ိ ပေးဆောင်ရလေသည်။[1] ဤကဲ့သို့ အရာခံလက်ဆောင်အများအပြင် ဘုရင်မင်းမြတ်သည် နှစ်စဉ် သတင်းကျွတ်လတွင် ဦးကင်တော်ဖွင့် ဝါကျွတ်ကန်တော့ခံသောအခါ မြို့ရွာအကြီးအကဲ အသီးသီးတို့သည် ဝါကျွတ်ကန်တော့လက်ဆောင်များ ဆက်သကြရ၏။ ရွာသူကြီးနှင့် ရွာသူကြီး

---

၁။ ဝန်သိုမြို့ ၁၁၂၅ ခု စစ်တမ်း

အဆင့်အတန်း တူသူတို့သည် များသောအားဖြင့် ဖျင်တစင်းစီ ဆက်ကြရသည်။[1] မြင်းစီးမှာ မြင်းစာရေးတို့နည်းတူ မြင်းတစီး ဖျင်တစင်း ကန်တော့ဆက်ကြရ၏။[2] မြို့သူကြီးတို့မှာမူ မြို့ကြီး ငယ် အလိုက် ကန်တော့ဆက်ရဟန်တူသည်။တူရွင်းတိုင် မြို့သူကြီးမှာ ငွေဖလား ၂၀ ခုတ်နှင့်ဖျင် ၁ စင်း၊ ပုဂံမြို့သူကြီး၊ ပုသိန်မြို့သူကြီးနှင့် ရွာသာမြို့သူကြီးတို့မှာ ငွေဖလား ၅၀ ခုတ်နှင့် ဖျင်တစင်း၊ ပုဂံမြို့ မင်းသား ၄ ရိုးတို့မှာ ရွှေဖလား ၅၀ ခုတ်နှင့် ခါသာအုပ် ပေးဆက်ကြရ၏။ ဝန်သိုမြို့ သူကြီး၏ နှစ်စဉ် ကန်တော့ဆက်မှာ မင်းသားများထက်ပင် ပိုသေးသည်။ ဘုရင်ကို ရွှေဖလား ၅၀ ခုတ်၊ ဖျင် ၂၊ ခါသာ ၂၊ အိမ်ရှေ့မင်းကို ငွေဖလား ၂၂ ခုတ်နှင့် ဖျင် ၁ ကန်တော့ရ၏။

တောင်ငူမြို့ အရာထမ်းအမှုထမ်းတို့၌ အခြား မြို့ရွာ အကြီးအကဲတို့ မဆောင်မရွက်ရသည့် ကိစ္စ တရပ်ကိုလည်း ဆောင်ရွက်ကြရ၏။ ယင်းသည်ကား ကိုယ်စားတော်ဘုရားပွဲ ကျင်းပရခြင်း ဖြစ်သည်။ စစ်တန်း၌ ဆိုပုံကား-

> သတင်းကျွတ်လဆန်း ၁၄ ရက်နေ့ကသည် လပြည့်ကျော် ၁ ရက်နေ့ထိ ဆံတော်ရှင်ဖုရားမှာ ကိုယ်စားတော်ဆင်ဖြူ၊ ဆင်နီ၊ ထီးဖြူ၊ ထီးနီ၊ တန်ဆောင်း၊ ပြသာဒ်၊ ကျောင်းတော်ကပ်လှူ၍ မြို့ဝန်၊ အခွန်ဝန်၊ စစ်ကဲနားခံ၊ စာရေးကြီး၊ အမှုး အကြီး တို့မှာလည်းခံ၍၊ လပြည့်ကျော် ၁ ရက်နေ့ အလှူတော်ကို လှူရပါသည်။ ၎င်းပွဲခံသည့်ကာလ လက်ဝှေသတ်သူ၊ အတီး၊ ကခြေ၊ သဘင်သည်တို့ကို ဖျင်ပုဆိုး ဆုချရသည်၊ ပုဆိုးဖျင်မှာ မြို့လှုကင်း၊ ကျောက်ချက်ကင်း၊ ခပေါင်းကင်း၊နောက်ပြင်ဆိပ်ပွဲ၊ မင်းပွဲဆိပ်ခုစ၍ ပွဲချားကင်းများမှာ ဆူကြုံနိမ့်မြင့် ခွဲခန့်ကောက်ခံရပါသည်။ ပွဲနေ့သည် မြို့ဝန်၊ အခွန်ဝန်၊ စစ်ကဲ၊ နားခံ၊ စာရေးကြီး၊ အစုရေး၊ အစုကိုင်၊အတီး၊ကခြေ၊ သဘင်သည်တို့ကို ဆေး ကွမ်း လက်ဖက်များဖြင့် နောက်ပြင်ဆိပ်၊ မင်းပွဲဆိပ်ပွဲပြတ်၊ ပွဲစာရေးတို့က ပေးရပါသည်။ ၎င်းအတီး၊ ကခြေသည်တို့ကို တောင်ငူမြို့ ရှေ့နေတို့က အလှည့်လှည့်ည နံနက် ထမင်းကျွေးရပါသည်။ ၎င်းလက်ဝှေသတ်သူတို့ကို အကွဲ အရှ အလုံး အထွေးရှိလျှင် ရှေ့နေတို့က ဖြန့်ထားရပါသည်။ ဘုရားရှင်မှာလည်း ဆီမီးထွန်းရပါသည်။

ဟုပါရှိသည်။ ၎င်းပြင် ယင်းစစ်တန်း၌ပင် ကိုယ်စားတော်ဘုရား တန်ဆောင်မုန်းလပြည့်နေ့ ကထိန်သင်္ကန်း၊ တပေါင်းလပြည့်နေ့တွင် မြတ်စောညီနောင်ဘုရားပွဲ၊ တပေါင်းလပြည့်ကျော် ၈ ရက်နေ့မှာ ကျောက်ဆောက်ဘုရားပွဲ၊တပေါင်းလကွယ်နေ့တွင် မြသိတင်းဘုရားပွဲ၊ ကဆုန်လတွင် ညောင်ရေသွန်း ပွဲများကို ကျင်းပရပုံကိုလည်း အကျယ်တဝင့် ဖော်ပြထားသေးသည်။

မြို့ရွာအုပ်ချုပ်သူတို့မှာ ရာထူးနိမ့်မြင့်အလိုက် ဘုရင်မင်းမြတ် ချီးမြှင့်ထားသည့် အစီးအနင်း အဆောင်အရွက်များ ရှိကြပေသည်။ ယင်း အကြောင်းအရာကို စစ်တန်းအချို့တွင် တွေ့ရသဖြင့် မြင်းစီးမြို့ သူကြီးရွှေမှုးနှင့် စော်ဘွားတို့ရရှိသည့် အစီးအနင်း အဆောင်အရွက်များကို

၁။ စလေမြို့ကျေး ဥယျာဉ်ရွာ၊ ခွေးချီရွာ၊ ပျရွာ၊ ရွာသာမြို့ကျေးရှိ သူကြီးငယ်များ၊ ပုဂံမြို့ ၁၁၄၅ ခု စစ်တန်း၊ ပုသိန်မြို့ ၁၁၄၅ ခု စစ်တန်းများ။
၂။ စလင်္ဂသူတိုက် ၁၁၄၅ ခု စစ်တန်း

ထုတ်နုတ်တင်ပြပါမည်။ ကျောက်ဆောက်မြင်း ၄၄ စီးအဝင် စလင်္ဂသုံ့တိုက်ရွာစား မြင်းစီး၏။

စီးနင်းဆောင်ရွက်လိုက် ထမ်းရိုးမှာထား၊ မြင်းနင်းကသံကိုင်း ငွေဇာဝါ ၅ ပွင့်၊ အုပ်ခက် ထိပ်ဆောင်းမြီးပျမ်း၊ ရင်ပတ်သက္ကလတ်ကြိုး အပြာကွက်၊ ခါးတောင်ရွှေ အနားသတ် ၄ ၊ မြင်းမှတ်အလံနီ လကွင်းအင်းချ၊ အဲမောင်း အရိုး ၇ ရာဇမတ်ခက်တောင်ပြည့်ဆင်၊ ကြေးဝါချင်ပုံ၊ လုံ့သွား ၁ ၊ မောက်တိုအနီ ဟသ်ပတားသုတ်၊ အရပ်နှင့် အထွတ် ၄ ရွှေချမောက်ရူ၊ ပါးကာ နားကာ အနက် ဖဲပြားကွပ်၊မျဉ်းတို မျဉ်းရှည် ဖဲနက် ပိုးစုံသတ်၊ ဝတ်ဆင်စီးနင်း လိုက်ထမ်းရသည်။[၁]

ပုဂံမြို့သူကြီးတို့သည် ညောင်ရမ်း နှောင်းခေတ် တနင်္ဂနွေမင်း နှင့် မဟာဓမ္မရာဇာဓိပတိမင်းများ လက်ထက် ရခဲ့သည့် အဆောင်အရွက် အစီးအနင်း များမှာ—

ရွှေကျုပ်၊ လက်ဖက်အိုးတကောင်းပိတ်၊ ကျိုင်း ဆင်စွယ် ၄ သစ်ခန့်၊ ရွှေထား ငါးပတ်ခံတွင်း ဖြစ် ပေသည်။[၂] မြို့သူကြီးတို့နှင့် အရည်တူသည်ဟု ယူဆရသော ရွှေမူးတို့ရသော အဆောင်အရွက် အစီးအနင်းကို မော်ခွင် ၄ ရွာ ၁၁၂၇ ခု စစ်တန်းတွင်၎င်း ၁၁၄၅ ခု စစ်တန်းတွင်၎င်း တွေ့ရှိရ၏။ ၁၁၂၇ ခု စစ်တန်းအရ မော်ခွင် ရွှေမူး၏ အဆောင်အရွက်မှာ—

ထား ငါးပတ်ခံတွင်း ဆောက်ပြည့် အိမ်ပြည့်၊ မြင်းကကိုင် ရွှေဇာဝါ စာမရီ ပန်းခက်ကိုက် အနား သံလေးသစ် ရွှေပိန်း၊ နှင်းနှင်းသိပ်၊ ရွှေဇာဝါရွှေကြယ်တပ်၊ ထွေးအင်၊ တကောင်း ဖုံး၊ လက်ဖက်အိုး၊ ကျိုင်းအထွတ် ဆင်စွယ် ချက်ပြည့်၊ ဆင်ပေါက်မ ၂ စီး ရွှေထီးအထွတ် အနားလေးသစ် ရွှေချထည့်။

ဖြစ်၏။ ဝန်သိုမြို့ သူကြီးတို့သည် အထက်တွင် ဖော်ပြခဲ့သည့် မြို့သူကြီး၊ ရွှေမူးများထက်ပင် အဆောင်အရွက်များပြား၏။ ၁၁၄၅ ခု စစ်တန်း အရ ဝန်သိုမြို့ သူကြီးတို့၏ အဆောင်အရွက်မှာ—

မြင်းကကိုင် ၇ ပွင့်၊ ကတောင်ရွှေရေး စာမရီ ပန်းခက်ကိုက် အနားသံ ၄ ရွှေပိန်း၊ နှင်း နှင်းသိပ်၊ အိမ်မြောင်ရင်ပတ်ကွင်း၊ ရွှေဇာဝါ အုပ်ခက်ထိပ်အုပ်၊ မြီးဖြမ်းရင်ဘတ် သက္ကလပ် ကြိုးရွှေကြယ်တပ်မိုးကြိုးကြုတ်၊လက်ဖက်အိုး၊ တကောင်းပိတ်၊ ထားအိမ်အဆောက် ရွှေ အမွန် ထားအိမ်ရင်းဖျား ရွှေငါးပတ်ခံတွင်း ရွှေသံပတ်စွဲ ငါးတန့်၊ ဒိုင်းဝန်ရွှေဇာဝါပိန်း။

ဖြစ်သည်။ စော်ဘွား တို့ အဆောင်အရွက် တို့ ဝန်သိုမြို့ ၁၁၂၅ ခု စစ်တန်းတွင်—

ဆင်ပေါက်၊ ဆင်မ ၂။ ရဲကအနီ ၂ စု ရွှေတစု၊ အလံကျည်ရွှေရေး၊ အလံနီ ၂။ ပေါင်းဝန်း အနီ ၂ စု၊ အထွတ်ရွှေ၊ သက္ကလပ်ကြိုး အနား ဖဲကွပ်၊ ချွန်း ၄။ ထီးဝါ ၂။ ကျိုင်း ၂။ အထွတ်ရွှေ ၄ ခန့်။ မြင်းကကိုင် ရွှေ ညောင်ရွက် ၂ဆင့် တညောက်ရွှေညောင်ရွက် ၃ ပွင့်၊ ကတောင်ရွှေရေး၊ စာမရီပန်းခက် ကိုက်၊ အနားသံ ၄ ရွှေပိန်း၊ နှင်းနှင်းသိပ်၊ အိမ်မြောင်လကွင်း၊ ရင်ပတ်ကွင်း၊ မြီးပျမ်း ရင်ပတ်၊ သက္ကလပ်ကြိုးကြယ်စီ၊ သက္ကလပ်

---

၁။ စလင်္ဂသူ ၁၁၄၅ ခု စစ်တန်း
၂။ ပုဂံမြို့ ၁၁၄၅ ခု စစ်တန်း

တင်ရမ်း၊ မုဒရက်ပေါင်ဆွဲ၊ ရွှေတက် နောက်တက် ဇက်ရှန်း ၃ ဆင့်။ ကွမ်းခွက် ဂ မြှောင့်။ မိုးကြိုးထွေးအင်။ တကောင်းပိတ်၊ လက်ဖက်အိုး၊ ကျပ်မြင့်မှိုရ်။ထားလိုက် လက်ဝဲလကျာ ၂ စဉ်။ စည်နီ ၇၊ပုံသာ ၁။ခရာ၊ နှဲကြီး ၁၊နှဲငယ်။ ဟု တွေ့ရှိရ၏။

မြို့ရွာအကြီးအကဲတို့၏ နေအိမ်များကိုလည်း ရာထူးနိမ့်မြင့်အလိုက် ကန့်သတ်ထားဟန်တူသည်။ အချို့စစ်တန်းများတွင် အကြီးအကဲများက မိမိတို့နေခွင့်ရသည့် အိမ်အကြောင်းကို ဖော်ပြထား၏။ ယင်းတို့မှမြင်းစီး၊ မြို့သူကြီးနှင့် စော်ဘွားနေအိမ်များကို ထုတ်နုတ်တင်ပြပါအံ့။စလင်္ဂသူမြင်းစီး

နေရသည့်အိမ်မှာ ကြမ်းပြင်နေရောင်ကာ၊ မြောက်မျက်နှာ နှာယောင်ဆောင်ထည့်၊ လှေခါး ၂ ခွေးတက် ၂ နှင့် ဖြစ်၏။[1] ဝန်သိုမြို့သူကြီး၏ အိမ်မှာ လှေခါးဦးတိုက် ၁၊ လှေခါးမြှောင် ၁ နေရောင်ကာ ၂ နှင့် ဖြစ်သည်။[2]

ဝန်သိုစော်ဘွား၏အိမ်မှာ—

အိမ် ၃ ဆင့် ဟော်ချိုးတက် အမိုးအင်္ဂတေပွတ် မာရဘင် အနီသုတ်၊ ပြတင်းအနီ ၂ စု ရွှေ ၁ စု၊ ဝင်းမြင်းကြမ်းလွှတ်၊ ပြတင်းတံခါးလေးပေါက် ဆောက်လုပ်နေထိုင်ခွင့် ရှိသည်။[3]

အထက်တွင် ဖော်ပြခဲ့သည့် အရာထမ်းများနှင့် ၎င်းတို့မိသားစုတို့၌ အရာနိမ့်မြင့်အလိုက် ရပ်သူရွာသားနှင့်မတူသည့် သင်္ဂြိုဟ်ထုံးများရှိ၏။ စလင်္ဂသူရွာစား မြင်းစီးတို့ သေလွန်လျှင် ဗိတာန်သံညွင်း ပျဉ်အဖုံးသတ် သင်္ဂြိုဟ်ရသည်။ မြို့သူကြီးတို့ သင်္ဂြိုဟ်ထုံးမှာ မြို့ရွာအလိုက် ကွဲပြား၏။ စဉ့်ကူးမြို့သူကြီးတို့ သေလွန်လျှင်—

ပျဉ်အဖုံးကမွတ်ရွှေထည့်၊ ပန်းစစ် ဗိတာန်၊ ညောင်ရှက်ဆွဲ၊ သမြင်းတိုင်ချင်ပုရွှေထည့်၊ ဖိတုံး ထင်း စန္ဒား ယမားအိုး ပချပ် မြူတာရွှေထည့်၊ ငွေထည့်၊ ငှက်ပျောပလ္လင်၊မြင်းတားကျိုင်းဆောင်၍ မီးလောင်တိုက်၊ ငှက် ချေးခံနှင့် သင်္ဂြိုဟ်ရပါသည်။

ပုဂံမြို့၌

မြို့သူကြီးတို့ သားမယားမိဖတို့ သေလွန်လျှင် အဆောင်အရွက်ကို ကျင်းပ၍ ပျဉ်သလွန်ခြေအဖုံးကမွတ် ရွှေဖဲနီပန်းစစ် ရွှေမှော်ကြဲ၊ ချင်ပု နီပါးထည်မွမ်း၊ ရွှေ မြူတာ ဗိတာန်ရွှေညောင်ရှက်ဆွဲခြေ ဖ အိပ်ရာဝတ်လဲ စားပွဲ ထင်းမီး ရင်းစန္ဒား ယမား ရွှေမြူတာ ငွေမြူတာ၊ ရွှေပချပ် ငွေပချပ် ငှက်ချေးခံ မီးလောင်တိုက်နှင့် သင်္ဂြိုဟ်ရိုးရှိသည်။[4]

ပုဂံမြို့သူကြီးတို့ လက်အောက်ခံ တန်းခေါင်းတို့ သင်္ဂြိုဟ်ထုံးမှာလည်း တယောက်နှင့် တယောက် မတူချေ။ ဤတွင် တောင်ဖက်တန်းခေါင်းတို့ သင်္ဂြိုဟ်ထုံးကို တင်ပြပါမည်။

ကျွန်တော်ခေါင်းသူကြီးသေလွန်လျှင် တလားဗိတာန် နီပါးထည် ကမတ်ကုန် ဘောင်ရွှေပြည့်၊ ငှက်ချေးခံ မီးလောင်တိုက် ပျထံချည်သွားစကျွားယပ် ၁ ခမောက်ထုတ် လျှောက်တင် မယင်းအထွတ် ရွှေထည့်မိယပ်ဖောင်နှင့် သင်္ဂြိုဟ်ရပါသည်။[5]

---

၁။ စလင်္ဂသူတိုက် ၁၁၄၅ ခု စစ်တန်း
၂။ ဝန်သိုမြို့ ၁၁၄၅ ခု စစ်တန်း
၃။ ဝန်သိုမြို့ ၁၁၄၅ ခု စစ်တန်း
၄။ ပုဂံမြို့ ၁၁၄၄ ခု စစ်တန်း
၅။ မသဂ ၃၃၊ ၁၊ ၄၀။

ရွှေမှူးတို့ သဂြိုဟ်ထုံးကို-

ရွှေမှူးအစီရင်တို့ သေလွန်လျှင် ပျဉ်ဖိုးချင်ပု အဖုံးအပိတ် ရွှေထည့်၍ မီးလောင်တိုက် ငှက်ချေးခံ စန္ဒားယမားနှင့် သဂြိုဟ်ရပါသည်။

ဟု ၁၁၂၆ ခု မော်ခွင် ၄ ရွာ စစ်တမ်း၌ ဆို၏။ စော်ဘွားတို့ သဂြိုဟ်ထုံးကို ဝန်သို ၁၁၂၅ ခု စစ်တမ်း၌-

စော်ဘွားတို့သေလွန်လျှင် ပျဉ်အဖုံးကမွတ် ရွှေအနီခံသတ် ပျဉ်ခုံ ချင်ပု ဗိတာန်ခြေဖြ ချောင်း၊ ရွှေမှူတာ၊ ငွေမှူတာ၊ ရွှေပချုပ်၊ ငွေပချုပ်၊ စန္ဒယမား မီးလောင်တိုက် ငှက်ချေးခံရေဇမတ်ကာနှင့် သဂြိုဟ်ရသည်။ ဘုရင်မင်းကလည်း အမှူးအကြီး ခန့်ထား၍ သဂြိုဟ်ပို့ရသည်။ အကူတော်ဖျင် သာလူ ပေထုပ်ပေးရသည်။

သဂြိုဟ်သူတို့မှာ ငွေ ၂၅ ဝ ဖျင် ၂ စုစီ ပေးရသည်ဟု တွေ့ရှိရ၏။ မြတောင်မြို့ စစ်တမ်းတွင် အသည်ကြီးတို့ သဂြိုဟ်ထုံးကိုလည်း-

အသည်ကြီးတို့ သေလျှင် မြောင်ကုန်းအဖုံးကမွတ် ရွှေထည့်မှူတာအိုး ၄ ငှက်ပျောပင် ၄ နှင့် သဂြိုဟ်ရသည်

ဟု ပါရှိလေသည်။

ကုန်းဘောင်ခေတ် စစ်တမ်းများတွင် ပါဝင်သည့် အချက်အလက်များကို နိဂုံးချုပ်အနေဖြင့် အကျဉ်းရုံးလျက် ပြန်လည် တင်ပြရလျှင် ရှေးဦးစွာ နယ်မြေ သမိုင်းများ ပါရှိပုံကို ဖော်ပြခဲ့၏။ ၎င်းနောက် မြို့ရွာအုပ်ချုပ်သူ အကြီးအကဲများဖြစ်သည့် မြို့သူကြီး၊ တိုက်သူကြီး၊ ရွာသူကြီး၊ ပြည်စိုး၊ စစ်သား၊ မြေတိုင်၊ ကျေးကိုင်၊ ရွှေမှူး၊ သံမှူး၊ ထောင်မှူး၊ တန်းခေါင်းတို့သည် ဒေသအလိုက် ကြီးစိုး စီရင်ကြပုံကို တင်ပြခဲ့၏။ ဤ အုပ်ချုပ်သူတို့တွင် မြို့သူကြီး၊ မြို့မြေတိုင်၊ ပြည်စိုး၊ စစ်သား ရွှေမှူးနှင့် သံမှူးတို့မှာ အရည်တူများ ဖြစ်ကြ၍ တိုက်သူကြီး၊ ရွာအများကို အုပ်ချုပ်သူ ပြည်စိုးနှင့် တန်းခေါင်းတို့မှာလည်း တတန်းတစားတည်း ဖြစ်ကြ၏။ ရွာသူကြီးနှင့် အရည်တူသူတို့ကား ရွာ့မြေတိုင်နှင့် ထောင်မှူးဖြစ်သည်။ သို့ရာတွင် အချို့ရွာများ၌ ရွာသူကြီးထက် အဆင့်အတန်း နိမ့်သော မြေတိုင် ရှိသေး၏။ ကျေးကိုင်ဆိုသည့် အရာထမ်းမှာမူ ရွာသူကြီး လက်အောက်ခံဖြစ်၍ ကျေးကိုင်ရှိသည့် ရွာများ၌ မြေတိုင်မရှိချေ။ ဤအကြီးအကဲတို့သည် မျိုးရိုး ရိုးရာအလိုက် အုပ်ချုပ် စီရင် ကြပေသည်။ အချို့ မြို့ရွာများတွင် ယောကျ်ားရိုးချည်းသော် ၎င်း မိန်းမရိုးချည်းသော်၎င်း အုပ်ချုပ်ကြသည်။ သို့ရာတွင် များသောအားဖြင့် မျိုးရိုး မှန်လျှင် ကျား မ-မ ရွေး ဆက်ခံသည်က များ၏။ အချို့ ရွာများတွင် အကြီးအကဲ တရိုး ထက်ပို၍လည်း ရှိကြသေးသည်။ ရိုးရာအလိုက် ဆက်ခံသည် ဆိုရာ၌လည်း အမြဲတစေ သားသမီးများ မဟုတ်ကြချေ။ သားသမီး အဆက်အခံ မရှိသော အခါ၎င်း၊ အခြား အကြောင်းများ ကြောင့်၎င်း၊ ညီ၊ တူ၊ ယောက်ဖ၊ သမက်စသည်တို့ ဆက်ခံသည်ကိုလည်း သတိပြုရပေဦးမည်။ အုပ်ချုပ်သူ သေလွန်မှ အရာခံ သားမြေး ဆက်ခံရသည်ချည်း မဟုတ်ပေ။ အုပ်ချုပ်သူ အိုမင်းခြင်း၊ ခန္ဓာကိုယ် ကျိုးပဲ့ခြင်း၊ နာမကျန်းရှိခြင်း၊ ရာထူးတိုးမြှင့် အသနားတော်မြတ်ခံရခြင်း၊ ရဟန်းပြုခြင်းများကြောင့်လည်း အရာလွှဲပြောင်း ပေးရသည့် အရာများကိုလည်း တွေ့ရှိရ၏။ အထက် မြန်မာပြည်တွင် ရိုးရာပြတ်လတ်၍ ရိုးဆက်ရာခံ မဟုတ်သူကို ခန့်ထားရပုံကို စစ်တမ်းတို့တွင် အနည်းငယ်သာ တွေ့ရှိရသော်လည်း အောက်မြန်မာပြည် ဟံသာဝတီ ၃၂ မြို့၊ မုတ္တမ ၃၂ မြို့များတွင်မူ

အရိုး သားမြေးမှန်သည့် သူကြီးကားနည်းလှ၏။ သူကြီးအရာကို ငွေကြေးဖြင့် ဝယ်ယူနိုင်ကြောင်းကိုလည်း တွေ့ရှိခဲ့၏။ အချို့သော စစ်တန်းတို့တွင် မြို့ရွာ အကြီးအကဲတို့၏ တာဝန်ဝတ္တရား၊ ပေးဆောင် ဆက်သွင်းရသည်များနှင့် စားကွက်စားလမ်းများကိုလည်း ဖော်ပြကြသည်။ စစ်တန်းများတွင် မပါမဖြစ်သည့် အချက်အလက်ကြီးကား နယ်မြေ အပိုင်းအခြားဖြစ်၏။ အချို့သော အကြီးအကဲတို့သည် မိမိတို့အုပ်ချုပ်စီရင်ရသည့် ကျေးရွာစာရင်းများကို ဖော်ပြတတ်၍ အချို့သည်လည်း မိမိတို့ စီရင်စုကျေးရွာများအား အခြားမြို့ရွာက စီရင်နေပုံကို စာရင်းနှင့်တကွ ဖော်ပြတတ်ပေသည်။

စစ်တန်းအများ၌ ၎င်းတို့နယ်မြေ အတွင်းရှိသည့် မြေရပ်များကို ဝတ်မြေ၊ မင်းမြေ၊ သူရဲမြေ၊ မြင်းမြေ၊ အစုအမှုထမ်းမြေ၊ သူကြီးမြေ စသဖြင့် ခွဲခြားဖော်ပြသေးသည်၊ ထိုမြေ အမျိုးမျိုးပေါ်တွင် ကောက်ခံသည့်အခွန်ကို 'မြေဆီ မြေခွန်' ဟုခုံ၍ ခေါ်ဝေါ်ပါသည်။ ယေဘုယျ အားဖြင့် မည်သည့် အခွန်အကောက်မဆို 'ဒသမဘာဂ' ဆယ်ခိုင့်တခိုင် ဖြစ်သည်ဟု ဆိုသော်ငြားလည်း အကယ်စင်စစ်မဟုတ်ပေ။ ဒေသအလိုက် မြေဆီသြဇာအလိုက် စိုက်ခင်းပျိုးခင်း မတူသည်နှင့်အမျှ အခွန်ကောက်ခံသည့် နေရာတွင်လည်း ကွဲပြားနေ၏။မြေဆီမြေခွန်သည်လည်း အမျိုးမျိုးရှိချေသည်။ ယခုကာလခေါ် လယ်ခွန်ကို သံမှုရင်း၊ အစွတ်၊ အခြောက်၊ လယ်ကျဲတယှဉ်းလုပ်၊ နွားတယှဉ်းလုပ်၊ပယ်ဖွဲ့ရေးရိုး၊ခြေကြောက်ရေးရိုး စသဖြင့် ခေါ်ဝေါ်၍ ၎င်းအပေါ် မည်မျှကောက်ခံရသည်ဟု ဖော်ပြလေ့ရှိသည်။ လယ်လုပ်သားတို့သည် ခွန်မအပြင် အပို၊ အကဲ၊ ကြီးစား၊ တိုင်စား၊ ရေးစား၊ ဆော်စား၊ ဆောင်စား၊ ကျီစိုးစား၊ ကြွက်စား၊ အသောင်းအဖျင်း စသည့် ပေးဆောင်ရသည့် ကြေးများလည်းရှိသည်။သို့ရာတွင် မည်မျှပင် ပေးရစေကာမူ လယ်လုပ်သားမှာ ၁၀၀ လျှင် ၇၀ ရာခိုင်နှုန်းအောက်မနည်း ကျန်မည်ဟု ခန့်မှန်းရ၏။ မြေဆီမြေခွန်တွင် ယာ၊တောင်ယာ စသည်များအပေါ် ကောက်ခံသည့် အခွန်များလည်း ပါဝင်သည်။ မြေလပ်ဒေသတွင် ထိုယာနှင့် တောင်ယာများတွင် နှမ်း၊ပဲ၊ ပြောင်း၊လူးဆပ်၊ ဝါစသဖြင့် စိုက်ပျိုးသည်။ ကိုင်းမူကား မြစ်ရိုးတလျှောက်နှင့် ချောင်းရိုးများပေါ်တွင် တည်ရှိလေရကား မြို့ရွာတိုင်း၌ ကိုင်းများမရှိချေ။ ကိုင်းများတွင် ဆေး၊ ကြက်သွန်၊ မဲနယ်၊ ပိုက်ဆံပင် စသဖြင့် ဒေသအလိုက် စိုက်ပျိုးကြသည်။ လယ်ယာ ကိုင်းကျွန်းများအကြောင်းကို ဆိုခဲ့ပြီး၍ မြေဆီမြေခွန် အပါအဝင်ဖြစ်သည့် ထန်း၊ ပေ၊ အုန်း၊ ကွမ်း၊ ကွမ်းသီး ဥယျာဉ်ခွန်များအကြောင်းကို တင်ပြခဲ့၏။ ထန်းနှင့်ပေမှာ မြေလပ်ဒေသတွင်သာ အပေါက်အရောက်များသဖြင့် ထန်းခွန်ကို သရောက်၊ စလေ၊ တလုပ်၊ ပုဂံစသည့် မြေလပ်မြို့ကျေးရွာများက ပေးဆောင်ရသည်။ ထန်းခွန်မှာ ငွေကြေးဖြင့်၎င်း ထန်းလျက်ဖြင့်၎င်း ပေးဆောင်ရ၏။ ပေပင်များအကြောင်းကို တောင်တွင်းကြီးနယ်မြေစစ်တန်းတွင်သာ တွေ့ရှိရ၍ ၎င်းတို့မှာ အခွန်မဆောင်ရသော်လည်း ပိဋကတ်တော်ရေးရန်ရှိသောအခါ ပေများပေးကြရ၏။ အုန်းနှင့်ကွမ်းသီးခွန်မှာ ဟံသာဝတီ၊ ပုသိမ်နှင့် မုတ္တမမြို့များတွင် တွေ့ရှိရပေသည်။

ရေဆီရေခွန်မှာ အင်းအိုင်ဆည်မြောင်း ကန်ချောင်း၊ မြစ်ရိုးတလျှောက်နှင့် သောင်များမှ ရရှိသည့် ရေဆီရေခွန်အကြောင်းကို စစ်တန်းအများ၌ တွေ့ရှိရ၏။ အသေးစိတ် ခွဲခြားပြောဆိုလျှင် အင်းခွန်၊ ဆည်ခွန်၊ ဆိပ်သောင်ခွန်၊ တံငါခွန် စသဖြင့်ဖြစ်၏။ ယင်းတို့သည်လည်း ဒေသအလိုက်

အနည်းအများရှိချေသည်။ မြေဆီမြေခွန်၊ ရေဆီ ရေခွန်များအပြင် တောထိုးမြက်ခတ်၊ ဖယောင်းခွန်၊ သစ်စေးခွန်၊ သစ်ခုတ်ခွန် စသည်များလည်း စစ်တမ်းများ၌ တွေ့ရှိရ၏။ ယင်းတို့သည် တောတောင်များမှ ရသည့်အခွန်အတုတ်ဖြစ်သည့် လုပ်ငန်းဆိုင်ရာ ပေးသွင်းရသည့် အခွန်များမှာ အိုးဖုတ်၊ ဆီကြိတ်၊ မဲနယ်လုပ်၊ ရက်ကန်းလုပ်၊ လှည်းလှေလုပ် လုပ်ငန်းဆိုင်ရာ အခွန်များ ပေတည်း။ ရွှေ၊ ငွေ၊ သံ၊ ဆားလုပ်ငန်းများကလည်း အခွန်ပေးဆောင်ကြရ၏။ ရွှေခွန်မှာ ယခု ကသာခရိုင်တွင်ရှိ ရှေးအခေါ် ကျီဝန် ဝန်စုမော်ဆယ်ရွာ၊ မော်ခွင် ၄ ရွာ၊ စက်တော၊ ဂိုတောင် စသည် ကျေးရွာများမှ ရွှေခွန်တော်ထမ်းသူတို့က ပေးကြရ၏။ ငွေခွန်ကား မုတ္တမ ၃၂ မြို့၊ ဟံသာဝတီ ၃၂ မြို့၊ တောင်ငူမြို့ကျေး၊ ပုဂံမြို့ကျေး၊ အကြေ ၉ ရွာ၊ အညာ ၉ ရွာ၊ ငသရောက်မြို့ကျေး စသည်တို့က ပေးဆောင်ကြရသည်။ သံခွန်မှာ ရမ္မာဝတီမြို့ စသည့် သံထွက်သည့်နေရာများက ပေးရသည်။ ဆားခွန်မှာ ဆားချက်သည်ဒေသများက ပေးရလေရာ ၎င်းတို့တွင် ဟံသာဝတီ ၃၂ မြို့၊ မုတ္တမ ၃၂ မြို့၊ ပုသိမ် ၃၂ မြို့၊ တွင်းသင်းတိုက် ဆားတုံရွာ စသည်တို့ အပါအဝင် ဖြစ်ပေသည်။ အချို့ဒေသများတွင် အခြားနေရာများ၌ မရှိသည့်အခွန်မျိုးရှိသည်။ ယင်းတို့ကား ကျွဲခေါင်းခွန်၊ ဆင်အစုခွန်၊ ကရင်မြေခွန်၊ ကုလားကိုခွန်၊ အိမ်သင့်ခွန်၊ နတ်ပသခွန် စသည်တို့ဖြစ်၏။ ကင်းခွန်သည် အမျိုးမျိုးရှိ၏။ ယင်းတို့တွင် နယ်ခြားကင်းခွန်များ ပါရှိသည်။ နယ်ခြား ကင်းများကလည်း အခွန်ထမ်းဆောင်ပုံမှာ တကင်းနှင့် တကင်း မတူကြချေ။ နယ်ခြားကင်းများမှာ မုတ္တမနှင့်ဇင်းမယ် အစပ်၊ မုတ္တမနှင့် ယိုးဒယားအစပ် စသည်တို့၌ ရှိသည်။ ရေကြောင်းလမ်းခရီးတွင်လည်း ရေကင်းများ ရှိသည်။ ဟံသာဝတီတွင် ရေကြောင်းမှ သီလဝါကင်း၊ မနေတက်ကင်း၊ မီးပြကင်းစသည်ဖြင့်၎င်း၊ ပုသိမ်မြို့တွင်ကင်း ၃ ကင်းရှိသည်ဟူ၍၎င်း တွေ့ရ၏။ သင်္ဘောဆိပ် မြို့များတွင် နိုင်ငံခြားမှ သင်္ဘောများ ဆိုက်ရောက်လျှင် ဆောင်ရွက်ရသည့် ထုံးတမ်းစဉ်လာ ပေးဆောင်ရသည့် အခွန်များလည်း ရှိချေသေး၏။ အချို့သောမြို့ရွာမှာ အသန့်စားတော်ဆက်နှင့် အသုံးတော်ခံပစ္စည်းများ နှစ်စဉ်ပို့ဆက်ကြရသည်။ ဤကဲ့သို့ အများအပြား ပို့ရသည့်မြို့များမှာ မုတ္တမနှင့် တောင်ငူဖြစ်သည်။

စစ်တမ်းအများတွင် တွေ့ရှိသည့် အခွန်များ၌ 'ဆိပ်တည်ပွဲကင်းကူးတို့'သည် အပါအဝင် ဖြစ်၏။ ဆိပ်ဆိုသည်ကား မြစ်ဆိပ်၌ ကောက်သည့်အခွန်ဖြစ်၍၊ တည်နှင့်ပွဲမှာ ရောင်းဝယ်ခွန်များဖြစ်သည်။ ကင်းခွန်အကြောင်းကို မုတ္တမမြို့အဝင် ကျောက်မော်မြို့တွင်သာ တွေ့ရသေးသည်။ ကူးတို့ကား မြစ်ချောင်းအနီး မြို့ရွာများ၌ ရှိ၏။ ကူးတို့ခမှာ တနေရာနှင့် တနေရာ မတူချေ။ ကျွန်ခေါင်း၊ ကျွဲမြီး၊ နွားမြီး၊ ကျွန်ရောင်း၊ ကျွဲရောင်းခွန် စသည့် အရောင်းအဝယ်ပေါ် ကောက်ခံသည့် အခွန်များလည်းရှိ၏။ ယင်းတို့ကား မြို့ရွာတိုင်း၌လည်းမရှိ။ ရှိသည့်အခါတွင်လည်း ဒေသအလိုက် ကွဲပြားကြသည်။ အပေါ်ဝန်၊ အကောက်အစား တရာ ကွမ်းဖိုးဆိုသည့် အရာများကိုလည်း စစ်တမ်းများ၌ တွေ့ရှိရ၏။ အပေါ်ဝန်နှင့် အကောက်အစား အဓိပ္ပာယ်ကို အတိအကျ မသိရသေးပါ။ တရားကွမ်းဖိုးမှာ တရားမှုတန်ဖိုး၏ ဆယ်ခိုင့်တခိုင် ဖြစ်၏။ ကျွဲဝင်နွားဝင် ဆင်လဲမြင်းမတ်ဟူသည့် အရာများ စစ်တမ်းများ၌ တွေ့ရသည်။ ယင်းတို့သည်ကား တရပ်တကျေးက ရောက်ပေါက်လာသော ကျွဲနွား ဆင်မြင်းများဖြစ်ကြလျက် အရှင်မပေါ်ပေါက်လျှင် ရောင်းချ၍ မင်းဘဏ္ဍာအဖို့ ပေးသွင်းရသည်။ ရပ်သူရွာသားတို့သည် မိမိတို့

ကျွဲနွားများ သေသောအခါ မြို့သူကြီး၊ ပြည်စိုး၊ မြေတိုင်၊ ရွာသူကြီး၊ ကျေးကိုင် စသည်တို့ကို ဝေစု ခွဲပေးကြရသေးသည်။ ဆင်သေသောအခါတွင်မူ အစွယ်ကို အရာတော်အဖြစ် ဆက်သွင်းရသည်။ ပြည်သူပြည်သားတို့သည် စစ်ရေးမက်ရေး ပေါ် ထွက်သောအခါ လိုက်ပါ ထမ်းရွက် ကြရသည်။ ယင်းသည်ကို စစ်လက်နက်ကိုင်၊ စစ်သူရင်း လေး ကိုင် စသည်ဖြင့် ခေါ်ဝေါ်သည်။ ထို့အပြင် ရာဇဌာနီမှ မင်းမိန့်ဖြင့်၎င်း၊ လွှတ်တော်မှ ညွှန်ကြား သဖြင့်၎င်း၊ ဆောင်ရွက်ရသည်များကို မင်းမှု မင်းခင်းခေါ်သည်။ ယင်းသည်တို့ကို မြို့ရွာ အကြီး အကဲတို့က အဆင့်ဆင့် ခွဲခန့်ကြရ၏။ အသည် လူတန်းစားနှင့် ဆိုင်သည့်အကြောင်းများလည်း အချို့စစ်တန်းများ၌ အသည်တိုင်း၊အသည်ကျိပ်စု၊ တိုင်ကြေးတိုင်ငွေ၊ တိုင်သူရင်း မင်းမှု စသည်ဖြင့် တွေ့ရှိရ၏။ ဘုရင်မင်းမြတ်သည် ပုဂ္ဂိုလ် တဦး တယောက်ကို စားကျေးမြို့ရွာပေးလျှင် ၎င်းမြို့ရွာ နေ လူတို့ ဆောင်ရွက်လုပ်ကိုင် ပေးဆောင်ရသည့် တာဝန်များလည်း ရှိသေးသည်။ ယင်းသည်ကို ရွာစားပေး၊ ဝင်းပြင်ခြံလုပ်၊ လက်ဖက်၎စသည်ဖြင့် ဖော်ပြ၏။ အချို့စစ်တန်းများ၌ အိမ်ခြေစာရင်း၊ အပြောင်းအရွှေ့ အသေအပျောက်စာရင်း အစု အမှုထမ်း စာရင်းများလည်း ပါတတ်ပေသည်။

စစ်တန်းများ၌ ရပ်ရွာ အကြီးအကဲများ၏ ဆောင်ရွက်ချက်များကိုဖော်ပြရ၏။ ၎င်းတို့သည် အရာဆက်ခံကြသောအခါ အထက်သို့ လက် ဆောင်များ ပေးကြရသည့်ပြင် နှစ်စဉ် ဝါကျွတ် သော အခါ ဘုရင်မင်းမြတ်ကို ကန်တော့ လက် ဆောင် ဆက်ကြရ၏။ ယင်းတို့သည်လည်း ရပ်ရွာ ဒေသအလိုက်၊ ရာထူးနိမ့်မြင့်အလိုက် ကွဲပြား ကြပေသည်။ တောင်ငူမြို့ အရာထမ်းအမှုထမ်း များကမူ ကန်တော့လက်ဆောင်များအပြင် နှစ်စဉ်ကိုယ်စားတော်စား ဘုရားပွဲများနှင့် အလှူ တော်များပြုလုပ်ကြရ၏။ ဘုရင်မင်းမြတ်က မြို့ရွာ အကြီးအကဲတို့အား ၎င်းတို့နှင့် ထိုက်တန်ရာ အဆောင်အရွက် အစီးအနင်း၊ ဝင်းအိမ်စသည်ကို ပေးသည်။ထိုအကြီးအကဲနှင့်မိဘသားမယားတို့ကို အစဉ်အလာ သင်္ဂြိုဟ်မြဲထုံးစံများလည်း ရှိသည်။ ဤအရာ၌လည်း ရာထူး နိမ့်မြင့်အလိုက်၊ ဒေသ အလိုက်ခြားနားကြပုံကို အထက်တွင်ဖော်ပြခဲ့ပြီး လေပြီ။

စစ်တန်းများအသုံးဝင်ပုံကို အနည်းငယ်တင်ပြ လိုပါသည်။ နယ်တနယ်၏သမိုင်း သို့မဟုတ် အုပ်ချုပ်ပုံကို လေ့လာလိုလျှင် နယ်မြေအပိုင်း အခြား၊ အကြီးအကဲတို့၏အရိုးအဆက်၊ လုပ်ငန်း တာဝန်၊ စားကွက်စားလမ်း၊ နယ်၏စိုက်ခင်း ပျိုးခင်း လုပ်ငန်းဆောင်တာ၊ ပေးဆောင်ရသည့် အခွန်အတုတ်၊ ဓလေ့ထုံးစံ စသဖြင့်ပါဝင်သည့် စစ်တန်းများကို အသုံးပြုရပေမည်။ စီးပွားရေး အခြေအနေကို လေ့လာသူတို့သည်လည်း ရှေးအခါ ကမြန်မာနိုင်ငံ၏စီးပွားရေးမည်ကဲ့သို့ရှိသည်ကိုသိရှိ ရန် ယင်းစစ်တန်းများကိုပင် လေ့လာကြရပေမည်။ ပထဝီသုတေသီတို့မှာမူ ရှေးမြို့ နယ် နိမိတ်များကို လေ့လာရာ၌၎င်း၊ ရှေးမြို့ဟောင်းရွာဟောင်းနေရာ များကို မြေပုံ၌တင်ပြရာ၌၎င်း စစ်တန်းတို့သည် များစွာအထောက်အကူပြုနိုင်ပေသည်။ ရှေးသူ ဟောင်းတို့၏ ဓလေ့ထုံးစံများကို လေ့လာ လိုက်စားသူတို့မှာလည်း စစ်တန်းများ၌ပါရှိသည့် အဆောင်အရွက် အစီးအနင်း၊ အိမ်ပုံများ၊ သင်္ဂြိုဟ်ထုံးများက အကျိုးပြုနိုင်ပါမည်။ နယ်မြေ အပိုင်းအခြားကိုဖော်ပြရာ၌ ၎င်းရပ်ရွာတွင်ရှိသည့် သစ်ပင်များကို နယ်နိမိတ်ပြုတတ်ရာ ထိုအရပ်တွင် ပေါက်ရောက်သည့် အပင်များ အကြောင်းကို သိနိုင်သဖြင့် ရုက္ခဗေဒဆိုင်ရာ အထောက်အထား

များလည်း ပါရှိသည်ဟုဆိုရပေမည်။ ရှေးဝေါဟာရများကို ရှာဖွေလေ့လာသူများအဖို့ အုပ်ချုပ်ရေးဆိုင်ရာ၊ ကြီးစိုးစီရင်၊ စီးကြီးစီရင်၊ ကြီးစိုးတိုင်ဆော်၊ အရှိုးသားမြေး၊ ရှိုးဆက်ရာခံ၊ အရှိုးပြတ်လပ်၊ မှူးကြီးစီရင်၊ ဖွားစားစီရင်၊ တိုင်ထောင်တိုင်ဆော်၊ တိုက်နက်၊ စစ်လက်နက်ကိုင်၊ မင်းမှုမင်းခင်း၊ ရာဇဝတ်ခိုးသေး မီးပွားစသည့် ဝေါဟာရများ၊ လုပ်ငန်းဆိုင်ရာ ရောင်းတန်းယာဉ်တစင်း၊ မဲအိုးတလုံး၊ တောတိုးမြက်ခင်း၊ သစ်ရင်းဝါးရင်း စသည့် ဝေါဟာရများ၊ ပစ္စည်း အခေါ် အဝေါ် များဖြစ်သည့် ပိုထန်းလျက်၊ ဖြူဆုပ် ထန်းလျက်၊ ခပေါင်းစေ့ထန်းလျက်၊ မန် ကျ ည်း ကွေး ထန်းလျက်၊ ထန်းလျက်ကြမ်း၊ နွားလျှာထန်းလျက် စသဖြင့် ထန်းလျက်အမည်များ၊ တံငါကိရိယာများဖြစ်သည့် ပိုက်ခြေထိုး၊ ခြေလှည့်ပိုက်၊ ဦးလွှာကွန်၊ စုံကွန်ကြီး၊ ပိုက်တန်း၊ တပယ်ပိုက်စသည့် အမည်များကို တွေ့ရှိနိုင်ပါမည်။ ထို့ ကြောင့် ခြုံ၍ကြည့်လိုက်လျှင် စစ်တန်းများသည် မြန်မာပြည်၏သမိုင်း၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ ပထဝီ၊ လူနေမှု၊ ရက္ခဗေဒ၊ ရှေးဝေါဟာရ စသည်များကို လေ့လာသုတေသနပြုရာတွင် အ သုံး ပြု အပ်သည့် အထောက်အထားများ ဖြစ်ကြောင်း တင်ပြရင်း နိဂုံးချုပ်ပါသည်။